ကြေးမုံ

The Mirror Daily

၁၉၅၇ ခေါ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

ချမ်းသာခြင်းအကြောင်းတရား

ကောင်းမှုကို တစ်ကြိမ်တစ်ခါပြုပြီးသော်လည်း ထပ်ကာ ထပ်ကာ ပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်သောကြောင့်တည်း။ ကောင်းမှုကို အခါမလပ် ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။

ပါပဝဂ်(၉မှပဒ-၁၁၀)

၁၃၇၈ ခုနှစ် ဝါခေါင်လကွယ်၊ ကြာသပတေးနေ့။ 1, Thursday September 2016 (စဇ၇၁)

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံကို ဝုဏ်ပြုပါ၏

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံ ဖွင့်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၃၁

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) (MICC – 2) တွင် ကျင်းပသည်။ **(အပေါ်ပုံ)**

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ **စာမျက်နှာ ၉ ကော်လံ ၁ သို့☆**

၂၀၁၅ ရွေးကောက်ပွဲအပြီးဖြစ်လာတဲ့ အစိုးရဟာ နိုင်ငံသားများ မျှော်လင့်ခဲ့ကြသည့် ငြိမ်းချမ်းရေးကို ရယူပေးဖို့ ဆုံးဖြတ်ခဲ့ မအောင်မြင်ခဲ့တဲ့ သမိုင်းဖြစ်စဉ်တွေကို သင်ခန်းစာယူပြီး အားလုံးစုပေါင်းကာ သမိုင်းသစ်ကို ရေးသားကြမည်

နေပြည်တော် ဩဂုတ် ၃၁

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြောကြားသည့် အဖွင့်မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ယနေ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံညီလာခံဖွင့်ပွဲအခမ်းအနားကို ကြွရောက်လာကြတဲ့ ဧည့်သည်တော်များ၊ ကိုယ်စားလှယ်များနဲ့တကွ၊ ယခုလို အချိန်အခါမှာ ကျွန်မတို့နဲ့ စိတ်အားဖြင့် အတူရှိနေသူများ အားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ၊ ကောင်းကျိုးလိုရာဆန္ဒအဝဝနဲ့ ပြည့်စုံကြပါစေလို့ ပဏာမအားဖြင့် ဆုတောင်းမေတ္တာပို့သပါတယ်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့❖**

(၂၁) ရာစု ပင်လုံညီလာခံမှသည်...

ယနေ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ စတင်သည်။ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကြီးတစ်ခုအဖြစ် ငြိမ်းချမ်းရေးစိတ်ဓာတ်ကိုအခြေခံသည့် နိုင်ငံရေးဆွေးနွေးပွဲကြီးတစ်ခုအဖြစ် ပေါ်ထွန်းလာခဲ့ပြီဖြစ်ပါသည်။ ပြည်ထောင်စုတိုင်းရင်းသား ပြည်သူလူထုအားလုံး မျှော်လင့်ထားသော စံနှုန်းများဖြင့် မကိုက်ညီ မပြည့်စုံမှုများ ရှိနေနိုင်ကောင်းရှိနေနိုင်သည့် အခြေအနေဖြစ်သော်လည်း သမိုင်းမော်ကွန်းတင်ရမည့် ညီလာခံကြီးတစ်ခုအဖြစ် ပေါ်ထွန်းလာခဲ့ပြီဟုမူ ဆိုနိုင်ပြီ ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး ဆိုသည်က မြန်မာပြည်ထဲရှိ ပြည်သူလူထုအားလုံးသာမက၊ နိုင်ငံတကာကမိတ်ဆွေစစ်နိုင်ငံများနှင့် ကမ္ဘာ့ပြည်သူအားလုံးတို့ကပါ အမျှော်လင့်ကြီးမျှော်လင့်နေကြသည့် ရည်မှန်းချက်ပန်းတိုင်ကြီးတစ်ခု ဖြစ်ပါသည်။

ငြိမ်းချမ်းရေးကို မမြတ်နိုးသူ မည်သူရှိမည်နည်း။

စစ်ကို လိုလားသူ မည်သူရှိမည်နည်း။

ပြည်သူလူထုအများစုကြီးကမူ စစ်ကိုမလိုလား၊ ငြိမ်းချမ်းရေးကိုသာ တောင့်တနေကြသည်မှာ အသေအချာ။ ငြိမ်းချမ်းရေး အိပ်မက်များကို နှစ်ပေါင်းများစွာ မက်နေခဲ့ကြရသည်မှာ အခိုင်အမာ။

စစ်ရပ်စဲရေးအတွက်၊ ပြီးတော့ ငြိမ်းချမ်းရေး ပေါ်ထွက်လာရေး ဆိုသည့်သစ္စာတရားအတွက် အသက်ပေးခဲ့ရသူများ မည်မျှလောက်များပြားခဲ့ပြီနည်း။

ပြည်တွင်းငြိမ်းချမ်းရေးအတွက် အားကြိုးမာန်တက်ဆောင်ရွက်ခဲ့ကြရင်း ငြိမ်းချမ်းရေးအလင်းရောင်ကို တစ်စွန်းတစ်စမျှ မမြင်လိုက်ရဘဲ မျှော်လင့်ချက်များကို ဖက်တွယ်ရင်း ဘဝကူးခဲ့ရရှာသော အဘိုးအဘွားအမိအဖတို့ မည်မျှလောက်ရှိခဲ့ပြီနည်း။

ယနေ့အချိန်တွင်မတော့ မျှော်လင့်ချက်အလင်းရောင်များ ပြူထွက်စပြုလာခဲ့ပြီ။ ယင်း မျှော်လင့်ချက်အလင်းရောင်လေးမှတစ်ဆင့် မြန်မာတစ်နိုင်ငံလုံးသို့ ဖြာကျလွှမ်းခြုံသွားမည့် ငြိမ်းချမ်းရေး အာဝါသတစ်ခု ပေါ်ပေါက်လာဖို့ ညီလာခံခန်းမကြီးထဲမှ ကိုယ်စားလှယ်တော်များအားလုံး စေတနာမှန်မှန်ကန်ကန်ထားရင်း အကောင်အထည်ဖော်နေကြပြီဟု ထင်မြင်ပါသည်။

မတူညီသည့် သဘောထားများ၊ အမြင်များ ရှိနေဦးမည်ဆိုတာ နားလည်ရင်း၊ ပြည်သူလူထု ကောင်းကျိုးစီးပွားအတွက်ဆိုသည့် ဦးတည်ချက်ကို ပိုင်ပိုင်ချရင်း အမြော်အမြင်ကြီးကြီး၊ ပညာဉာဏ်မြင့်မြင့်တို့ဖြင့် ဆောင်ရွက်ကြမည်ဟု ပြည်သူအပေါင်းက မျှော်လင့် နေကြပြီဖြစ်ပါသည်။

နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သော ပြည်တွင်းစစ်မီးဆိုသည်က နိုင်ငံရေးပြဿနာများကို စစ်ရေးသက်သက်ဖြင့် ဖြေရှင်းဖို့ ကြိုးစားခဲ့ကြခြင်းက အစပြုခဲ့တာဖြစ်ပါသည်။ ယနေ့ ပြည်သူတို့၏ မဲပေးရွေးချယ်မှုဖြင့် အာဏာနှင့်လုပ်ပိုင်ခွင့်များရရှိလာသော ပြည်သူ့အစိုးရအနေဖြင့် စစ်ပွဲများ၏ အရင်းခံအကြောင်းတရားဖြစ်ခဲ့သည့် နိုင်ငံရေးပြဿနာများကို ဒုံးတိုက်ဆွေးနွေး အဖြေရှာကာ ပြေလည်အောင် ဆွေးနွေးသွားနိုင်လိမ့်မည်ဟုလည်း ပြည်သူတို့က ယုံကြည်နေကြတာ ဖြစ်ပါသည်။

စစ်ရပ်စဲရေးက စရတာဖြစ်သည့်အတွက် လက်နက်များကိုင်စွဲထားသူများအားလုံး၏ ငြိမ်းချမ်းရေးအပေါ် ထားရှိသည့် စေတနာမှန်က အထူးအရေးကြီးပါလိမ့်မည်။ စေတနာမှန်၊ သဘောထားမှန်ဖြစ်မှသာလျှင် ငြိမ်းချမ်းရေးအမှန်ကို ရရှိနိုင်မည်ဆိုသည်ကိုလည်း အင်အားစုများအားလုံး သိရှိယုံကြည်ကာ နှလုံးသည်းပွတ်တွင်းသို့ ထည့်သွင်းမွေးမြူထားကြလိမ့်မည်ဟုလည်း ပြည်သူတို့က မျှော်လင့်အားထားနေကြပါသည်။

ယနေ့ (၂၁) ရာစု ပင်လုံညီလာခံကြီးက လိုအပ်ချက်များရှိနေပါလိမ့်ဦးမည်။ လက်မှတ်မထိုးရသေးသော အဖွဲ့အချို့ရှိနေသေးသည့်အနေအထားမျိုးတွင် ထိုအဖွဲ့များအားလုံး ပါဝင်လာဖို့ ညီလာခံတွင်း ရောက်ရှိနေကြသော အင်အားစုအားလုံးက ကြိုးပမ်းနိုင်ကြမည်ဟုလည်း ပြည်သူတို့က ယုံကြည်အားထားနေပါသည်။

ပြည်သူတို့၏ ငြိမ်းချမ်းရေးမြတ်နိုးတောင့်တမှုကို အခြေခံကာ အင်အားစုအားလုံးတို့သည် တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ တစ်ဦးနှင့်တစ်ဦး လေးစားမှု၊ တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုတို့ကို တည်ဆောက်ရင်း ယနေ့ ညီလာခံကြီးမှတစ်ဆင့် ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး ပေါ်ထွန်းရေးတို့ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ကြပါစေသတည်း။ ။

ချောက်မြို့နယ်၌ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ဘုရားစေတီပုထိုးများ ပြင်ဆင်မွမ်းမံရန် လိုအပ်

ချောက် ဩဂုတ် ၃၁

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ ဩဂုတ် ၂၄ ရက် ညနေ ၅ နာရီ ၄ မိနစ်က အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် ဒေသခံပြည်သူများ ယုံကြည်ကိုးကွယ်ရာဖြစ်၍ နိုင်ငံခြားသားဧည့်သည်များပါ လာရောက်ဖူးမြော်လေ့ရှိသော ဥယျာဉ်အုပ်စု ဥယျာဉ်ကျေးရွာ(အရှေ့)ဘက်ရွာရှိ ရှင်ပင်စာကြိုလှုဘုရားပရိဝုဏ်အတွင်းရှိ ခိုမင်းဘုရား ကြာမှောက်ကြာလှန်အထက်ပြတ်၍ ထီးတော်မြေခခြင်း၊ ပရိဝုဏ်အတွင်းရှိ ကြာပျူဝတီဘုရား ကွမ်းတောင်အထက်ပြတ်၍ စေတီလုံးအနောက်တောင်ဘက်သို့ ရွှေ့လျားခြင်း၊ နက္ခတ်တာရာရုပ်စုံတန်ဆောင်း၊ အထက်မုခ်ဦးပန်းနှင့် ဘေးပန်းတောင်ကနုတ်ပန်းများ ပျက်စီးခြင်း၊ အထက်ပစ္စယာမြောက်ဘက်မုခ်ပေါက် အက်ကွဲယိုင်နဲ့ခြင်း၊ ရှင်ပင်စာကြိုလှုဘုရားပရိဝုဏ်အတွင်းရှိ ဝေဠုဝတီဘုရား ကြာမှောက်ကြာလှန်ကွဲအက်ခြင်း၊ ရှင်ပင်စာကြိုလှုဘုရား ကွမ်းတောင်အထက်ပျက်စီး၍ စိန်ဖူးတော်စောင်းခြင်း၊ ဥယျာဉ်အုပ်စု အုန်းဘွဲ့တောကျေးရွာ ရှင်ပင်ချမ်းသာမြတ်စွာဘုရား ကွမ်းတောင်အောက်စေတီလုံး အက်ကွဲခြင်းများဖြစ်ခဲ့ရာ အဆိုပါ ပျက်စီးမှုများအား ဒေသခံပြည်သူများအနေဖြင့် ပြင်ဆင်မှုများ ပြုလုပ်လိုကြောင်း တာဝန်ရှိသူ နယ်မြေအုပ်ချုပ်ရေးမှူး ဦးထွန်းဇော်ဦးနှင့် ရှင်ပင်စာကြိုလှုဘုရား ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစံပေါ၏ ပြောကြားချက်အရ သိရသည်။

ဝင်းအိမ်မွန်(ပြန်/ဆက်)

စာရေးဆရာကြီး လင်းယုန်သစ်လွင် ကွယ်လွန်ခြင်း(၂၃)နှစ်ပြည့်အမှတ်တရ ကျောင်းဆောင်သစ် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်

ညောင်တုန်း ဩဂုတ် ၃၁

ညောင်တုန်းမြို့၌ အမျိုးသားစာပေဆုရ စာရေးဆရာကြီး လင်းယုန်သစ်လွင် (ညောင်တုန်းမြို့သား) ကွယ်လွန်ခြင်း(၂၃)နှစ်ပြည့်အမှတ်တရ မူလတန်းကျောင်း ဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဩဂုတ် ၂၈ ရက်က အမှတ်(၁) အမက ကျွန်းထိပ်ပိုင်းကျောင်း၌ ကျင်းပသည်။

မူလတန်း ကျောင်းဆောင်သစ်ကမ္ဘည်းကျောက်စာတိုင်အား မြို့နယ်ပညာရေးမှူး ဒေါ်ချိုချို၊ ကာတွန်းကြည်ဝင်းနှင့် ကာတွန်းနန္ဒာမိုးကြယ်တို့က အမွေးနုံ့သာရည်များ ပက်ဖျန်းကာ ဖွင့်လှစ်ပေးကြပြီး ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ကာတွန်းကြည်ဝင်းက မြို့နယ်ပညာရေးမှူး ဒေါ်ချိုချို(လက်ထောက်ညွှန်ကြားရေးမှူး)ထံသို့ လွှဲပြောင်းပေးအပ်သည်။

ကျောင်းဆောင်သစ်သည် အလျား ၃၅ ပေ၊ အနံ ပေ ၃၀ RC ကွန်ကရစ်တစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး ကျပ်သိန်း ၁၅၀ ကျော်ကုန်ကျသည်။ အဆိုပါကျောင်းဆောင်သစ်ကို ဆရာကြီး၏(၂၃)နှစ်ပြည့် အမှတ်တရအဖြစ် အမျိုးသားစာပေဆုရ လင်းယုန်သစ်လွင်၏ စာပေထိန်းသိမ်းရေးကော်မတီ၊ အောင်ဆန်းမော်ကွန်းမဂ္ဂဇင်း ဖြစ်မြောက်ရေးကော်မတီနှင့် စေတနာရှင်များစုပေါင်း၍ ဆရာကြီး၏ ဇာတိမြို့တွင် ဆောက်လုပ်လျှုဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

ဝင်းမြင့်ကျော်(ညောင်တုန်း)

ပွဲတော်ဝင် ဆင်ပြိုမို့

❖ ကြည့်လိုက်စမ်း အို အဆွေ
တို့ပြည်ရှာ လမ်းတစ်လျှောက်
ထောက်ခံပွဲတွေ။
နွဲ့ကြမယ်ဟေ
လာပါလေ ပေါင်းဖော်တို့။
နစ်ဆယ့်တစ်ရာစု
ဒုတိယပင်လုံ အရိပ်မှာ
ဂုဏ်သိက္ခာ ဟိတ်ဖြာကဲ
ပွဲတော်ဝင်မို့။

❖ ရှုလိုက်စမ်း အကြည့်တော်
တို့မြေဟာ တို့အချစ်တွေနဲ့
ခေတ်သစ်ပုံဖော်။
သူလည်းပျော်
ကိုယ်သော် ရှင်လန်း။
ထာဝရ ငြိမ်းချမ်းရေးဆီ
သွေးသစ်တည် သားချင်းပေါင်းစုံ
မဟောင်းပုံ သက်သေသစ်တွေနဲ့
ချစ်ပွဲဝင်ခန်း။

❖ ယောက်ဖရေ
နောက်ကျနေမယ်နော့။
စည်တော်သံကြား
နန်းတံခါး ပွင့်နေသားကွယ်
သွားလမ်းသာပေါ့
လာလမ်းဖြောင့်ပေါ့။ ။

စိုးမြင့်သန်းမောင်(စာပေပိမာန်)



အမျိုးသမီးများ၏ ဘဝမြှင့်တင်ရေး အိမ်တွင်းမှုသင်တန်းပေး

မင်းတပ် ဩဂုတ် ၃၁

မြန်မာနိုင်ငံအတွင်းရှိ အမျိုးသမီးများဘဝ မြှင့်တင်နိုင်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှုသက်မွေးပညာသင်တန်းကျောင်း မင်းတပ်မြို့၏ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၃၉)၊ အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ် (၃၄) သင်တန်းများ ဖွင့်ပွဲကို ဩဂုတ် ၂၉ ရက်က ကျင်းပသည်။

ဖွင့်ပွဲတွင် မင်းတပ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချိုက အဖွင့်အမှာစကား ပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်မြရိုက သင်တန်းအချက်အလက်များကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ၊ ဆရာမများ၊ သင်တန်းသူများ စုစုပေါင်း ၁၀၀ ကျော်တက်ရောက်ပြီး သင်တန်းသူ မရှင်းအွယ်က "ကျွန်မသိရသလောက်တော့ အိမ်တွင်းမှုသင်တန်းကို ၂၀၁၄ ခုနှစ်ကစ၍ ဖွင့်လာတာ သင်တန်းသူ ၁၅၆၂ ဦး မွေးထုတ်ပေးပြီး ၂၇၇ ဦးကတော့ ဒီပညာနဲ့ အသက်မွေးဝမ်းကျောင်းပြုနေကြပြီး ကျွန်မကတော့ အတတ်ပညာမဲ့စွာ ရွှေ့ပြောင်းတောင်ယာပဲလုပ်နေရာက ယခုတော့ အရိပ်အောက်မှာ ကိုယ့်အတတ်ပညာနဲ့ ရပ်တည်ရတော့မှာမို့ ဝမ်းသာမိပါတယ်" ဟု ပြောသည်။

(ခရိုင်မြန်/ဆက်)

ရောင်လမ်း
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ခင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလွဲသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အယ်ဒီတာ်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလွင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလွဲ

ပုံနှိပ်မြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)မြင့်
ကြေးရုံသတင်းစာတိုက်က ထုတ်ဝေသည်။

ရောင်လမ်း Mirror
၁၉၉၅ ခုနှစ် ဇန်နဝါရီ ၁၆ တွင် စတင်ထုတ်ဝေထောင်းသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆-၃၆၁၂၆၆၊ စာတည်းအဖွဲ့ ၀၆-၃၆၁၂၂၈၊ ၀၆-၃၆၁၃၃၀၊ ဖက်စ် ၀၆-၃၆၁၃၃၀
ရန်ကုန်မုံရွာ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ ဒီဇိုင်/ဌေးရောင်း ၀၁-၂၉၁၄၇၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၀၊ ဖက်စ် ၀၁-၂၀၃၃၅၅

ကြေးမုံ

ကုလသမဂ္ဂနှင့် ပူးပေါင်းလက်တွဲကာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် ဩဂုတ် ၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံစဉ် မစ္စတာဘန်ကီမွန်းက မြန်မာနိုင်ငံတွင် လက်ရှိ ကျင်းပလျက်ရှိသည့် (၂၁)ရာစု ပင်လုံညီလာခံကြီးကို အောင်မြင်စွာ ဆွေးနွေးဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်းပြောကြားခဲ့ပြီး မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ၊ အာဂျင်တီ ၂၀၃၀ အရ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂနှင့်ပူးပေါင်းလက်တွဲကာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးကိစ္စရပ်များ၊ Climate Changed Agreement (Cop.21) တွင် လက်မှတ်ရေးထိုးပြီးဖြစ်သည့် မြန်မာနိုင်ငံအတွက် ဆက်လက်လုပ်ဆောင်ရန် ကျန်ရှိနေသေးသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားရန် ကိစ္စရပ်များအပေါ် ရင်းနှီးစွာဆွေးနွေးကြသည်။

တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးသူရဦးအောင်ကို၊ ဦးသိန်းဆွေ၊ ဦးကျော်ဝင်း၊ ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့်အတူ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဗျေနမ်ဘီးယားနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၃၁

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းတို့သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။**(ဝဲပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတိခွန်မြတ်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ လွှတ်တော်ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသော ဦးသိန်းဆွေ၊ ဦးမင်းဦး၊ ကော်မတီအဖွဲ့ဝင် ဦးစောဗစ်တာခလိုက်၊ ဒေါ်နီရွှေလျန်းနှင့် လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြော

နေပြည်တော် ဩဂုတ် ၃၁

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ရဲချုပ်၏ ညွှန်ကြားချက်အရ နေပြည်တော်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ဒုတပ်ဖွဲ့မှူး ရဲမှူးကြီးလေးစိုးက အနီးကပ်ကြီးကြပ်လျက် ပုဗ္ဗသီရိမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဌေးအောင်နှင့် တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၃၀ ရက်နံနက် ၉ နာရီခွဲက မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် ပုဗ္ဗသီရိမြို့နယ် အတွင်းရှိ ကျည်တောင်းကန်အထက၊ အထက(၃)၊ အောင်သာယာမူလတန်းလွန်ကျောင်းနှင့် အေးမြင့်သာယာမူလတန်းလွန်ကျောင်းများသို့ မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုအန္တရာယ်၊ ယာဉ်အန္တရာယ် ကင်းရှင်းစေရေးတို့ကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

ဆရာမင်း(ရှုပဗေဒ)

တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုအဆင့်ပွဲစဉ်များကျင်းပ

နေပြည်တော် ဩဂုတ် ၃၁

တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းများ၌ ကျင်းပလျက်ရှိသည်။

ယနေ့ညနေ ၃ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း အမှတ်(၁)၌ အုပ်စု(ယ)မှ တနင်္သာရီတိုင်းဒေသကြီး ဘောလုံးအသင်းနှင့် ရခိုင်ပြည်နယ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရခိုင်ပြည်နယ်ဘောလုံးအသင်းက သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း အမှတ်(၃)၌ အုပ်စု(က)မှ ကချင်ပြည်နယ်ဘောလုံးအသင်းနှင့် မကွေးတိုင်းဒေသကြီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကချင်ပြည်နယ်ဘောလုံးအသင်းက ခြောက်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

စက်တင်ဘာ ၁ ရက်နေ့ ပွဲစဉ်များအဖြစ် ညနေ ၃ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း အမှတ်(၄)၌ အုပ်စု(က)မှ ရန်ကုန်တိုင်းဒေသကြီးဘောလုံးအသင်းနှင့် ချင်းပြည်နယ်ဘောလုံးအသင်းတို့သည်လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း အမှတ်(၁)၌ အုပ်စု (ခ)မှ ကယားပြည်နယ်ဘောလုံးအသင်းနှင့် မန္တလေးတိုင်းဒေသကြီး ဘောလုံးအသင်းတို့သည်လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

(မောင်မောင်ဇော်)

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် ဘာသာပေါင်းစုံမှ အထင်ကရပုဂ္ဂိုလ်များ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၃၁

မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့် ဘာသာပေါင်းစုံမှ အထင်ကရပုဂ္ဂိုလ်များ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ Kempinski Hotel ၌ ပြုလုပ်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲ၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းတို့က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံအတွင်းကိုးကွယ်သည့် ဘာသာပေါင်းစုံ အသီးသီးမှ အထင်ကရပုဂ္ဂိုလ်များက ဆွေးနွေးပြောကြားရာတွင် မြန်မာနိုင်ငံရှိ ပြည်သူများအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် ခွင့်လွှတ်ခြင်း၊ သည်းခံခြင်းတို့ဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်သွားရေး၊ အနာဂတ်မျိုးဆက်သစ်တို့အတွက် ငြိမ်းချမ်းရေးနှင့် စည်းလုံးညီညွတ်ရေးတို့ကို တိုးမြှင့်ဆောင်ရွက်သွားရေး၊ အနာဂတ်လူငယ်များ မိမိတို့သက်ဆိုင်ရာ ဘာသာအပေါ် ပိုမိုသက်ဝင်လိုက်စားလာကြစေရေးတို့အတွက် အတူတကွ ဆောင်ရွက်ရန်လိုကြောင်း ဆွေးနွေးပြောကြားခဲ့ကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်က ယခုကျင်းပသည့် အစည်းအဝေးသည် ပိုမိုသဟဇာတမျှသော၊ ငြိမ်းချမ်းသာယာဝပြောသော လူမှုအသိုက်အဝန်းတစ်ခုဖြစ်ပေါ်ရေးအတွက် ဆောင်ရွက်နေမှုများအပေါ် အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ကြောင်းပြောကြားပြီးနောက် ဆွေးနွေးပွဲပြီးဆုံးခဲ့သည်။ **(သတင်းစဉ်)**

ကနေဒါနိုင်ငံက AIIB အဖွဲ့ဝင်ဖြစ်ရန် လျှောက်ထားမှု တရုတ်ကြိုဆို



ပေကျင်း ဩဂုတ် ၃၁
အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ်(AIIB) အဖွဲ့ဝင်နိုင်ငံဖြစ်ရေး လျှောက်ထားရန် ကနေဒါနိုင်ငံ၏ ဆုံးဖြတ်ချက်ကို တရုတ်နိုင်ငံက ကြိုဆိုထောက်ခံကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က ဩဂုတ် ၃၁ ရက်တွင် ပြောကြား သည်။

တရုတ်နိုင်ငံက ကနေဒါနိုင်ငံနှင့် ဆက်သွယ်မှုပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရန် ဆန္ဒရှိကြောင်း၊ အပြန်အလှန်ကုန်သွယ်မှုမြှင့်တင်ရေးအပါအဝင် ရာသီဥတုပြောင်းလဲလာမှုပြဿနာများ၊ ငြိမ်းချမ်းမှုထိန်းသိမ်းရေးလုပ်ငန်းစဉ်များ၊ ရေကြောင်းလုံခြုံမှုကာကွယ်ရေးလုပ်ငန်းစဉ် နယ်ပယ်ကဏ္ဍများတွင် နက်နက်ရှိုင်းရှိုင်းပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိကြောင်း ရှီကျင့်ဖျင်က တရုတ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့် ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူဒိုနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

ပေကျင်းမြို့၌ ဩဂုတ် ၃၁ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ကနေဒါ ဘဏ္ဍာရေးဝန်ကြီး ဘီလ်မိုနာက ကနေဒါနိုင်ငံ၏ AIIB အဖွဲ့ဝင်နိုင်ငံဖြစ်ရန် လျှောက်ထားရေးဆုံးဖြတ်ချက်ကို ထုတ်ပြန်ကြေညာခဲ့သည်။

ကနေဒါနှင့် တရုတ်နိုင်ငံတို့အကြား အဆင့်မြင့် အရာရှိများ အပြန်အလှန်သွားလာလည်ပတ်မှု ပိုမို တိုးမြှင့်ရန် ရှီကျင့်ဖျင်က တောင်းဆိုခဲ့သည်။ နှစ်နိုင်ငံ ခေါင်းဆောင်များသည် နယ်ပယ်စုံကဏ္ဍစုံတွင် ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သင့်ကြောင်းလည်း ရှီကျင့်ဖျင်က ပြောကြားသည်။

ထရူဒိုး၏ ယခုခရီးစဉ်သည် ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ဝန်ကြီးချုပ်အဖြစ်စတင် တာဝန်ယူစဉ်ကတည်းက ၎င်း၏ ပထမဆုံး တရားဝင်ခရီးစဉ်ဖြစ်သည်။ ၎င်း၏ ဖခင် ကနေဒါဝန်ကြီးချုပ်ဟောင်း ပီရာ ထရူဒိုသည် တရုတ်နှင့် ကနေဒါနိုင်ငံတို့ သံတမန်ဆက်သွယ်မှုစတင်တည်ထောင်ပြီးနောက် တရုတ်နိုင်ငံသို့ ပထမဆုံးလာရောက်သည့် ကနေဒါဝန်ကြီးချုပ်ဖြစ်သည်။ ထရူဒိုသည် ပေကျင်းတွင်လည်ပတ်ပြီးနောက် ဟန်ကျိုးတွင်ကျင်းပမည့် ဂျီ - ၂၀ ထိပ်သီးအစည်းအဝေးကို တက်ရောက်မည်ဖြစ်သည်။

(ဆင်ဟွာ)

မြောက်ကိုရီးယား ဒုတိယဝန်ကြီးချုပ် ကွပ်မျက်ခြင်း ခံရဖွယ်ရှိ

ဆိုးလ် ဩဂုတ် ၃၁
မြောက်ကိုရီးယားထိပ်တန်းခေါင်းဆောင်တစ်ဦး ကွပ်မျက်ခြင်းခံရဖွယ်ရှိကြောင်း တောင်ကိုရီးယားနိုင်ငံ၏ ကိုရီးယားနှစ်နိုင်ငံပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာနက ဩဂုတ် ၃၁ ရက်တွင် ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံ၏ ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် တာဝန်ယူဆောင်ရွက်ရသော မြောက်ကိုရီးယားဒုဝန်ကြီးချုပ် ကင်ယောင်ဂျန်သည် အာဏာရ ကိုရီးယားအလုပ်သမားပါတီ၏ စည်းမျဉ်းစည်းကမ်းကို ဖောက်ဖျက်ခဲ့သည်ဟု တောင်ကိုရီးယားပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဂျောင်ဂွန်းဟီးကဆိုသည်။

ဇွန်လတွင်ကျင်းပခဲ့သည့် မြောက်ကိုရီးယား ထိပ်တန်းအရာရှိများ တက်ရောက်သည့် အစည်းအဝေးတစ်ရပ်တွင် မြောက်ကိုရီးယားဒုဝန်ကြီးချုပ် ကင်ယောင်ဂျန်သည် အစည်းအဝေးတက်ရောက်နေစဉ် စိတ်ပါဝင်စားမှုမရှိသည့် လုပ်ရပ်များ လုပ်ဆောင်ခဲ့ခြင်းကြောင့် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်က ဇူလိုင်လနှောင်းပိုင်းတွင် ဒုဝန်ကြီးချုပ်အား ကွပ်မျက်ရန် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယား ပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာန တာဝန်ရှိသူများက ဆိုသည်။

မြောက်ကိုရီးယားနိုင်ငံ၏ ပညာရေးကို တာဝန်ယူဆောင်ရွက်ရသည့် နောက်ထပ် ထိပ်တန်း အရာရှိတစ်ဦးဖြစ်သော ကင်ယောင်ချုံကိုလည်း ပါတီစည်းမျဉ်းစည်းကမ်း ဖောက်ဖျက်ကာ အာဏာအလွဲသုံးစားပြုမှုကြောင့် ဩဂုတ်လ နှောင်းပိုင်းမှ စပြီး ကျေးလက်ဒေသရှိ လူနေအိမ်တစ်အိမ်သို့ပို့ဆောင်ခဲ့ပြီး အကျယ်ချုပ်ချထားကြောင်း သတင်းများအရသိရသည်။

ကင်ယောင်ချုံသည် ကိုရီးယားနှစ်နိုင်ငံဆက်ဆံရေးကို ကိုင်တွယ်ဖြေရှင်းရသည့် အာဏာရပါတီ၏ ဌာနတစ်ခုမှ အကြီးအကဲဖြစ်သည်။

ယခုကဲ့သို့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်၏ လုပ်ရပ်များသည် သူ၏အာဏာပိုမိုခိုင်မာမှုရှိစေရန် လုပ်ဆောင်ခြင်းဖြစ်ကြောင်း လေ့လာစောင့်ကြည့်သူများ ကဆိုသည်။

မြောက်ကိုရီးယားနိုင်ငံ၏ နိုင်ငံသားအချို့သည် နိုင်ငံရပ်ခြားများသို့ ထွက်ခွာကာ အခြေချနေထိုင်လျက်ရှိကြောင်း တောင်ကိုရီးယားနိုင်ငံ၏ ကိုရီးယားနှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ယခုလအစောပိုင်းက လန်ဒန်မြို့ရှိ မြောက်ကိုရီးယားဒုတိယသံအမတ်ကြီးနှင့် မိသားစုတို့သည် တောင်ကိုရီးယားနိုင်ငံသို့ ခိုလှုံခွင့်တောင်းခံကာ အခြေချ နေထိုင်ခဲ့ကြောင်း အဆိုပါဝန်ကြီးဌာနက ဆက်လက်ပြောကြားခဲ့သည်။ **အင်နန်အိတ်ချ်ကေ။**

တိုက်ခိုက်ရေးရေငုပ်သင်္ဘော ရှစ်စင်းထက်မနည်းကို တရုတ်နိုင်ငံထံမှ ပါကစ္စတန်ဝယ်ယူမည်

အစ္စလာမ္မာဘတ် ဩဂုတ် ၃၁
ပါကစ္စတန်နိုင်ငံသည် တရုတ်နိုင်ငံမှ တိုက်ခိုက်ရေးရေငုပ်သင်္ဘောရှစ်စင်းထက်မနည်းကို ဝယ်ယူမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဩဂုတ် ၃၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ပါကစ္စတန်နိုင်ငံသို့ ရေငုပ်သင်္ဘောများရောင်းချပေးမည့် အစီအစဉ်သည် တရုတ်နိုင်ငံအတွက် ပြည်ပသို့ လက်နက်တင်ပို့ရောင်းချမှုများအနက် အကြီးကျယ်ဆုံး ဖြစ်လိမ့်မည်ဖြစ်ကြောင်း၊ အမေရိကန်ဒေါ်လာ ဘီလီယံတန်ဖိုးရှိ တိုက်ခိုက်ရေးရေငုပ်သင်္ဘောများ ဝယ်ယူရေးကိစ္စနှင့် ပတ်သက်၍ ပါကစ္စတန်အမျိုးသားလွှတ်တော်၏ ကာကွယ်ရေးဆိုင်ရာအမြဲတမ်းကော်မတီထံ ရေတပ်အထက်တန်းအရာရှိများက ဩဂုတ် ၂၆ ရက်တွင် အသေးစိတ်တင်ပြခဲ့ကြကြောင်း နိုင်ငံပိုင်ပါကစ္စတန်ရေဒီယိုက သတင်းထုတ်လွှင့်သည်။

ဒီဇယ်နှင့် လျှပ်စစ်စွမ်းအင်သုံး တိုက်ခိုက်ရေးရေငုပ်သင်္ဘောရှစ်စင်းထက်မနည်းကို ၂၀၂၈ ခုနှစ်ထက်နောက်မကျဘဲ တရုတ်နိုင်ငံထံမှ ဝယ်ယူမည်ဖြစ်သည်။

တရုတ်နိုင်ငံ၏ ကာလရှည်ချေးငွေဖြင့် မျိုးဆက်သစ် ရေငုပ်သင်္ဘောများ ဝယ်ယူရေးအစီအစဉ်ကို အကောင်အထည်ဖော်နိုင်ရန် တာဝန်ရှိသူများက ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပါကစ္စတန်ရေဒီယို၏ သတင်းတွင်ဖော်ပြသည်။

တရုတ်က ပါကစ္စတန်နိုင်ငံသို့ရောင်းချပေးမည့် ရေငုပ်သင်္ဘောများအနက် ပထမအသုတ်ရေငုပ်သင်္ဘောလေးစင်းကို ၂၀၂၃ ခုနှစ် နှစ်ကုန်ထက် နောက်မကျဘဲ လွှဲပြောင်းပေးမည်ဖြစ်ပြီး ကျန်ရှိသော ရေငုပ်သင်္ဘောလေးစင်းကို ၂၀၂၈ ခုနှစ်ထက်နောက်မကျဘဲ ပါကစ္စတန်နိုင်ငံ ကရာချီမြို့ရှိ သင်္ဘောကျင်းတွင်တပ်ဆင်သွားမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ဝီတီအိုင်။

ဆွစ်ဇာလန်ရှိ ဒုက္ခသည်စခန်းတွင် မီးလောင်မှုဖြစ်ပွား

ဇူးရစ် ဩဂုတ် ၃၁
ဆွစ်ဇာလန်နိုင်ငံ အနောက်ပိုင်းရှိ ဒုက္ခသည်စခန်းတစ်ခုတွင် ဩဂုတ် ၃၁ ရက်အစောပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းတရားနှင့် ပတ်သက်၍ လောလောဆယ်မသိရသေးကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

ဆွစ်ဇာလန်နိုင်ငံရှိ မြို့ငယ်လေးတစ်မြို့ဖြစ်သော ဘိုင်ဘာရစ်မြို့ရှိ ဒုက္ခသည်စခန်း၌ ဩဂုတ် ၃၁ ရက် နံနက် ၃ နာရီတွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ ဒေသဆိုင်ရာ မီးသတ်တပ်ဖွဲ့က မီးကို လျင်မြန်စွာ ငြိမ်းသတ်နိုင်ခဲ့သည်။

ဒုက္ခသည်စခန်းတွင် နေထိုင်သူ ၁၀ ဦးစလုံးမှာ ဘေးအန္တရာယ်ကင်းရှင်းပြီး ထိခိုက်မှုမရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဆွစ်ဇာလန်နိုင်ငံ၌ ဒုက္ခသည်များအား ပစ်မှတ်ထားသည့် အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားမှုမှာ ကြုံတောင့်ကြုံခဲဖြစ်သည်။ ဆွစ်ဇာလန်နိုင်ငံ၌ ခိုလှုံခွင့်တောင်းခံသူဦးရေမှာ လွန်ခဲ့သည့်နှစ်က ၃၉၅၂၃ ဦး ရှိခဲ့သည်။ **ရိုက်တာ။**

အိုင်အက်စ်စစ်သွေးကြွများဟု သံသယရှိသူသုံးဦးအား မလေးရှားရဲတပ်ဖွဲ့က ဖမ်းဆီး

ကွာလာလမ်ပူ ဩဂုတ် ၃၁
ဘာတူလိုဏ်ဂူများဒေသရှိ ဟိန္ဒူဘာသာဝတ်ပြုကျောင်း၊ ရဲဌာနများနှင့်ဖျော်ဖြေရေးကပွဲရုံများအား တိုက်ခိုက်ရန် စီစဉ်နေသည့် အိုင်အက်စ်စစ်သွေးကြွများဟု သံသယရှိသူ သုံးဦးကို ဖမ်းဆီးထားကြောင်း မလေးရှားရဲတပ်ဖွဲ့က ဩဂုတ် ၃၁ ရက်တွင် ထုတ်ပြန်ကြေညာသည်။

မလေးရှားအမျိုးသားနေ့အကြို ဩဂုတ် ၃၀ ရက် မွန်းလွဲပိုင်းတွင် လက်ပစ်ဗုံးများနှင့် သေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုပြုလုပ်ရန် ၎င်းလူသုံးဦးပါအဖွဲ့က စီစဉ်နေကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းဖမ်းဆီးခံထားရသူ သုံးဦးထဲတွင် အသက် ၂၀ အရွယ် ကုန်တင်ယာဉ်မောင်းတစ်ဦးပါဝင်ပြီး ၎င်းကို ဩဂုတ် ၂၇ ရက်တွင် ဆီလန်ဂေါ၌ ဖမ်းဆီးရမိခဲ့ပြီး ၎င်းထံမှ လက်ပစ်ဗုံးတစ်လုံး၊ ကိုးမီလီမီတာပစ္စတိုသေနတ်တစ်လက်နှင့် ကျည် ၂၄ တောင့်တို့ကို သိမ်းဆည်းရမိခဲ့သည်။

အခြားသံသယရှိသူနှစ်ဦးမှာ အသက် ၂၇ နှစ်အရွယ်ရှိ သားသတ်သမားတစ်ဦး ဖြစ်ပြီး ၎င်းကို ပါဟန်တွင်လည်းကောင်း၊ အသက် ၂၀ အရွယ် ယမကာရောင်းသူတစ်ဦးကို ကွာလာလမ်ပူမြို့တွင်လည်းကောင်း ဩဂုတ် ၂၉ ရက်တွင် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

အိုင်အက်စ် စစ်သွေးကြွများအဖြစ် သံသယရှိ၍ ဖမ်းဆီးခံရသူသုံးဦးသည် မလေးရှားနိုင်ငံသား မိုဟာမက်ဝမ်ဒီ၏ ညွှန်ကြားချက်ဖြင့် လှုပ်ရှားဆောင်ရွက်နေသူများဖြစ်ကြသည်။ ဝမ်ဒီသည် ဆီးရီးယားနိုင်ငံ၌ အိုင်အက်စ်အဖွဲ့နှင့်အတူ တိုက်ခိုက်ခဲ့သူဖြစ်သည်။

မိုဟာမက်ဝမ်ဒီသည် ယခုနှစ်ဇွန်လ အတွင်းက ကွာလာလမ်ပူမြို့ ဆင်ခြေဖုံးဒေသရှိ အရက်ဘားဆိုင်တစ်ဆိုင်အား လက်ပစ်ဗုံးဖြင့် ပစ်ခတ်တိုက်ခိုက်ရန် အမိန့်ပေးစေခိုင်းခဲ့သူအဖြစ် တာဝန်ရှိသူဖြစ်သည်။ အဆိုပါ တိုက်ခိုက်မှုမှာ မလေးရှားနိုင်ငံတွင် အိုင်အက်စ်အဖွဲ့က ပထမဆုံးအကြိမ်အောင်မြင်စွာပြုလုပ်ခဲ့သည့်တိုက်ခိုက်မှုလည်းဖြစ်သည်။

ယင်းလက်ပစ်ဗုံးဖြင့် တိုက်ခိုက်မှု၏ အကျိုးဆက်အဖြစ် အိုင်အက်စ်အဖွဲ့နှင့် ချိတ်ဆက်မှုရှိသည်ဟူသော သံသယမကင်းမှုဖြင့် မလေးရှားလူမျိုးကိုးဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။ **ရိုက်တာ။**

ပြည်တွင်းရေးရာ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ပိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် သံတမန်များအား သီးခြားစီတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၃၁

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ပိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းနှင့် ယနေ့မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)ရှိ ဧည့်ခန်းမ၌တွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုကိစ္စ၊ ကုလသမဂ္ဂ၏ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးခြင်းကိစ္စ၊ မြေမြှုပ်မိုင်းများ ရှင်းလင်းရေးကိစ္စ၊ ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့များတွင် မြန်မာတပ်မတော်မှ ယခုထက်ပိုမိုပါဝင်၍ ကမ္ဘာ့ငြိမ်းချမ်းရေးကိစ္စများတွင် တာဝန်ထမ်းဆောင်နိုင်ရေးတို့ကို ဆွေးနွေးကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မွန်းလွဲ ၁ နာရီ ၂၅ မိနစ်တွင် ဥရောပသမဂ္ဂအဖွဲ့ရုံးမှ သံအမတ်ကြီးမစ္စတာရိုလန်ကိုဘီယာနှင့်တွေ့ဆုံပြီး မြန်မာနိုင်ငံငြိမ်းချမ်းရေးဖော်ဆောင်မှုကိစ္စရပ်များနှင့် စစ်ဘက်ဆိုင်ရာ ဆက်ဆံရေးမြှင့်တင်မှုကိစ္စရပ်များကို ဆွေးနွေးကြသည်။

မွန်းလွဲ ၂ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် H.E. Mr. Sun Guoxiang အား လက်ခံတွေ့ဆုံပြီး ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ တပ်မတော်၏ ရပ်တည်ချက်သဘောထားများ၊ ဆက်လက်လုပ်ဆောင်ရမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် တွေ့ဆုံဆွေးနွေးမှုများသည် ဥပဒေနှင့်အညီဖြစ်ရန် လိုအပ်သည်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)



ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့်ဇနီး ပြန်လည်ထွက်ခွာ

နေပြည်တော် ဩဂုတ် ၃၁

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့် ဇနီးတို့သည် နေပြည်တော်မှ ယနေ့ညနေ ၅ နာရီတွင် အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် ဇနီးတို့အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေးနှင့် ဇနီးဒေါက်တာမြသီတာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့်ဇနီး၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဗီဗျေနမ်ဘီးယား၊ ကုလသမဂ္ဂညီနှိုင်းရေးမှူး၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ဇနီး လွှတ်တော်သင်ကြားသင်ယူမှုဌာနသို့ ကြည့်ရှုလေ့လာ

နေပြည်တော် ဩဂုတ် ၃၁

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း၏ ဇနီးဖြစ်သူ Mrs. Ban Soon-taek သည် ပြည်ထောင်စုလွှတ်တော် ဇမ္ဗူသီရိဆောင်ရှိ လွှတ်တော်စာကြည့်တိုက်နှင့် သင်ကြားသင်ယူမှုဌာနသို့ ယနေ့ညနေ ၃ နာရီခွဲတွင် လာရောက်ကြည့်ရှုလေ့လာရာ ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများက သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်နေမှုအခြေအနေကို လိုက်လံရှင်းလင်းပြသခဲ့သည်။

(သတင်းစဉ်)

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၄(ခ) အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်ကို ကြေညာ

နေပြည်တော် ဩဂုတ် ၃၁

ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၂)အတွက် ရွေးကောက်တင်မြှောက်ခံထားရသော လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဘာမောင်၏ ရွေးကောက်တင်မြှောက်ခံရခြင်းကို ယင်းမဲဆန္ဒနယ်၌ ယှဉ်ပြိုင်အရွေးခံသူ ဦးဖေအားက ရွေးကောက်ပွဲ ကန့်ကွက်လွှာတင်သွင်းသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၉ အရ ရွေးကောက်ပွဲခုံအဖွဲ့ဖြင့် ကြားနာစစ်ဆေး၍ ဆုံးဖြတ်ချက် ချမှတ်ခဲ့ပြီးဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဩဂုတ် ၁၆ ရက်စွဲပါ ရွေးကောက်ပွဲကန့်ကွက်လွှာ အမှုအမှတ်(၃၆/၂၀၁၅)ဆုံးဖြတ်ချက်တွင် ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၂)အတွက် ဒေါက်တာဘာမောင်အား လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ဥပဒေအရ ပျက်ပြယ်ကြောင်းနှင့် ယင်းမဲဆန္ဒနယ်၏ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အဖြစ် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခံရသူမှာ ဦးဖေအား ဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၁(က) အရ ဆုံးဖြတ်ခဲ့သည်။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၄(က) အရ အယူခံမှု လျှောက်ထားရန် သတ်မှတ်ထားသည့်ကာလအတွင်း ကော်မရှင်သို့ လျှောက်ထားခဲ့ခြင်းမရှိကြောင်း သိရသည်။

ဒေါက်တာဘာမောင်သည် ယခုကြေညာသည့်နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်းနှင့် ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၂)၏ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်မှာ ဦးဖေအား [၄/ကပလ(နိုင်) ၀၀၆၆၀၅] ဖြစ်ကြောင်း သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၄(ခ) အရ သတ်မှတ်ကြေညာလိုက်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ယနေ့ရက်စွဲဖြင့် ကြေညာသည်။

(သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၃၁

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အမေရိကန်သံရုံး Department of Justice Office of Prosecutorial Development, Assistance and Training (DOJ OPDAT) တို့ ပူးပေါင်းကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများဖြစ်သည့် နိုင်ငံဖြတ်ကျော်မှုခင်းများနှင့်သက်ဆိုင်သောသင်တန်းကို ယနေ့တွင် နေပြည်တော် Amara Hotel ၌ကျင်းပရာ သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ် အောင်ဝင်းဦးနှင့် ရဲအရာရှိကြီးများ၊ UNODC မှ Country Manager ဖြစ်သူ Mr. Troels Vester၊ United States Department of Justice မှ Intermittent Legal Advisor ဖြစ်သူ Mr. Terry M. Kinney နှင့် သင်တန်းသား ၄၀ တက်ရောက်ခဲ့ကြသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ် အောင်ဝင်းဦး၊ UNODC မှ Country Manager ဖြစ်သူ Mr. Troels Vester နှင့် United States Department of Justice မှ Intermittent Legal Advisor, Mr. Terry M. Kinney တို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး United States Department of Justice မှ Mr. Terry M. Kinney နှင့် ကျွမ်းကျင်သူများက သင်တန်းပို့ချရသည့် ရည်ရွယ်ချက် နိုင်ငံဖြတ်ကျော်မှုခင်းများနှင့်ပတ်သက်၍ ခြုံငုံသုံးသပ်ချက်၊ ကမ္ဘာပေါ်တွင် ကြုံတွေ့လာရသော မူးယစ်ဆေးဝါးမှုခင်းများ၏အန္တရာယ်များ၊ အတွေ့အကြုံများ၊ ပူးပေါင်းဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

သင်တန်းကို ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၂ ရက်အထိ လေးရက် ဖွင့်လှစ်သွားမည်ဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများဖြစ်သည့် နိုင်ငံဖြတ်ကျော်မှုခင်းများအား တားဆီးနှိမ်နင်းရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရေး အသေးစိတ်ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများဖြစ်သည့် နိုင်ငံဖြတ်ကျော်မှုခင်းများနှင့်သက်ဆိုင်သောသင်တန်း ကျင်းပ

ပေါင်းစည်းမှု၏စွမ်းအား

- ပထမပင်လုံကြောင့် လွတ်လပ်သောပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပေါ်ထွန်းခဲ့သည်။
- ၂၁ ရာစုပင်လုံဖြင့် ဒီမိုကရေစီ ပက်သရယ်ပြည်ထောင်စုကို ပေါင်းစည်းတည်ဆောက်မည်။

ထာဝရငြိမ်းချမ်းရေးပန်းတိုင်၊ ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်

ဒေါက်တာအောင်စိုး(၁) အောင်ကျော်မိုး အငြိမ်းစားပြည်နယ်ဆေးရုံအုပ်ကြီး

သိန္ဓာတ္တရကုန်း၏ ဆင်ခြေလျှော၊ ကန်တော်ကြီးနှင့်နီးကပ်လျက် အေးချမ်းဆိတ်ငြိမ်သည့် ကုန်းမြေမြင့်တစ်ခုတွင် မွေးဖွားခဲ့သော်လည်း စာရေးသူသည် စိတ်မနောမငြိမ်းချမ်းခဲ့ပေ။ ကျောင်းမနေသေးသည့် ကလေးဘဝ၊ လူမှန်းမသိသည့်အရွယ်ကတည်းက ငြိမ်းချမ်းသာယာမှုကို ဖြိုခွင်းသော ဝေးကွာသည့်အရပ်က "ဂျိန်းဂါန်း ဂျိန်းဂါန်း" အသံများကို ဆက်တိုက်ကြားနေရ၍ နားယဉ်ခဲ့သည်။ ပတ်ဝန်းကျင်ကို စူးစမ်းလေ့လာတတ်သော လူမမယ်သဘာဝအလျောက် ဖေဖေ မေမေတို့အား မေးမြန်းကြည့်ရာ ၁၀ မိုင်ခန့် ကွာဝေးသော အင်းစိန်ပတ်ဝန်းကျင်၌ တိုက်ပွဲများမှ ထွက်ပေါ်လာသော အသံများဖြစ်ကြောင်း မှတ်သားခဲ့ရသည်။ ဂျပန်ခေတ်တုန်းကလည်း အတိဒုက္ခမျိုးစုံ ကြုံတွေ့ခဲ့ရကြောင်း၊ စစ်ဆိုသည်မှာ မကောင်းကြောင်း မိဘများက ပြောပြ၍ ဦးစွာပထမ ကြားသိခဲ့ရသည်။

မြန်မာနိုင်ငံအတွင်း ရောင်စုံတိုင်းရင်းသားလူမျိုးစု လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဗမာ့တပ်မတော်အကြား တိုက်ပွဲများဖြစ်ပွားနေစဉ်ကာလ အတွင်း ဒေသအတွင်းရှိ ကိုရီးယားကျွန်းဆွယ်စစ်ပွဲ၊ ဗီယက်နမ်စစ်ပွဲစသည်များ အကြောင်းကြားနေရသည်။ အိမ်နီးချင်း ဗီယက်နမ်စစ်ပွဲ၌ သေကျေပျက်စီးမှုများပြားကာ အသေသားစား လင်းတဉ့်များ ဗီယက်နမ်စစ်မြေပြင်ရှိ လူသေအလောင်းများရှိရာသို့ ကူးပြောင်းပျံသန်းသွား၍ မြန်မာနိုင်ငံတွင် လင်းတဉ့်မရှိသလောက်နည်းပါးသွားကြောင်း ပြောဆိုသံများလည်း ပေါ်ထွက်ခဲ့သည်။ မဟာတ္တမဂန္ဒီ၊အမေရိကသမ္မတ ဂျွန်အက်ဖ်ကနေဒီတို့ လုပ်ကြံခံရမှုစသည်များ ဆက်ကာဆက်ကာ ကြားသိခဲ့ရသည်။

ဆေးကျောင်းနောက်ဆုံးနှစ်အပိုင်း(၁)တက်နေစဉ်တွင် ထိုစဉ်က နျူကလီးယားလက်နက်မပိုင်ဆိုင်သေးသည် အိန္ဒိယနှင့် ပါကစ္စတန်တို့ စစ်ပွဲ

၁၉၇၀ ဆယ်စုနှစ်အစပိုင်းတွင် ကဝမြို့နယ် သက္ကလတိုက်နယ်ဆေးရုံသို့ ရောက်ခဲ့ပြန်သည်။ ထိုရွာ၏ ဝိသေသ ထူးခြားမှုကား နိုင်ငံသားဗမာ၊ ကရင်၊ တရုတ်အနွယ်ဝင်၊ အိန္ဒိယအနွယ်ဝင် လူမျိုးလေးမျိုး သဟဇာတ ရင်းနှီးချစ်ခင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲကာ၊ နှစ်သစ်ကူး၊ သီတင်းကျွတ်၊ တန်ဆောင်တိုင်ပွဲတော်များ၊ မီးနင်းပွဲစသည်များ သိုက်သိုက်မြိုက်မြိုက်ဆင်နွဲကြကာ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး တစ်နေ့တခြားဖွံ့ဖြိုးတိုးတက်သော ရွာဖြစ်ရာ ကျေးရွာအဆင့်မှ စံပြကျေးရွာ၊ မြို့ပြအဆင့်တို့သို့ ဆက်ကာဆက်ကာ တိုးမြှင့်ခြင်းခံရကြောင်း၊ စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး၏ ရလဒ်အသီးအပွင့်များဖြစ်ကြောင်း အသိအမှတ်ပြုရမည်သာ။

ဆင်နွဲကြသည်။ သို့သော် အိန္ဒိယအနွယ်ဖွား ကျောင်းသားများနှင့် ပါကစ္စတန်အနွယ်ဖွား ကျောင်းသားများသည် အခြားကျောင်းသားများနှင့် အတူဆေးကျောင်းအတွင်း ပုံစံမပျက် ဖက်လဲတကင်း လှုပ်ရှားသွားလာ ပညာဆည်းပူးလျက်ပင်၊ စစ်ကို မလိုလားသူ ငြိမ်းချမ်းရေးဘက်တော်သားများ မဟုတ်ပါလား။

ဆေး၊ ခွဲစိတ်၊ သားဖွားမီးယပ်၊ ကလေးကျန်းမာရေး ဘာသာရပ်လေးခု အောင်မြင်၍ ဆရာဝန်ဖြစ်လာသူများသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ အလုပ်သင်ဆရာဝန် တာဝန်တစ်နှစ်ထမ်းဆောင်ပြီး ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်ဘွဲ့ယူကြသည်။ ညဘက်တွင် ထိုစဉ်က စာကြည့်တိုက်ခန်းမတွင် ဘွဲ့နှင်းသဘင်ညစာစားပွဲ၌ တပျော်တပါး စားသောက်ကြသည်။ ကျေးဇူးရှင်သင်ဆရာ ပါမောက္ခချုပ်၊ ပါမောက္ခ ဒေါက်တာ ဦးဘသန်း(ကွယ်လွန်) ကလည်း အစဉ်အလာမပျက် စောင်းကောက်တီးခတ်၍ သီချင်းဆိုဖျော်ဖြေခဲ့သည်မှာ အုပ်ချုပ်သူများနှင့် ကျောင်းသားများအကြား တင်းမာမှုကို ဖြေလျှော့ပေးခဲ့သလို ငြိမ်းချမ်းရေးကို လိုလားသူ၊ ဖိနှိပ်မှုကို မလိုလားသူ ဆရာများနှင့် ကျောင်းသားများ ပျော်မြူးကြသည်။

၁၉၇၀ ဆယ်စုနှစ်အစပိုင်းတွင် ကဝမြို့နယ် သက္ကလတိုက်နယ်ဆေးရုံသို့ရောက်ခဲ့ပြန်သည်။ ထိုရွာ၏ ဝိသေသ ထူးခြားမှုကား နိုင်ငံသားဗမာ၊ ကရင်၊ တရုတ်အနွယ်ဝင်၊ အိန္ဒိယအနွယ်ဝင် လူမျိုးလေးမျိုး သဟဇာတ ရင်းနှီးချစ်ခင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲကာ၊ နှစ်သစ်ကူး၊ သီတင်းကျွတ်၊ တန်ဆောင်တိုင်ပွဲတော်များ၊ မီးနင်းပွဲစသည်များ သိုက်သိုက်မြိုက်မြိုက်ဆင်နွဲကြကာ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး တစ်နေ့တခြားဖွံ့ဖြိုးတိုးတက်သော ရွာဖြစ်ရာ ကျေးရွာအဆင့်မှ စံပြကျေးရွာ၊ မြို့ပြအဆင့်တို့သို့ ဆက်ကာဆက်ကာ တိုးမြှင့်ခြင်းခံရကြောင်း၊ စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး၏ ရလဒ်အသီးအပွင့်များ ဖြစ်ကြောင်း အသိအမှတ်ပြုရမည်သာ။ သက္ကလတွင်ရှိနေစဉ် ဦးသန့်အရေးအခင်းပေါ်ပေါက်လာခဲ့၍ မြို့ကြီးပြကြီးများတွင် ညမထွက်ရသည့် အမိန့်များကြောင့် ပြည်သူလူထုမှာ အဆင်မပြေမှုများဖြင့် ကြုံခဲ့ရသည်။

ဘဝသံသရာခရီးသည် ပြည်သူ့ဝန်ထမ်းအဖြစ် ဖြူးမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ခဲ့ပြန်သည်။ မုန်းတိုက်နယ်ဆေးရုံ၊ ကျောက်ကြီးမြို့နယ်ရှိ ကျေးရွာများမှ လွှဲပြောင်းပေးသော မိုင်းထိမှန်သူ ခြေပြတ်၊ လက်ပြတ်တွေ၊ သေနတ်ကျည်ဆန်ထိမှန်သော ပြည်သူတွေ၊ မသမာသူတွေ ရထားသံလမ်း မူလီဖြုတ်ထား၍ ရထားတိမ်းမှောက်ကာ ဒဏ်ရာရသူခရီးသည်တွေကို ဆရာဝန်ကြီး နာဂ သိန်းလှိုင်၏ ဦးဆောင်မှုဖြင့် စိတ်မချမ်းသာစွာ ခွဲစိတ်ကုသပေးခဲ့ရသည်။ ထိုမှတစ်ဖန် ၁၉၇၀ ပြည့်လွန်ကာလတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အဆောင် (၅+၆) အရေးပေါ်ဌာနတွင် ထိခိုက်ဒဏ်ရာနှင့် အရိုးရောဂါဆိုင်ရာဌာနတွင်း သင်တန်းတက်ခွင့်ရခဲ့သည်။ ထိုစဉ်က ရန်ကုန်ဘူတာကြီးအပါအဝင် ရန်ကုန်မြို့အနှံ့အပြား၌ အဝေးထိန်းစနစ်ဖြင့် ပုံးဖောက်ခွဲမှုကြောင့် သေဆုံးသူ လူစဉ်မမီဖြစ်သွားသူ ပြည်သူများအပြင် မန္တလေးမှ အစုစုန်လူစီးရထား ရန်ကုန်ဘူတာကြီး ဝင်ခါနီးဆဲဆဲ တောင်ငူဘူတာမှ ခိုးကြောင်ခိုးဝှက်တင်ခဲ့သည့် အချိန်ကိုက်ပုံး ပေါက်ကွဲမှုကြောင့် သေဆုံးသူ၊ ဒဏ်ရာရသူများကို ကုသ၊ ရင်ခွဲစစ်ဆေးရသည်များကိုလည်း အမှတ်ရလျက်ပါ။

၁၉၈၀ ပြည့်လွန်နှစ်များတွင် UNDP လက်အောက် ကုလသမဂ္ဂ ဆရာဝန်အဖြစ် နိုင်ငံတကာသို့ သွားရောက်ထမ်းဆောင်စဉ် သီရိလင်္ကာ နိုင်ငံသို့လည်း ရောက်ရှိခဲ့သည်။ ထိုနိုင်ငံတွင် လူမျိုးစုပဋိပက္ခနှင့် ပြည်တွင်းစစ် အရှိန်မြင့်တက်နေကာ သတ်ဖြတ်ခြင်း၊ နေအိမ်၊ ဈေးဆိုင်၊ စက်ရုံ၊ အလုပ်ရုံများ ဖျက်ဆီးခြင်း၊ မီးရှို့ခြင်းများကြောင့် အပြင်မထွက်ရအမိန့်ထုတ်ပြန်ထားရာ ဆေးရုံနှင့် အိမ်တွင်း၌သာ ရက်ကြာရှည်စွာနေထိုင်ခဲ့ရသည်။ မြန်မာသံရုံးမှ သတိဝိရိယနှင့် နေထိုင်ရန်နှင့် UNDP မှ မျက်နှာစာတွင် ကုလသမဂ္ဂအမှတ်တံဆိပ်၊ အလံစသည်တို့ကို ထင်ရှားစွာထားရှိရန် ညွှန်ကြားချက်များ ထုတ်ပြန်ခဲ့သည်။ တစ်ချိန်တည်းမှာ ပြည်သူများလွတ်လပ်ရေး တောင်းဆိုနေသော တောင်အမေရိကတိုက် ဖော်ကလန်ကျွန်းသို့ ယူကေနိုင်ငံ စစ်သင်္ဘောများ စစ်ဆင်ရေးသွားရောက်နေစဉ် အတူတာဝန်ထမ်းဆောင်သူ ယူကေနိုင်ငံမှ လုပ်ဖော်ကိုင်ဖက် ကုလသမဂ္ဂ ဆရာဝန်များ သတိရှိစွာနေထိုင်ကြရန် ညွှန်ကြားကြောင်း ၎င်းတို့ထံမှ သိရှိခဲ့ရသည်။ ထိုနှစ်တွင်ပင် အာဇာနည်ဗိမာန် ပုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ မြန်မာနိုင်ငံက နိုင်ငံခြားသည့်သည် ခေါင်းဆောင်များအတွက် လုံခြုံမှု တာဝန်ပေးနိုင်စွမ်းမရှိရကောင်းလားဟု နိုင်ငံတကာမှ ကုလသမဂ္ဂ ဆရာဝန်များ၏ ပြစ်တင်ရှုတ်ချခြင်းကို ခံခဲ့ရသည်။

ရှမ်းပြည်နယ်အရှေ့ပိုင်း ရွှေတြိဂံနယ်မြေ မိုင်းကိုးပိုင်းတွင် တစ်ခုအပါအဝင် မိုင်းဖြတ်မြို့ ပြည်သူ့ဆေးရုံတွင် သုံးနှစ်ထမ်းဆောင်ခဲ့စဉ် ကောင်းကင်ယံတွင် ရဟတ်ယာဉ်များ မကြာခဏမြင်တွေ့ရသည်။ တိုက်ပွဲတွင် သေနတ်ဒဏ်ရာရသူ၊ မိုင်းထိမှန်၍ ထမ်းစင်ဖြင့် ရောက်ရှိလာသူ ခြေပြတ်လက်ပြတ် စစ်သည်များအား မိမိဆေးရုံအပါအဝင် အခြားမြို့နယ်ဆေးရုံများ၌ အရေးပေါ်ပဏာမကုသမှုခံယူပြီးနောက် ကျိုင်းတုံ၊ မန္တလေး၊ ရန်ကုန်ရှိ တပ်မတော်ဆေးရုံများသို့ ဆင့်ကဲဆင့်ကဲ ပို့လွှတ်ခြင်းဖြစ်ရာ အရပ်စကားဖြင့် "လူနာလာကောက်သည်"ဟု ဆိုကြသည်။

ငြိမ်းချမ်းရေးကို ဖော်ဆောင်သည့် မြင်ကွင်းတစ်ခုက နမ္မတူဘော်တွင်း ဆေးရုံတွင် တာဝန်ထမ်းဆောင်စဉ် ဆေးရုံတက်ကုသမှုခံနေသူ တပ်မတော်အရာရှိတစ်ဦးနှင့် ငြိမ်းချမ်းရေးရယူထားသူ တောတွင်းလက်နက်ကိုင်ပိုလ်တစ်ဦးတို့ ဘဝတူချင်း လူနာများဖြစ်၍ ချစ်ခင်ရင်းနှီးစွာ ပြောဆိုဆက်ဆံနေပုံပင်ဖြစ်သည်။

ဘဝတစ်လျှောက်ကြားသိခဲ့ရသည့် ဖြစ်စဉ်များအနက် အချို့ကို ဖော်ပြရလျှင် အီဂျစ်ဘုရင်နန်းချခံရမှု၊ စူးအက်ဘုံးမြောင်းစစ်ပွဲ၊ အီရန်ဘုရင်နန်းချခံရမှု၊ ပင်လယ်ကွေ့စစ်ပွဲ၊ အာဖဂန်နစ္စတန်ဘုရင်နန်းချခံရမှုနှင့် အာဖဂန်နစ္စတန်စစ်ပွဲ၊ ရာဂျေးဂ်ဂန္ဓီသတ်ဖြတ်ခံရမှု၊ အမေရိကန် စက်တင်ဘာ ၁၁ ရက် ဖြစ်စဉ်စသည်များပင်ဖြစ်သည်။ မျက်မှောက်ကာလတွင် ဆီးရီးယားစစ်ပွဲ၊ ဆူဒန်စစ်ပွဲ၊ ယီမင်စစ်ပွဲ၊ မြောက်ကိုရီးယားနျူးကလီးယားစမ်းသပ်မှု၊ အာဖရိကမှ စစ်ပြေးဒုက္ခသည်များ လူကုန်ကူးသူတို့၏ သားကောင်များအဖြစ် သက်စွန့်ဆံဖျားပင်လယ်ကူးပြီး ဥရောပတိုက်သို့ ခိုလှုံမှု၊ တောင်တရုတ်ပင်လယ်တင်းမာမှုစသည်တို့သည် သာဓကအချို့သာ ဖြစ်သည်။

၂၀၁၆ သြဂုတ် ၂၂ ရက်ထုတ် ကြေးမုံသတင်းစာ ခေါင်းကြီးပိုင်းတွင် ဖော်ပြထားရာ၌ ၂၀၀၃ ခုနှစ်တွင် အမေရိကန်ဦးဆောင်သော မဟာမိတ်တပ်ဖွဲ့များက အီရတ်နိုင်ငံကို ဝင်ရောက်ကျူးကျော်တိုက်ခိုက်သည်မှ စတင်ခဲ့သော အီရတ်စစ်ပွဲသည် ယနေ့တိုင် ပြည်တွင်းစစ်ပုံသဏ္ဌာန်ဖြင့် ဆက်လက်သက်ဆိုးရှည်လျက်ရှိကြောင်း၊ အမေရိကန်ကျူးကျော်တိုက်ခိုက်မှု၏ နောက်ဆက်တွဲရလဒ်ဟု တချို့ဝေဖန်သုံးသပ်ကြသော်လည်း အာဏာရှင်အုပ်ချုပ်သူ ဆက်ဒမ်ဟူစိန်၏ တရားလက်လွတ် ဖိနှိပ်အုပ်ချုပ်ခဲ့ခြင်းသည် အီရတ်နိုင်ငံပြည်တွင်းစစ်၏ လက်သည်တရားခံအစစ်ဖြစ်ကြောင်း ဖော်ပြပါရှိသည်ကို ဖတ်ရှုမှတ်သားခဲ့ရသည်။

ဖိနှိပ်ချုပ်ချယ်မှုများသည်လည်း ပြည်တွင်းစစ်တို့၏ တရားခံဖြစ်ကြောင်း သတင်းစာခေါင်းကြီးပိုင်းက မီးမောင်းထိုးပြလိုက်ခြင်းဖြစ်သည်။ သတင်းစာ၏ အာဘော်နှင့် ဆင်တူအဓိပ္ပာယ်သက်ရောက်သော The Walsingham Peace Initiative ၏အဆိုကို ဖော်ပြရလျှင် -

> ဤကမ္ဘာမြေပေါ်၌ ငြိမ်းချမ်းရေး ကျရောက်စေလိုလျှင် လူသားအားလုံးသည် ကမ္ဘာ့မိသားစုဝင်များအဖြစ်ခံယူရန်၊ အားလုံးသာတူညီမျှ အပြန်အလှန် ဆက်ဆံရန်၊ တစ်ဦးချင်း၏ တရားသော၊ မှန်ကန်သော၊ လမ်းကျသော ရပိုင်ခွင့်များ အား လေးစားတန်ဖိုးထားရန်၊ လူသားများသာမက၊ လောကသုံးပါးကို ပိုင်ဆိုင်ကြကုန်သော သက်ရှိ/သက်မဲ့ သားရဲတိရစ္ဆာန်၊ သစ်တော၊ သစ်ပင်ပန်းမန်၊ သယံဇာတပိုင်ဆိုင်မှု၊ ရေနယ်နိမိတ်၊ မြေနယ်နိမိတ်ပိုင်ဆိုင်မှု စသည်များအပေါ် အခြေခံပြီး စစ်မက်ဖြစ်ပွားမှုသာဓကများစွာ ရှိနေပေသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ၏ ရလဒ်ကောင်းများ၊ အသီးအပွင့်များအားလုံးရရှိစေရန် ဆန္ဒပြုရင်း။ ။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစု ပင်လုံဂုဏ်ပြုညစာစားပွဲတွင် ရှမ်းပြည်နယ် မိုင်းလားဒေသ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့နှင့် အနုပညာဦးစီးဌာနမှ အနုပညာရှင်များက အကများ၊ တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြစဉ်။ (သတင်းစဉ်)

❁ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှ

ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ လွတ်တော်ဒုတိယဥက္ကဋ္ဌများ၊ ပြည်ထောင်စု ဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များ၊ တပ်မတော်အရာရှိကြီး များ၊ တိုင်းမှူးများ၊ လွတ်တော်ကော်မတီဥက္ကဋ္ဌများ၊ တိုင်းရင်းသားရေးရာ ဝန်ကြီးများ၊ အစိုးရ၊ လွတ်တော်နှင့် တပ်မတော်သားအစုအဖွဲ့မှ ကိုယ်စားလှယ် များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေး ပါတီများမှ ကိုယ်စားလှယ်များ၊ ပါဝင်သင့်ပါဝင်ထိုက်သူများအစုအဖွဲ့မှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်း၊ ပြည်ပမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ တိုင်းရင်းသား ကိုယ်စားလှယ်များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထား သူများ တက်ရောက်ကြသည်။

ညစာစားပွဲတွင် ရှမ်းပြည်နယ် မိုင်းလားဒေသ တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့နှင့် အနုပညာဦးစီးဌာနမှ အနုပညာရှင်များက အကများ၊ တေးသံသာများ ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ **(သတင်းစဉ်)**

❍ ကျောဖုံးမှ

စတင်ကျင်းပရန် သဘောတူသည်” ဆိုတဲ့အချက်ပါ။ UPDJC ရဲ့ လုပ်ငန်းဆောင်ရွက်ချက်အားလုံးနဲ့ အစည်း အဝေးဆုံးဖြတ်ချက်အားလုံးကို ၂၀၁၆ ခုနှစ် ဩဂုတ်လမှာ ကျင်းပတဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်း အစည်းအဝေး (JICM) မှာ အတည်ပြုချက်ရယူပြီးဖြစ် ကြောင်း ဤညီလာခံကြီးသို့ လေးစားစွာ အစီရင်ခံတင်ပြ အပ်ပါတယ်”ဟု ပြောကြားသည်။

ထို့နောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ဆိုင်ရာ လေ့လာစောင့်ကြည့်ရေး ပူးတွဲကော်မတီ (JMC) ၏ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်ပတ်သက်၍ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က “JMC ရဲ့ ဖွဲ့စည်းပုံကို ပြည်ထောင်စုအဆင့်၊ ပြည်နယ်နဲ့ တိုင်းဒေသကြီးအဆင့်၊ ဒေသဆိုင်ရာအဆင့်ဆိုပြီး JMC ယန္တရားကို အလွှာသုံးခုနဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။ အဲဒီကော်မတီအလွှာတိုင်းမှာ လည်း အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း တွေနဲ့ အရပ်သားကိုယ်စားလှယ်တွေဆိုပြီး အစု ၃ စုနဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။ ထူးခြားချက်အနေနဲ့ ဒေသ ဆိုင်ရာအဆင့်မှာ ရပ်ကွက်/ကျေးရွာက ရွေးချယ်ထားတဲ့ ဒေသခံပြည်သူလူထုကိုယ်တိုင် စောင့်ကြည့်ရေးလုပ်ငန်း တွေမှာ ပါဝင်နိုင်အောင် စုဖွဲ့ထားခြင်းပဲဖြစ်ပါတယ်။

ယခုအခါမှာ ပြည်ထောင်စုအဆင့် JMC ရဲ့ ပင်မ ရုံးအဖွဲ့ကိုလည်း ကနဦးယာယီရုံးအနေနဲ့ ဖွဲ့စည်းလည်ပတ် နေပြီ ဖြစ်ပါတယ်။ ပစ်ခတ်တိုက်ခိုက်မှုစောင့်ကြည့်ရေး လုပ်ငန်းတွေအတွက် အဓိကကျတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်ဖွဲ့စည်းရေးကို ဦးစားပေးဆောင်ရွက်ခဲ့တဲ့ အတွက် ယခုအခါမှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင် ပြည်နယ်၊ မွန်ပြည်နယ်နဲ့ ရှမ်းပြည်နယ်တွေမှာ ဖွဲ့စည်း နိုင်ခဲ့ပြီဖြစ်ပါတယ်။ JMC လုပ်ငန်းအကောင်အထည် ဖော်မှုရဲ့ အဓိကဆောင်ရွက်ချက်ကတော့ NCA လက်မှတ် ရေးထိုးထားတဲ့ အဖွဲ့အစည်းတွေကြားမှာ တိုက်ပွဲများ လျှော့ချနိုင်ခြင်းပဲဖြစ်ပါတယ်။ JMC ယန္တရားကို ထိရောက် အောင် အကောင်အထည်ဖော်ဆောင်ရွက်တဲ့အတွက် သတ်မှတ်ထားတဲ့ စည်းမျဉ်း၊ စည်းကမ်းတွေကို နှစ်ဖက် တပ်များ လိုက်နာစောင့်ထိန်းစေရန် ကြီးကြပ်နိုင်မှာ ဖြစ်ပါ တယ်။ ပြည်သူလူထုအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေဖို့ နှစ်ဖက်တပ်တွေကြားမှာရန်လိုမှုများ လျှော့ချနိုင်ဖို့၊ ယုံကြည်မှုတွေ တည်ဆောက်ဖို့အတွက် တည်ငြိမ်ကောင်း မွန်တဲ့အခြေအနေတွေကို ဖန်တီးတည်ဆောက်ရမှာ ဖြစ်ပါ တယ်။ ဒါမှသာ နိုင်ငံရေးဆွေးနွေးပွဲတွေကို အထောက် အကူပြုနိုင်မှာဖြစ်ပြီး အဲဒီကတစ်ဆင့် ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကို နိုင်ငံရေး ဆွေးနွေးပွဲရလဒ်များနဲ့အညီ တည်ဆောက်သွားနိုင်မှာ ဖြစ်ပါတယ်”ဟုပြောကြားသည်။

ယင်းနောက် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင် ဆွေးနွေးချက်များနှင့်ပတ်သက်၍ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) တွဲဖက်အတွင်းရေးမှူး စိုင်းကျော်ညွှန့်က “တစ်နိုင်ငံလုံး၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲရလဒ်နဲ့ ဖွဲ့စည်းခဲ့တဲ့ အစိုးရသစ်က အားလုံး ပါဝင်ရေးမူကိုအခြေခံပြီး ဆက်လက်ကျင်ပမယ့် ငြိမ်းချမ်း ရေးညီလာခံမှာ NCA လက်မှတ်ရေးထိုးထားခြင်း မရှိ သေးတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ကို ညီလာခံတက်ရောက်ဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။ နိုင်ငံရေး ဆွေးနွေးမှုဆိုင်ရာ မူဘောင်ရေးဆွဲခြင်းလုပ်ငန်းစဉ်မှာ မပါခဲ့တဲ့ NCA လက်မှတ်မရေးထိုးထားတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေကိုလည်း ဖိတ်ကြားပြီး မူဘောင်သုံးသပ်ခြင်း အစည်းအဝေးကို ပထမအကြိမ်နဲ့

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစု ပင်လုံ ပထမနေ့ အစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

ဒုတိယအကြိမ် ကျင်းပနိုင်ခဲ့ပါတယ်။ နိုင်ငံရေးဆွေးနွေးမှု ဆိုင်ရာ မူဘောင်ပြန်လည်သုံးသပ်ခြင်း အစည်းအဝေး ကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ အပြီးမှာ ဆက်လက်ကျင်းပဖို့ သဘောတူညီမှု ရရှိခဲ့ပါ တယ်။ နောင်ဆက်လက်ကျင်းပမယ့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံမှာ အားလုံး ပါဝင်ရေးမူကို အလေးထားတဲ့အနေနဲ့ ယခုအကြိမ်မှာ ပါဝင်တက်ရောက်ခွင့်မရရှိသေးတဲ့ အဖွဲ့အစည်းများ ပါဝင်လာနိုင်ရေးကို ဝိုင်းဝန်းကြိုးစားပေးကြဖို့၊ ဒီမို ကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးကို အထောက်အကူပြုစေမယ့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ကို ရေးဆွဲဖို့အတွက် သက်ဆိုင်ရာအဖွဲ့အစည်း အသီးသီးက သဘောထားကြီးစွာနဲ့ ပါဝင်ပေးကြဖို့ တိုက်တွန်းပါတယ်”ဟု ပြောကြားသည်။

ဆက်လက်၍ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေး မှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပဒိုစောကွယ်ထူးဝင်း က “အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ပထမအစည်းအဝေး ကျင်းပပြီး နိုင်ငံရေးဆွေးနွေးမှု ဆိုင်ရာမူဘောင် ပြန်လည်သုံးသပ်ရေးဆွဲအတည်ပြုခြင်း ပြုလုပ်ကာ ဆွေးနွေးပွဲတွေကို စတင်ပါမယ်။ဆွေးနွေးမယ့် ခေါင်းစဉ်တွေအပေါ်မှာ လုပ်ငန်းကော်မတီအသီးသီး ဖွဲ့စည်းပြီး ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲ ကော်မတီ UPDJC ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ကျင်းပ သွားမှာဖြစ်ပါတယ်။ အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲတွေကို နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် မှာ သဘောတူညီထားတဲ့အတိုင်း ဒေသအလိုက်၊ လူမျိုးအလိုက်၊ အကြောင်းအရာအလိုက် ကျင်းပသွားရ မှာပါ။

အမျိုးသားအဆင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲတွေ မှာ ပြည်ထောင်စုအစိုးရအဖွဲ့က ကိုယ်စားလှယ်တွေ၊ လွတ်တော်အသီးသီးက ကိုယ်စားလှယ်တွေ၊ တပ်မတော် သားကိုယ်စားလှယ်တွေ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအသီးသီးက ကိုယ်စားလှယ်တွေ၊ တရားဝင် နိုင်ငံရေးပါတီအစုအဖွဲ့က ကိုယ်စားလှယ်တွေ၊ တိုင်းရင်း သားလူမျိုး ကိုယ်စားလှယ်တွေ၊ အရပ်ဘက်လူမှု အဖွဲ့ အစည်းတွေရဲ့ ကိုယ်စားလှယ်တွေနဲ့ အခြားပါဝင်သင့် ပါဝင်ထိုက်သူများ ပါဝင်နိုင်ပါတယ်။ အမျိုးသားအဆင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲတွေရဲ့ သက်တမ်းဟာ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ၏ သက်တမ်းအတိုင်းဖြစ်ပါတယ်” ဟု ပြောကြားသည်။

ထို့နောက် ညီလာခံအကြိုပြင်ဆင်ရေးကော်မတီ၏ ဆောင်ရွက်ချက်များကို ဦးလှမောင်ရွှေက အစီရင်ခံ တင်ပြပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစု ပင်လုံတွင် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး (ငြိမ်း)က ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ညီလာခံဆိုင်ရာစည်းမျဉ်းစည်းကမ်း များနှင့်ပတ်သက်၍ ရဲဘော်မျိုးဝင်းက တက်ရောက်သူ များ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများနှင့် လေ့လာ သူများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ဖတ်ကြားတင်သွင်းသည်။

ယင်းနောက် ဒေါက်တာတင်မျိုးဝင်းက နိဂုံးချုပ် အမှာစကားပြောကြား၍ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ - (၂၁) ရာစုပင်လုံ ပထမနေ့ မွန်းလွဲပိုင်း အစည်း အဝေးကို ရုပ်သိမ်းခဲ့သည်။

ညနေပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး(ငြိမ်း)၊ ဦးလှမောင်ရွှေ၊ ဒေါက်တာဆလိုင်းလျန်မှန်းဆာခေါင်း၊ ဦးဇော်ဌေးနှင့် ဦးစိုင်းကျော်ညွှန့်တို့က ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ ပထမအစည်း အဝေးအစီအစဉ်များနှင့်ပတ်သက်၍ သတင်းစာ ရှင်းလင်းပွဲပြုလုပ်ခဲ့ပြီး ပြည်တွင်း၊ ပြည်ပ မီဒီယာများ၏ မေးမြန်းမှုများအား ပြန်လည်ဖြေကြားခဲ့သည်။

(သတင်းစဉ်)

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစု ပင်လုံဖွင့်ပွဲအခမ်းအနားကို ညီညွတ်မှုအခြေခံပင်လုံညီလာခံ သီချင်းဖြင့် အနုပညာရှင်များက သီဆိုကပြဖျော်ဖြေဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

❖ ရှေ့ဖုံးမှ

ဒီခန်းမကြီးဟာ ငြိမ်းချမ်းရေးကို မြတ်နိုးတန်ဖိုးထားတဲ့ ဧည့်သည်တော်များ၊ ကိုယ်စားလှယ်များနဲ့သာ ပြည့်နေရုံမက ကမ္ဘာတစ်ဝန်းက ကျွန်မတို့အပေါ် စိတ်ကောင်းစေတနာထားတဲ့ မိတ်ဆွေများရဲ့ မျှော်လင့်ချက်တွေ၊ ကျွန်မတို့ ပြည်သူပြည်သားတွေရဲ့ အိပ်မက်တမ်းတချက်တွေနဲ့ လျှံနေပါတယ်။ ဒီမျှော်လင့်ချက်တွေ ဖြည့်ဆည်းပေးဖို့၊ ဒီအိပ်မက်တွေ အကောင်အထည်ဖော်ပေးဖို့ဆိုတာ လွန်စွာကြီးမားတဲ့ တာဝန်ကြီးဖြစ်ပါတယ်။ ကြီးမားပေမယ့် ကြီးလေးတယ်လို့တော့ မဆိုလိုပါဘူး။

ပြည်တွင်းငြိမ်းချမ်းရေးဆိုတဲ့ အနှိုင်းမဲ့ဟော်ရွှင်ချမ်းမြေ့မှုကြီးကို မခံစားသွားရရှာတဲ့၊ ဒီလောကကြီးမှ ထွက်ခွာသွားပြီဖြစ်တဲ့ နိုင်ငံချစ်ပုဂ္ဂိုလ်တွေအပေါ် သစ္စာစောင့်သိခြင်း၊ လက်ရှိပစ္စုပ္ပန်ကာလမှာ ငြိမ်းချမ်းမှုမရှိခြင်းရဲ့ ဒုက္ခတွေကို ခါးစည်းခံနေရတဲ့ ပြည်သူတွေအပေါ် ထားအပ်တဲ့ကရုဏာကို အတည်ပြုခြင်း၊ ကျွန်မတို့ထားခဲ့မယ့် ကောင်းမွေဆိုးမွေမှန်သမျှကို ဆက်ခံရမယ့် အနာဂတ်မျိုးဆက်တွေအားလုံးအပေါ် မေတ္တာသက်သေထူခြင်း၊ အရာထမ်းဆောင်ရမယ့် တာဝန်ဆိုတာ ကြီးလေးလွန်းတယ်လို့ မရှိနိုင်ပါဘူး။ သမိုင်းမှတ်ကျောက်တင်လောက်တဲ့ လုပ်ငန်းကြီးတစ်ခု အောင်မြင်အောင်လုပ်နိုင်ဖို့ ဘာနဲ့မှမတူ ထူးခြားတဲ့ အခွင့်အရေးကြီးတစ်ရပ်ရခြင်း ဖြစ်ပါတယ်။

ဒီအခွင့်အရေးကြီးကို ကျွန်မတို့အားလုံး ပညာ၊ သတ္တိ၊ လုံ့လ ဝိရိယတို့နဲ့ မိမိရရဆုပ်ကိုင်ပြီး အလင်းရောင်သန်းတဲ့ အနာဂတ်တစ်ရပ် ဖော်ထုတ်ကြပါစို့။ မတူညီတဲ့ အမြင်သဘောထားတွေကို ပြည်သူတွေကောင်းကျိုးအတွက် ညှိနှိုင်စွမ်းဖြစ်စေတဲ့ပညာ၊ လက်ခံသင့်တဲ့ အတွေးအခေါ်၊ အပြုအမူသစ်တွေကို လက်ခံရဲတဲ့ သတ္တိ၊ ခက်ခဲတဲ့လုပ်ငန်းတွေကို အောင်မြင်သည်အထိ ဆောင်ရွက်နိုင်တဲ့ ဝိရိယတို့နဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးဖြစ်စဉ်ကြီးမှာ ပါဝင်နေသူများအားလုံး မိမိတို့ရဲ့ကဏ္ဍကြီးငယ်မရွေး ကြိုးပမ်းသွားမယ်ဆိုရင် ကျွန်မတို့ မျှော်မှန်းတမ်းတနေတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို စတင်ထူထောင်စဉ်ကစပြီး "ပင်လုံစိတ်ဓာတ်"ကို အခြေခံတဲ့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲတွေ ကျင်းပပြုလုပ်ဖို့ ရည်ရွယ်ခဲ့ပါတယ်။ ဆွေးနွေးပွဲတွေဟာ တန်းတူရည်တူအခွင့်အရေးတွေကို အာမခံခြင်း၊ ပြည်ထောင်စုသား တိုင်းရင်းသားအချင်းချင်း အပြန်အလှန်လေးစားခြင်း၊ အပြန်အလှန်ယုံကြည်မှုရယူပြီး ညှိနှိုင်းဆွေးနွေးအဖြေရှာခြင်းတို့အပေါ် အခြေခံမှာဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအပြီး ပေါ်ပေါက်လာတဲ့ အမျိုးသားရင်ကြားစေ့ရေးမူကို အခြေခံတဲ့ အစိုးရကလည်း ဒီရည်မှန်းချက်ကို အကောင်ထည်ဖော်ဖို့ စိတ်အားထက်သန်ပါတယ်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူညီချက် Nationwide Ceasefire Agreement(NCA)ဆိုတာ ငြိမ်းချမ်းရေးအတွက်သာမကဘဲ ကျွန်မတို့အားလုံး ရှည်ကြာစွာမျှော်မှန်းခဲ့တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ပထမဆုံးခြေလှမ်းဖြစ်ပါတယ်။ NCA နဲ့ ပတ်သက်လို့ လက်မှတ်ထိုးတဲ့ အဖွဲ့တွေရှိသလို အကြောင်းကြောင်းကြောင့် မထိုးရသေးတဲ့ အဖွဲ့တွေလည်း ရှိနေပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲတွေ ဆက်ပြီးပြုလုပ်တဲ့အခါမှာ NCA ကို အခြေခံပြီး ဆောင်ရွက်သွားရမှာဖြစ်တဲ့အတွက် ကျွန်မတို့အစိုးရသစ်လက်ထက်မှာ NCA လက်မှတ်ထိုးဖို့ ကျန်နေသေးတဲ့အဖွဲ့တွေ ပါဝင်လာနိုင်အောင် အထူးအလေးထားပြီး ဆောင်ရွက်လျက်ရှိပါတယ်။ အမျိုးသားရင်ကြားစေ့ရေးဟာ ပြည်ထောင်စုသားအားလုံးနဲ့ဆိုင်ပါတယ်။

အမျိုးသားပြန်လည်သင့်မြတ်ရေးမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ အချင်းချင်းအကြားက သင့်မြတ်ရေးလည်းပါဝင်ရပါမယ်။ NCA လက်မှတ်ထိုးပြီးသားအဖွဲ့နဲ့ NCA မထိုးရသေးတဲ့ အဖွဲ့တွေကြားမှာ ဝိဝါဒကွဲပြားမှုတွေ ဖြစ်ပေါ်နေရင် ကျွန်မတို့ရဲ့ ငြိမ်းချမ်းရေးခရီးဟာ နှောင့်နှေးကြန့်ကြာမှုတွေ ဖြစ်လာနိုင်ပါတယ်။ ကျွန်မတို့ တိုင်းရင်းသားအချင်းချင်းကြားမှာ နားလည်မှု လွဲမှားတာတွေ၊ စိတ်ဝမ်းကွဲပြားမှုတွေ မရှိစေဖို့ ဘုံသဘောတူညီချက်ဖြစ်တဲ့ NCA ရဲ့ ထီးရိပ်အောက်မှာ အားလုံးရောက်ရှိလာအောင် ကျွန်မတို့ ကြိုးပမ်းနေတာပဲ ဖြစ်ပါတယ်။

၂၀၁၅ ရွေးကောက်ပွဲအပြီးမှာ အစိုးရဖြစ်လာတဲ့ ကျွန်မတို့ဟာ မဲဆန္ဒရှင်များ အပ်နှင်းလိုက်တဲ့ လုပ်ပိုင်ခွင့်အာဏာအရ နိုင်ငံသူနိုင်ငံသားတွေ ခေတ်အဆက်ဆက် မျှော်လင့်တောင့်တခဲ့ကြတဲ့ ရေရှည်တည်တံ့ခိုင်မြဲမယ့် ငြိမ်းချမ်းရေးကို ရယူပေးဖို့ ကြိုးပမ်းရန်ဆုံးဖြတ်ခဲ့ပါတယ်။

ကျွန်မတို့ရဲ့ ပြည်ထောင်စုသားအားလုံးအပေါ် ယုံကြည်မှုအပြည့်အဝနဲ့ ငြိမ်းချမ်းရေးခရီးကို လျှောက်လှမ်းဖို့ ကျွန်မတို့ စတင်ခဲ့တာပါ။ ကျွန်မတို့နိုင်ငံမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ အမျိုးသားညီညွတ်ရေး မတည်ဆောက်နိုင်သမျှ ကာလပတ်လုံး ရေရှည်တည်တံ့ခိုင်မြဲတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးကို ဘယ်လိုမှ တည်ဆောက်နိုင်မှာ မဟုတ်ပါဘူး။ ကျွန်မတို့အားလုံးညီညွတ်မှ ကျွန်မတို့နိုင်ငံ ငြိမ်းချမ်းမယ်။ ကျွန်မတို့နိုင်ငံငြိမ်းချမ်းမှ အခြားဒေသတွင်းနိုင်ငံတွေ၊ ကမ္ဘာတစ်ဝန်းနိုင်ငံတွေနဲ့ ရင်ပေါင်တန်းနိုင်မှာပါ။

အချိန်လွန်နေပြီဖြစ်တဲ့ ငြိမ်းချမ်းရေးရရှိဖို့အတွက် ကျွန်မတို့ ဆွေးနွေးရမယ်။ ညှိနှိုင်းရမယ်။ ဒီလိုမျိုးနိုင်ငံရေးစားပွဲဝိုင်းမှာ စေ့စပ်ညှိနှိုင်းအဖြေရှာကြမယ်ဆိုရင် အားလုံးသဘောတူလက်ခံတဲ့ မူဘောင်တစ်ခု မရှိမဖြစ်လိုအပ်ပါတယ်။ NCA သဘောတူညီချက်အရ နိုင်ငံရေး ဆွေးနွေးမှုမူဘောင် Political Dialogue Framework ကို ပြီးခဲ့တဲ့ကာလမှာ ရေးဆွဲစဉ်ကတည်းက ပြောင်းလွယ်ပြင်လွယ်ဆောင်ရွက်နိုင်အောင် လုပ်ကြဖို့ ကျွန်မတို့ တိုက်တွန်းခဲ့ပါတယ်။ ရွေးကောက်ပွဲအပြီးမှာ နိုင်ငံရေးအခင်းအကျင်းတွေ ပြောင်းလဲလာနိုင်တဲ့ မျှော်မှန်းချက်တွေအရ ကျွန်မတို့ ဒီလိုတိုက်တွန်းခဲ့တာပဲ ဖြစ်ပါတယ်။ ကျွန်မတို့အစိုးရအနေနဲ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေစတင်ဆောင်ရွက်စဉ်ကစပြီး နိုင်ငံရေးဆွေးနွေးမှုမူဘောင် ပြန်လည်သုံးသပ်ရေးလုပ်ငန်းတွေကို NCA လက်မှတ်ထိုးပြီးသား အဖွဲ့တွေနဲ့ ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ လက်မှတ်မထိုးရသေးတဲ့ လက်ကျန်အဖွဲ့တွေလည်း မူဘောင်သုံးသပ်ရေးလုပ်ငန်းစဉ်မှာ ပါဝင်လာနိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။

လက်နက်ကိုင်ပဋိပက္ခတွေရဲ့ မူလဇာစ်မြစ်ဖြစ်တဲ့ နိုင်ငံရေးပြဿနာတွေကို ဖြေရှင်းနိုင်ဖို့ အဓိကလိုအပ်ချက်ဟာ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်ယုံကြည်မှုနဲ့ ပူးပေါင်းအဖြေရှာနိုင်ဖို့ ဖြစ်တယ်ဆိုတာကို အမြဲပဲခံယူထားခဲ့ပါတယ်။ ပြည်သူလူထုအားလုံးရဲ့ လွတ်လပ်ရေးအတွက် မျှော်လင့်ချက်တွေကို ညီညွတ်ခြင်း၊ ပေါင်းစည်းခြင်းနဲ့ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့တဲ့ ပင်လုံစိတ်ဓာတ်ဟာဆိုရင် ကျွန်မတို့လက်ရှိရောက်ရှိနေတဲ့ (၂၁)ရာစုအတွက်လည်း မရှိမဖြစ်လိုအပ်ချက်ဖြစ်နေပါတယ်။ ကျွန်မတို့အားလုံး မျှော်မှန်းတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်မယ်ဆိုရင် ကျွန်မတို့တိုင်းရင်းသားတွေအားလုံး ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး တန်းတူရည်တူ စုပေါင်းဆွေးနွေးညှိနှိုင်းအဖြေရှာနိုင်စေမယ့်(၂၀)ရာစု ပင်လုံညီလာခံနဲ့ တူညီတဲ့ (၂၁)ရာစုညီလာခံတစ်ခု ကျင်းပနိုင်ဖို့ အထူးပဲလိုအပ်ပါတယ်။ ဒါဟာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီး စတင်ဖြစ်ပေါ်လာခဲ့တဲ့ နောက်ခံအတွေးအခေါ်ပဲ ဖြစ်ပါတယ်။

ကျွန်မတို့အစိုးရရဲ့ ဦးစားပေးလုပ်ငန်းစဉ်ကြီးတစ်ခုအနေနဲ့ ဒီညီလာခံစတင်ကျင်းပနိုင်ဖို့အတွက် ၂၀၁၆ ခုနှစ် မေလ ၉ ရက်နေ့က စတင်ပြီး ဆောင်ရွက်တာဖြစ်ပါတယ်။ ညီလာခံအကြိုပြင်ဆင်ရေး ကော်မတီဖွဲ့စည်းပြီး တစ်ဖက်မှာလည်း Myanmar Peace Center ကို အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးဗဟိုဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပါတယ်။ ဒီနေရာမှာ အခွင့်ကြုံတုန်း MPC ကို ထူထောင်ပြီး အပစ်အခတ်ရပ်စဲရေးအတွက် ကြိုးပမ်းခဲ့တဲ့ သမ္မတဟောင်း ဦးသိန်းစိန်ဦးဆောင်ခဲ့တဲ့ အစိုးရအဖွဲ့ကို ဂုဏ်ပြုပါတယ်။ ယခင်အစိုးရရဲ့ ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ချက်များအပေါ် ကျွန်မတို့ ယခုဆက်လက်ပြီး တည်ဆောက်သွားပါမယ်။

NCAအရ ပေါ်ပေါက်လာတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ကို ပြင်ဆင်ဖွဲ့စည်းရာမှာ ကျွန်မကိုယ်တိုင်ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ပြီး UPDJC အစည်းအဝေးကို နှစ်ကြိမ်ကျင်းပခဲ့ပါတယ်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက် အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေး JICM ကိုလည်း တစ်ကြိမ်ခေါ်ယူကျင်းပနိုင်ခဲ့ပါတယ်။ NCA လက်မှတ်ရေးထိုးပြီးသားအဖွဲ့တွေရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့တိုင်းရင်းသားခေါင်းဆောင်တွေနဲ့ (၂)ကြိမ်တွေ့ဆုံခဲ့ပါတယ်။ လက်မှတ်မထိုးရသေးတဲ့ အဖွဲ့များနဲ့ ပတ်သက်၍ဆိုလျှင် UNFC ခေါင်းဆောင်တွေနဲ့ ရန်ကုန်မြို့မှာတွေ့ဆုံခဲ့ပြီးတော့ "၀" အထူးဒေသ(၂)နဲ့ အထူးဒေသ (၄) မိုင်းလားက ခေါင်းဆောင်တွေနဲ့ နေပြည်တော်မှာ တွေ့ဆုံခဲ့ပါတယ်။

ညီလာခံကျင်းပတဲ့အခါမှာ ကျွန်မတို့အစိုးရသက်သက်ချည်းမဟုတ်ဘဲ အစိုးရ၊ လွှတ်တော်နဲ့ တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများအစုအဖွဲ့နဲ့ နိုင်ငံရေးပါတီများအစုအဖွဲ့ စတဲ့သုံးပွင့်ဆိုင် ပူးတွဲကျင်းပတဲ့အနေအထားမျိုးဖြစ်အောင် ပူးတွဲကော်မတီတစ်ရပ် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင် အစုအဖွဲ့မှာလည်း NCA ထိုးပြီးသားအဖွဲ့ရော မထိုးရသေးတဲ့အဖွဲ့တွေရော ပါဝင်အောင် အားလုံးညှိနှိုင်းပြီး ဆောင်ရွက်ခဲ့ပါတယ်။ လုပ်ရမယ့်အလုပ်တွေ များပြားလှတာကြောင့် ညီလာခံကျင်းပမယ့် အချိန်ကို ရွှေ့ဆိုင်းပေးဖို့ တချို့ပြောကြတာတွေတောင် ရှိပါတယ်။ ဒါပေမယ့်လည်း ကျွန်မတို့အားလုံးစည်းစည်းလုံးလုံးညီညီညွတ်ညွတ်နဲ့ အားကြိုးမာန်တက် ဆောင်ရွက်ခဲ့နိုင်ကြလို့ နှစ်ပေါင်းများစွာကတည်းက ကျင်းပသင့်ခဲ့တဲ့ ညီလာခံကြီးကို အခုလိုအောင်အောင်မြင်မြင် ကျင်းပနိုင်ပါပြီ။

ဒီအတွေ့အကြုံကြောင့် ပါဝင်ပတ်သက်သူတွေအကြားက ယုံကြည်မှုတွေကို ပိုမိုပြီးခိုင်မာလာစေခဲ့ပြီဖြစ်ပါတယ်။ မတူကွဲပြားတဲ့ သဘောထားအမြင်တွေ ရှိခဲ့ကြပေမယ့်လည်း ကျွန်မတို့အားလုံး (၂၁) ရာစုပင်လုံညီလာခံ အောင်မြင်ရေးကို ဘုံရည်မှန်းချက်ထားပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ကြလို့ အခုလို ဒီနေရာမှာ စုစည်းနိုင်ခဲ့ကြတာဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံမှာ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခတွေဟာ ရာစုနှစ် တစ်ဝက်ကျော်၊ နှစ်ပေါင်း ၇၀ နီးပါးသက်တမ်းရှည်ကြာခဲ့ပြီဆိုတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ခေတ်အဆက်ဆက်မှာ ပြည်တွင်းစစ်ချုပ်ငြိမ်းဖို့ နည်းလမ်းမျိုးစုံနဲ့ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ငြိမ်းချမ်းရေးပန်းတိုင်နဲ့ အလှမ်းကွာဝေးခဲ့ရပါတယ်။ မအောင်မြင်ခဲ့တဲ့ သမိုင်းဖြစ်စဉ်တွေကို ကျွန်မတို့သင်ခန်းစာယူပြီး ကျွန်မတို့ခေတ်၊ ကျွန်မတို့အချိန်အခါမှာ ကျွန်မတို့အားလုံးစုပေါင်းပြီး သမိုင်းသစ်ကို ရေးသားကြရမှာပဲဖြစ်ပါတယ်။ အခုဆိုရင် တစ်နိုင်ငံလုံးမှာ ရှိနေကြတဲ့ ကျွန်မတို့ရဲ့ နိုင်ငံသူနိုင်ငံသားတွေအားလုံးဟာ စိုးရိမ်မျှော်လင့်ချက်များနဲ့ စောင့်ကြည့်နေကြပါပြီ။ မငြိမ်းချမ်းသေးတဲ့ နယ်မြေဒေသတွေမှာ ရှိနေတဲ့ ကျွန်မတို့ရဲ့ တိုင်းရင်းသူ တိုင်းရင်းသားတွေဟာလည်း ကျွန်မတို့ရဲ့ ညီလာခံကြီး ဘယ်လိုဖြစ်လာမလဲဆိုတာကို အားကိုးတကြီး စောင့်မျှော်နေကြပြီဖြစ်ပါတယ်။ စစ်ဘေးရှောင်ဖို့ ဟိုဟိုဒီဒီပြေးလွှားနေကြရတဲ့ ဒုက္ခသည်တွေထဲမှာ အရွယ်အမျိုးမျိုးပါနေပါတယ်။ သူတို့အားလုံးရဲ့ မျှော်လင့်ချက်တွေ မှေးမှိန်အားပျော့နေတာကြာခဲ့ပါပြီ။ ဒီတစ်ခါတော့ ဘယ်လိုများဖြစ်လာမလဲ ဆိုတာကိုလည်း မဝံ့မရဲမျှော်လင့်နေကြပါတယ်။ သူတို့ရဲ့ ဒုက္ခသုက္ခတွေကို ကျွန်မတို့တွေ မေ့လို့ မဖြစ်ပါဘူး။

ဒီကနေ့မှာတော့ ကျွန်မတို့ရဲ့ နိုင်ငံရေးပြဿနာတွေကို နိုင်ငံရေးနည်းလမ်းနဲ့ ညှိနှိုင်းအဖြေရှာဖို့ (၂၁)ရာစုပင်လုံညီလာခံကြီးကတစ်ဆင့် ငြိမ်းချမ်းရေးလမ်းကို ကျွန်မတို့ စတင်လျှောက်လှမ်းလိုက်ပြီ ဖြစ်ပါတယ်။ ဘယ်အထိရောက်မလဲ၊ ငြိမ်းချမ်းရေးကိုရောက်အောင် လှမ်းနိုင်မှာလားဆိုတာ မြန်မာသာမကကမ္ဘာကပါ စောင့်ကြည့်နေကြပါတယ်။ ပြည်ထောင်စုကြီးတစ်ခုလုံးရဲ့ ငြိမ်းချမ်းရေးမျှော်လင့်ချက်တွေ၊ စိတ်ကူးအိပ်မက်တွေကို ဖြည့်ဆည်းပေးနိုင်မလားဆိုတာကတော့ ဒီကနေ့ ညီလာခံခန်းမကြီးထဲမှာ ရောက်ရှိနေကြတဲ့ ခေါင်းဆောင်တွေ အားလုံးအပေါ်မှာ မူတည်နေပါတယ်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အဖွင့်မိန့်ခွန်းပြောကြားစဉ်။

လူ့ဘောင်အသိုင်းအဝိုင်းရဲ့ အစုအဖွဲ့တွေအားလုံး ပါဝင်ပတ်သက်မှုမရှိဘဲ ငြိမ်းချမ်းရေးကို မရရှိနိုင်ပါဘူး။ လူထုအခြေပြုအဖွဲ့အစည်းတွေဟာ တိုင်းရင်းသားဒေသတွေအပါအဝင် မြန်မာပြည်အနှံ့အပြားမှာ အရေးကြီးပြီး တက်ကြွတဲ့အခန်းကဏ္ဍမှာ နှစ်ပေါင်းများစွာ ပါဝင်ခဲ့ကြပါတယ်။ ကျွန်မတို့ တိုင်းပြည်တစ်လွှား ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေရရှိဖို့ အားကြိုးမာန်တက်ဆောင်ရွက်ကြသူတွေအားလုံးကို ဒီနေရာက ချီးကျူးဂုဏ်ပြုလိုက်ပါတယ်။

အထူးသဖြင့် ကျွန်မတို့လူငယ်တွေရဲ့ စွမ်းပကားနဲ့ တက်ကြွမှုတွေအတွက် ချီးမွမ်းအားရမိပါတယ်။ ပြီးခဲ့တဲ့ ရက်တွေအတွင်းကပဲ လူငယ်တွေဟာ တိုင်းပြည်အနှံ့မှာ (၂၁)ရာစုပင်လုံညီလာခံကို ထောက်ခံကြောင်းဆိုပွဲတွေပြုလုပ်ခဲ့ကြပါတယ်။ ဒီအတွက်လည်း အထူးကျေးဇူးတင်ပါတယ်။

ပြည်သူလူထုရဲ့ ထောက်ခံမှုမရှိဘဲ ဘယ်ငြိမ်းချမ်းရေးဖြစ်စဉ်မှ အောင်မြင်မှာမဟုတ်ပါဘူး။ ငြိမ်းချမ်းရေးဆိုတာ ခေါင်းဆောင်တွေသက်သက်ကအထက်ကချပေးနိုင်တဲ့အရာ မဟုတ်ပါဘူး။ ငြိမ်းချမ်းရေးဆိုတာ ညီလာခံခန်းမတွေမှာသာ မွေးဖွားပေါ်ပေါက်လာတာ မဟုတ်ပါဘူး။ ငြိမ်းချမ်းရေးအတွက် ပြည်သူအားလုံးရဲ့တက်ကြွတဲ့ ပါဝင်လှုပ်ရှားမှု ထောက်ခံအားပေးမှုတွေ လိုအပ်ပါတယ်။ ပိုမိုကောင်းမွန်တဲ့ အနာဂတ်တစ်ခုပေါ်ပေါက်လာဖို့အတွက် ကျွန်မတို့ တိုင်းသူပြည်သားအားလုံးဟာ မဆုတ်မနစ်တဲ့သတ္တိနဲ့ သန္ဓိဌာန်ကို အကြိမ်ကြိမ်ပြသခဲ့ပြီးဖြစ်ပါတယ်။ ရှေ့လာမယ့် ငြိမ်းချမ်းရေးအတွက် ဆွေးနွေးညှိနှိုင်းမှုတွေဟာ ဘယ်လောက်ခက်ခဲပါစေ ကိုယ့်ရဲ့ခေါင်းဆောင်တွေ ဉာဏ်အမြော်အမြင်တွေ၊ သတ္တိ၊ စာနာမှုတို့နဲ့ ဆောင်ရွက်ကြမယ်ဆိုရင် ပြည်သူလူထု လိုလားတဲ့ငြိမ်းချမ်းရေးကို ရနိုင်မှာပါ။

ကျွန်မတို့ ကြိုးပမ်းဆောင်ရွက်မှုတွေဟာ ဒီကနေ့ ဒီအခန်းထဲမှာရှိတဲ့ လူတွေရဲ့ အကျိုးစီးပွားအတွက် အဓိကမဟုတ်ပါဘူး။ အနာဂတ်မျိုးဆက်သစ်တွေ စိတ်ရောကိုယ်ပါ ငြိမ်းချမ်းလုံခြုံစွာ ရှင်သန်ကြီးပြင်းလာနိုင်ဖို့ အတွက် ဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ နောက်လာမယ့်မျိုးဆက်တွေဟာ ပဋိပက္ခတွေ၊ ဆုံးရှုံးနစ်နာမှုတွေကြောင့် စိတ်၊ ခန္ဓာ ဒဏ်ရာအနာတရတွေ ဘယ်တော့မှ မရသင့်တော့ပါဘူး။

ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရမှသာ ကျွန်မတို့တိုင်းပြည်ကြီးပွားတိုးတက်မှာ ဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ မတူကွဲပြားမှုတွေဟာ ပျော်ရွှင်ဂုဏ်ယူဖွယ်ဖြစ်လာပါမယ်။ နောက်ဆုံးကျွန်မတို့ရဲ့ ပြည်သူလူထုဟာ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ ရင်သွေးတွေအဖြစ်နဲ့ မိမိတို့ရဲ့ ပင်ကိုအရည်အချင်းတွေကို ဖော်ထုတ်ပြီး ပွဲလယ်တင့်နိုင်ကြမှာပါ။

နောက်ဆုံးနိဂုံးချုပ်အနေနဲ့ ကြမ်းတမ်းခက်ခဲလှတဲ့ ငြိမ်းချမ်းရေးလမ်းကြောင်းပေါ် မတိမ်းမစောင်း လျှောက်လှမ်းခဲ့နိုင်အောင် အားပေးကူညီခဲ့ကြတဲ့ ကျွန်မတို့ရဲ့ ပြည်သူတွေနဲ့မိတ်ဆွေတွေကို လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ကြောင်း ပြောပါရစေ။ မှန်ကန်တဲ့အဖြေကို အတူတကွရှာဖွေဖော်ထုတ်ကြမယ်ဆိုရင် ကျွန်မတို့ရဲ့ အိပ်မက်တွေ လက်တွေ့အကောင်အထည်ပေါ်လာမယ်လို့ ယုံကြည်ပါတယ်။ "ကိုယ့်အိပ်မက်ကို လက်တွေ့အကောင်အထည်ဖော်နိုင်တဲ့ အိပ်မက်ရှင်ဟာ အားလုံးရဲ့တကယ့်အရှင်သခင်ဖြစ်တယ်" ဆိုတဲ့ စကားရှိပါတယ်။ တစ်တိုင်းပြည်လုံးရဲ့ အိပ်မက်တွေကို အမှန်တကယ် လက်တွေ့အကောင်အထည်ပေါ်လာအောင် လုပ်နိုင်မယ်ဆိုရင် ကျွန်မတို့ဟာ အမှန်တကယ် ကိုယ့်ကိုယ်ကိုယ် လွှမ်းမိုးနိုင်တဲ့ အရှင်သခင်တွေဖြစ်ကြမှာပါ။

ကျွန်မတို့ရဲ့ လွတ်လပ်တဲ့ နိုင်ငံရဲ့ဖခင်ကြီးတွေဟာ ကိုယ့်တိုင်းပြည်ရဲ့ ကံကြမ္မာကို ကိုယ့်ဘာသာဖန်တီးနိုင်မယ့် အခွင့်အရေးကို မျှော်မှန်းခဲ့ပါတယ်။ ရရှိဖို့ကြိုးစားခဲ့ပါတယ်။ ရှင်းလင်းတိကျတဲ့ ရေရှည်အမြင်၊ ခိုင်မာတဲ့သန္ဓိဌာန်တို့နဲ့ ညီညွတ်ယုံကြည်ခြင်းတို့ရဲ့ ခိုင်မာတဲ့စုစည်းမှုအတွင်းက ဒီအခွင့်အရေးကို ဝင့်ကြွားစွာ ကျင့်သုံးကြပါစို့။

ကျေးဇူးတင်ပါတယ်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ဒုတိယသမ္မတများ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌများ၊ နိုင်ငံရေးပါတီများနှင့် တိုင်းရင်းသားအဖွဲ့များမှ တာဝန်ရှိသူများနှင့် နိုင်ငံတော်အစိုးရ၊ လွှတ်တော်တို့မှ ကိုယ်စားလှယ်များ (အပေါ်ပုံ)နှင့် တိုင်းရင်းသားအဖွဲ့အစည်းများ၊ လက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ (အောက်ပုံ) တို့ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

☆ ပြည်ထောင်စုမှ

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မျှးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မျှးကြီးစိုးဝင်း၊ လွှတ်တော်ဒုတိယ ဥက္ကဋ္ဌများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများ၊ လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ အစိုးရ၊ လွှတ်တော်နှင့် တပ်မတော်သားအစုအဖွဲ့မှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ပါဝင်သင့်ပါဝင်ထိုက်သူအစုအဖွဲ့မှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိ၊ ဒုတိယဥက္ကဋ္ဌ နော်စီဖိုးရာစိန်၊ KKO ဥက္ကဋ္ဌ စောမူရှေး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်၊ ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC) ဒုတိယဥက္ကဋ္ဌ စောထော့လေး၊ အထွေထွေအတွင်းရေးမှူး နော်ကပေါ်ထူး၊ ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS / SSA) ဒုတိယစစ်ဦးစီးချုပ် ဘောင်ခေး၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) နာယကခွန်ဥက္ကာ၊ ဥက္ကဋ္ဌ ခွန်မြင့်ထွန်း၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဗဟိုကော်မတီဝင် ဒေါ်စောမြရာဇာလင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) ဥက္ကဋ္ဌ ရဲဘော်သံခဲ၊ ချင်းအမျိုးသားတပ်ဦး (CNF) မှ ဆလိုင်းလျန်မှုန်းဆာခေါင်း၊ "ဝ" တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ (UWSA)စစ်ဒေသ ၁၇၁ မှ ဆမ်လော့၊ အထူးဒေသ (၄) မိုင်းလား ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းလင်း၊ ကချင်အမျိုးသားလွတ်မြောက်ရေးအဖွဲ့ (KIO) ဒုတိယဥက္ကဋ္ဌ ဦးအင်ဘန်လ၊ ဒုတိယဥက္ကဋ္ဌ-၁ ဗိုလ်ချုပ်ဝွမ်မော်၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ဒုတိယဥက္ကဋ္ဌခူဦးရယ်၊ စစ်ရေးချုပ်အဆင့်ရှိ ဖုန်းနိုင်၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP / SSA) ဗဟိုကော်မတီဝင် စိုင်းဒူး၊ မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ နိုင်ဟံသာ၊ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်း၊ ပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ညီညွတ်မှုအခြေခံ ပင်လုံညီလာခံသီချင်းဖြင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ ဂီတအစည်းအရုံးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက သီဆိုကပြဖျော်ဖြေပြီး အခမ်းအနားကို ဖွင့်လှစ်သည်။

ယင်နောက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က အဖွင့်မိန့်ခွန်းပြောကြားသည်။ **(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ အဖွင့်မိန့်ခွန်းကို ရှေ့ဖုံးတွင် သီးခြားဖော်ပြထားပါသည်။)**

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မျှးကြီး မင်းအောင်လှိုင်၊ ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုး၊ ကချင်အမျိုးသားလွတ်မြောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအင်ဘန်လ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယကဦးတင်ဦးနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းတို့က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားကြသည်။ **(ၜင်းတို့၏ နှုတ်ခွန်းဆက်စကားများကို စက်တင်ဘာ ၂ ရက်နေ့ထုတ် သတင်းစာများတွင် ဆက်လက်ဖော်ပြသွားပါမည်။)**

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြေညီထပ်ရှိ ဧည့်ခန်းမဆောင်၌ နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ဒုတိယသမ္မတများ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌများ၊ နိုင်ငံရေးပါတီများနှင့် တိုင်းရင်းသားအဖွဲ့များမှ တာဝန်ရှိသူများသည် နိုင်ငံတကာမှ သံတမန်များ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ လက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များနှင့် လည်းကောင်း၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် လည်းကောင်း၊ အစိုးရနှင့်လွှတ်တော်တို့မှ ကိုယ်စားလှယ်များနှင့်လည်းကောင်း စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်စုစုလွင်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ဇနီး Mrs. Ban Soon-taek တို့ ရင်းရင်းနှီးနှီးတွေ့ဆုံ

နေပြည်တော် သြဂုတ် ၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ဇနီး ဒေါ်စုစုလွင်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ဇနီး Mrs. Ban Soon-taek တို့သည် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော်၌ တွေ့ဆုံခဲ့ကြသည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတ၏ဇနီးနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ဇနီးတို့သည် ရင်းနှီးခင်မင်စွာ နှုတ်ဆက်ကြပြီး နိုင်ငံတော်သမ္မတ၏ ဇနီးက လက်ဖက်ရည်ဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **(သတင်းစဉ်)**

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေတောင်ဆည်မှ မြို့ရေပေးရေးတိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်

လွိုင်ကော် သြဂုတ် ၃၁

လွိုင်ကော်ခရိုင် ဒီမောဆိုမြို့နယ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ငွေတောင်ဆည်မှ မြို့ရေပေးရေး တိုးချဲ့ခြင်းလုပ်ငန်းကို သြဂုတ် ၁၁ ရက်မှ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါငွေတောင်ဆည်မှ မြို့ရေပေးရေးတိုးချဲ့ခြင်းအားဖြင့် လာမည့်နှစ်များတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် ရေပြတ်လပ်မှုမရှိစေရေးအတွက် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ငွေတောင်ဆည်မှ မြို့ရေပေးရေးတိုးချဲ့ ဆောင်ရွက်ရာတွင် ကွန်ကရစ်လေဖြွန်လေးထောင့်ဖြစ်ပြီး အရှည် ပေ ၂၅၀၊ အမြင့် ၈၊ပေ၊ အနံ သုံးပေရှိသည်။

မြို့ရေပေးရေးတိုးချဲ့ခြင်းကို ပြည်နယ်အစိုးရရန်ပုံငွေ၊ ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေ ကျပ်သန်းပေါင်း ၇၂ သန်းကျော်ဖြင့် KT မြန်မာကုမ္ပဏီက တာဝန်ယူတည်ဆောက်နေကြောင်းနှင့် ယခုနှစ် နိုဝင်ဘာလကုန်တွင်လုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးစီးမည်ဟု ခန့်မှန်းထားကြောင်း ဒီမောဆိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိုးထိမ့ သိရသည်။

ဒီမောဆိုမြို့အတွင်း ရေမီတာလျှောက်ထားသူ အလုံးရေပေါင်း ၃၃၄ လုံးနှင့် အိမ်ခြေ ၉၅၀ ကျော်တို့ကို ရေများဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင်မြန်/ဆက်)

❖

ငြိမ်းချမ်းရေးဖော်ဆောင်တဲ့အခါ အထောက်အကူပြုဖို့ တစ်ထောင့်တစ်နေရာကနေ ပါဝင်ရမယ်ဆိုတဲ့ အသိစိတ်နဲ့ ကာတွန်းတွေရေးဆွဲဖြစ်သွားတယ်

ကာတွန်းကိုရွှေထူး(ပြည်)

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အောင်မြင်စွာကျင်းပနိုင်ရန်အတွက် ပြည်သူများ၊အလွှာအသီးသီး၊အဖွဲ့အစည်းအသီးသီးတို့ကလည်း ထောက်ခံပွဲများကို နိုင်ငံတစ်ဝန်း ခြိမ့်ခြိမ့်သဲကျင်းပလျက်ရှိရာ ကာတွန်းအနုပညာရှင်များ ကလည်း ၎င်းတို့ တတ်ကျွမ်းသည့်အတတ်ပညာဖြင့် ငြိမ်းချမ်းရေးကြီး အောင်မြင်စွာကျင်းပနိုင်ရန် တစ်ဖက်တစ်လမ်းမှ ပါဝင်ပံ့ပိုးခဲ့ကြသည်။

ကာတွန်းမောင်မောင်အောင်

ကာတွန်းဖောင်းဖောင်း

ကာတွန်းကိုရွှေထူး(ပြည်)

ကာတွန်းမောင်ရွှေဝင်း

ယနေ့ကျင်းပသည့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံဖွင့်ပွဲ အခမ်းအနားတွင် ကာတွန်းဆရာများက ငြိမ်းချမ်းရေးအတွက် အထောက်အကူပြုရန် ၎င်းတို့တတ်ကျွမ်းသည့်အတတ်ပညာဖြင့် ရေးဆွဲထားသည့် ကာတွန်းပေါင်း ၁၀၀ ကျော်ကို ပြသထားခဲ့ရာ ကာတွန်းဆရာများ၏ ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် အမြင်များကို ဖော်ပြလိုက်ပါသည်။

ကာတွန်းမောင်မောင်အောင်

ငြိမ်းချမ်းရေးညီလာခံကိုအများ မျှော်လင့်သလို ပြည်သူတစ်ယောက်ဖြစ်တဲ့ ကာတွန်းဆရာတွေကလည်း ငြိမ်းချမ်းရေးကို မျှော်လင့်တာပေါ့။ ဒါကြောင့် ကျွန်တော်တို့တတ်တဲ့ ကာတွန်းပညာနဲ့ ငြိမ်းချမ်းရေးအတွက် ပံ့ပိုးပေးတဲ့ သဘောပါ။ ကျွန်တော်တို့ကတော့ ငြိမ်းချမ်းရေးညီလာခံကို အောင်မြင်စေချင်တယ်။ ကျွန်တော်ဆို အသက် (၆၀) ကျော်လာပြီ၊ ငြိမ်းချမ်းရေးကို ရန်ဦးရန်ဖြေ မျှော်လာတာ တစ်သက်ရှိနေပါပြီ။ အခုလို အခွင့်အခါ ကြုံလာတဲ့အခါမှာ ကျွန်တော်တို့တတ်တဲ့ပညာနဲ့ ပူးပေါင်းပါဝင်ဖို့ စိတ်ကူးဖြစ်လာပါတယ်။

ကာတွန်းဖောင်းဖောင်း

(၂၁)ရာစုပင်လုံညီလာခံကြီး လုပ်မယ်ဆိုတာ ကြားကတည်းကပဲတိုးဖြစ်မိတယ်။ ကာတွန်းဆရာတွေက ဘာလုပ်ပေးနိုင်မလဲ၊ ဘယ်လိုကူညီပေးနိုင်မလဲ ဆိုပြီး ဆွေးနွေးကြတယ်။ ပထမဆုံး ရန်ကုန် ဗန္ဓုလပန်းခြံရှေ့မှာ ငြိမ်းချမ်းရေးကာတွန်းပြပွဲလုပ်ခဲ့တယ်။ အလွန်အောင်မြင်ခဲ့တယ်။ အခု ဒီညီလာခံမှာ ထပ်ပြီးလာပြတာပါ။

ဒီပွဲမှာကာတွန်းငါးခုရေးထားပါတယ်။ ရေးဆွဲတဲ့အခါမှာလည်း ကျွန်တော်တို့ စိတ်ခံစားမှုထက် ပြည်သူလူထုရဲ့စိတ်ခံစားမှုနဲ့ရေးဆွဲပါတယ်။ ပြည်သူလူထုက ငြိမ်းချမ်းရေးကိုလိုလားတောင့်တနေတယ်။ ဒါကြောင့် ပြည်သူတွေဆီကလာတဲ့ အသံတွေနဲ့ ကျွန်တော်တို့က ကာတွန်းရုပ်လေးတွေရေးဆွဲပြီး သရုပ်ဖော်ပေးတာပါ။ ကာတွန်းတစ်ကွက်ကြည့်လိုက်တာနဲ့ ဘာကိုဆိုလိုတာလဲဆိုတာ ပြည်သူကိုတစ်ချက်တည်းနဲ့ သိသွားစေပါတယ်။

ကာတွန်းကိုရွှေထူး(ပြည်)

ကာတွန်းကားပေါင်း ၃၀၀ နီးပါးနဲ့ ရန်ကုန်မှာပြပွဲအရင်လုပ်ခဲ့တယ်။ နေပြည်တော်မှာတော့ ကာတွန်းကားပေါင်း ၁၀၀ လောက်ပြသပါတယ်။ ကာတွန်းဆရာပေါင်း အယောက် ၄၀ ပါဝင်ရေးဆွဲထားပါတယ်။ အားလုံးမျှော်လင့်တောင်းတနေတဲ့ ငြိမ်းချမ်းရေးကို ကာတွန်းရေးဆွဲပြီး လှုံ့ဆော်ပြသပေးတာပါ။

တစ်တိုင်းတစ်ပြည်လုံးအတိုင်းအတာနဲ့ ငြိမ်းချမ်းရေးကိုလိုချင်နေကြတယ်။ ကာတွန်းဆရာတွေကလည်း ငြိမ်းချမ်းရေးဖော်ဆောင်တဲ့အခါ အထောက်အကူပြုဖို့ တစ်ထောင့်တစ်နေရာကနေ ပါဝင်ရမယ်ဆိုတဲ့အသိစိတ်နဲ့ ကာတွန်းတွေရေးဆွဲဖြစ်သွားတယ်။ ငြိမ်းချမ်းရေးကြီးအောင်မြင်စေဖို့အတွက် စိတ်ရောကိုယ်ပါနှစ်ပြီး ကာတွန်းတွေကိုရေးဆွဲခဲ့ပါတယ်။

ကာတွန်းမောင်ရွှေဝင်း

ရန်ကုန်မှာ ငြိမ်းချမ်းရေးအတွက် ကာတွန်းပြပွဲပြုလုပ်ခဲ့တဲ့ပွဲပြီးတော့ နိုင်ငံတော်က နေပြည်တော်မှာလည်း ကာတွန်းပြပွဲတစ်ခုပြုလုပ်ပေးပါဆိုတဲ့အတွက် သမိုင်းဝင်ငြိမ်းချမ်းရေး ပင်လုံညီလာခံကြီးမှာ ကိုယ်တတ်ထားတဲ့ပညာနဲ့ ပါဝင်ခဲ့တာပါ။ ကျွန်တော့်အနေနဲ့ကတော့ ကာတွန်းငါးခုရေးဆွဲပြသပါတယ်။ ပြည်သူတွေရဲ့ ခံစားချက်ကို အားလုံးသိရအောင်လို့ ကာတွန်းရေးဆွဲပြီး ပြပွဲပြုလုပ်ခြင်း ဖြစ်ပါတယ်။

တွေ့ဆုံမေးမြန်း- ရဲခေါင်ညွှန့်၊မင်းသစ်(သတင်းစဉ်)၊အောင်ရဲသွင်
ဓာတ်ပုံ-ဖိုးထောင်

■

ရွှေစျေး၊ စက်သုံးဆီစျေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဇူလိုင် ၃၁

ရန်ကုန်(ရွှေစျေး) စ၅၃၅၀၀ - စ၅၃၅၀၀ မန္တလေး(ရွှေစျေး) စ၅၃၅၀၀ - စ၅၃၅၀၀

စက်သုံးဆီစျေးနှုန်း		**ရန်ကုန်**	**မန္တလေး**
(က) ဒီဇယ်	တစ်လီတာ	၅၂၀/၅၃၀ ကျပ်	၅၅၀/၅၆၀ ကျပ်
(ခ) အောက်တိန်း 95	တစ်လီတာ	၅၇၀/၆၂၀ ကျပ်	၆၇၀ ကျပ်
(ဂ) အောက်တိန်း 92	တစ်လီတာ	၅၀၀/၅၃၀ ကျပ်	၅၅၀/၅၆၀ ကျပ်
(ဃ) အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၅၂၀/၅၆၀ ကျပ်	၆၀၀/၆၁၀ ကျပ်

ရန်ကုန် လက်ကားစျေး

ဒီဇယ် တစ်လီတာ ၄၉၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၃၂ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၄၉၀ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	- ၁၂၀၈.၀
(ခ)	ဥရောပ	တစ်ယူရို	- ၁၃၅၂.၇
(ဂ)	တရုတ်	တစ်ယွမ်	- ၁၈၀.၈၁
(ဃ)	ထိုင်း	တစ်ဘတ်	- ၃၄.၉၁၃
(င)	မလေးရှား	တစ်ရင်းဂစ်	- ၃၀၀.၇၆
(စ)	အိန္ဒိယ	တစ်ရူပီး	- ၁၇.၉၉၃
(ဆ)	ဂျပန်	တစ်ရာယန်း	- ၁၁၇၁.၆
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	- ၁၀၇.၆၂
(ဈ)	သြစတြေးလျ	တစ်ဒေါ်လာ	- ၉၁၃.၇၃
(ည)	စင်ကာပူ	တစ်ဒေါ်လာ	- ၈၈၅.၈၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ
(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၆။)
၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်
(၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၆-၂၀၁၇ ဝင်ငွေနှစ်အတွက်မှ စတင်အကျိုးသက်ရောက်စေရမည်။

၃။ ဝင်ငွေခွန်ဥပဒေတွင် ပါရှိသော "ကုမ္ဏီများဆိုင်ရာအခွန်ရုံး" ဆိုသည့် စကားရပ်ကို "အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (နဂ)၊ ပုဒ်မခွဲငယ် (၁) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(၁) ဤဥပဒေအရ တောင်းခံသည့် သို့မဟုတ် အခွန်ထမ်းကိုယ်တိုင်က ဝင်ငွေကြေညာလွှာနှင့်အတူ စည်းကြပ်မှုခံယူထားသည့် အခွန်အားလုံးကိုဖြစ်စေ၊ တချို့တစ်ဝက်ကိုဖြစ်စေ သတ်မှတ်ထားသည့် သို့မဟုတ် တိုးမြှင့်ပေးထားသည့် အချိန်ကာလအတွင်း ပေးဆောင်ရန် ပျက်ကွက်သူ၊"

၅။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၅ တွင် -

(က) ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၃)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(၃) ပင်စင်၊ ပင်စင်မှ ပြောင်းလဲ၍ ရရှိသောငွေနှင့်လုပ်သက်ဆုငွေ (Gratuity)၊"

(ခ) ပုဒ်မခွဲ (ဃ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဃ) ကုလသမဂ္ဂ၊ သံတမန်၊ ကောင်စစ်ရေးရာ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ရင်းနှီးမြှုပ်နှံမှုနှင့် အထူးစီးပွားရေးဇုန်ဆိုင်ရာဥပဒေတစ်ရပ်ရပ်နှင့် အဆောင်အယောင်များ ဆိုင်ရာဥပဒေတစ်ရပ်ရပ်တို့တွင် ဝင်ငွေခွန်နှင့်သက်ဆိုင်သည့်အကျိုးခံစားခွင့်များပြဋ္ဌာန်းပါရှိလျှင် ယင်းပြဋ္ဌာန်းချက်များနှင့်အညီ ခံစားခွင့်ရှိစေရမည်။ ယင်းဥပဒေများမှတစ်ပါး အခြားဥပဒေတစ်ရပ်ရပ်တွင် ဝင်ငွေခွန်နှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်ကို မည်သို့ပြဋ္ဌာန်းပါရှိစေကာမူ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေနှင့်ဝင်ငွေခွန်ဥပဒေတို့ပါ ပြဋ္ဌာန်းချက်အတိုင်း လိုက်နာဆောင်ရွက်ရမည်။"

၆။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) နှင့် ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ် (၂)၊ပုဒ်မခွဲငယ်စိတ် (ခခ)တို့တွင် ပါရှိသော "အခွန်ထမ်း၏ အိမ်ထောင်ဖက်နှင့် သားသမီးများ" ဆိုသည့်စကားရပ်ကို "နည်းဥပဒေပါ သတ်မှတ်ချက်များနှင့်ကိုက်ညီသည့်အခွန်ထမ်း၏အတူနေ မိဘ၊ အိမ်ထောင်ဖက်နှင့် သားသမီးများ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၈ တွင် -

(က) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၄) ၌ ပါရှိသော "ပစ္စည်း" ဆိုသည့် စကားရပ်ကို "ပစ္စည်းဌာနရမ်းခ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ(ခ)၌ ပါရှိသော "လစာမှ ဝင်ငွေ၊ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေ၊ ပစ္စည်းမှဝင်ငွေ" ဆိုသည့် စကားရပ်ကို "အသက်မွေးဝမ်းကျောင်းပညာ လုပ်ငန်းမှ ဝင်ငွေ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၉။ မည်သူမဆို အလုပ်ရှင်ထံမှ မိမိရရှိသည့် သို့မဟုတ် ရရန်ရှိသည့် လစာ၊ လုပ်ခ၊နှစ်စဉ်ကြေး၊ ဆုကြေး၊ ခီးမြှင့်ငွေ၊လစာနှင့်လုပ်ခအစားသို့မဟုတ် ယင်းတို့အပြင်ထပ်ဆောင်းရရှိသည့် အခကြေးငွေ၊ ကော်မရှင်တို့အတွက် လစာခေါင်းစဉ်ဖြင့် အခွန်ထမ်းဆောင်ရမည်။"

၉။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ်(၃) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၃) လုပ်ငန်းပမာဏနှင့်မမျှအောင်များသည့်စရိတ်၊ မဆီလျော်သည့်စရိတ်၊ ထိုဝင်ငွေရရန် ကုန်ကျခြင်း မဟုတ်သည့်စရိတ်၊"

၁၀။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၂ ၏ ဘေးခေါင်းစဉ်၌ ပါရှိသော "ပစ္စည်း" ဆိုသည့် စကားရပ်ကို "ပစ္စည်းဌာနရမ်းခ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ(က) တွင် ပါရှိသော "ပစ္စည်းခေါင်းစဉ်ဖြင့်" ဆိုသည့် စကားရပ်ကို "ပစ္စည်းဌာနရမ်းခခေါင်းစဉ်ဖြင့်" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အစားထိုးရမည်။

၁၁။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၆-က တွင် ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ပုဒ်မ ၁၅ အရ ပေးဆောင်ရသည့်အခွန်သည် ထိုနှစ်အတွင်းမိမိရရှိမည့် စုစုပေါင်းဝင်ငွေကိုခန့်မှန်းတွက်ချက်၍ ယင်းအပေါ်တွင် ကျသင့်သည့်အခွန်ဖြစ်ရမည်။ ယင်းအခွန်ကို -

(၁) သုံးလတစ်ကြိမ် ပေးသွင်းရမည်ဖြစ်ပြီး သုံးလပြည့်မြောက်သည့် နေ့ရက်မှ ၁၀ ရက်အတွင်း သတ်မှတ်သည့်နည်းလမ်းများအတိုင်း ပေးသွင်းရမည်။

(၂) ပုဒ်မခွဲငယ်(၁) အရ သတ်မှတ်ရက်အတွင်း ပေးသွင်းလျှင် သက်ဆိုင်ရာ ဝင်ငွေခွန်အတွက် ပေးသွင်းသည့် အခွန်အဖြစ်ဟု မှတ်ယူရမည်။

(ခ) အခြေပစ္စည်းမှ မြတ်စွန်းငွေဖြစ်ပါက အခြေပစ္စည်းကို ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုသည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်းအခြေပစ္စည်းမှ မြတ်စွန်းငွေအပေါ် ကျသင့်သည့်အခွန်ကို ခန့်မှန်းတွက်ချက် ပေးသွင်းရမည်။"

၁၂။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၇၊ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) မည်သူမဆို ဝင်ငွေနှစ်အတွင်း ဝင်ငွေခွန်စည်းကြပ်ထိုက်သည့် စုစုပေါင်းဝင်ငွေရရှိလျှင် ထိုဝင်ငွေနှစ်အတွက် မိမိ၏ဝင်ငွေကြေညာလွှာကိုလည်းကောင်း၊ ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးအဖွဲ့အစည်းများမှအပ ကုမ္ဏီအပါအဝင် မည်သည့် ပုဂ္ဂိုလ်စုမဆို ထိုဝင်ငွေနှစ်အတွက် မြတ်စွန်းငွေရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဝင်ငွေ ကြေညာလွှာကိုလည်းကောင်း စည်းမျဉ်းများဖြင့်ပြဋ္ဌာန်းထားသည့်အတိုင်း ဝင်ငွေနှစ်ကုန်ဆုံးပြီး သုံးလအတွင်း ပေးပို့ရမည်။ သို့ရာတွင် လစာခေါင်းစဉ်မှ ဝင်ငွေသာ ရရှိသူဖြစ်လျှင် ယင်းသို့ပေးပို့ရန် မလို၊"

၁၃။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃၀၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၅) ၏ နောက်တွင် ပုဒ်မခွဲငယ် (၆)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(၆) ဖြစ်ထွန်းရရှိသည့် မိမိ၏ဝင်ငွေအပေါ် ကျသင့်အခွန်ကို ကိုယ်တိုင်တွက်ချက်စည်းကြပ်ပေးဆောင်စေရန် ဤဥပဒေအရ ခွင့်ပြုထားသူ။"

၁၄။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃၁၊ ပုဒ်မခွဲ (က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) အခြားနိုင်ငံတစ်ခုခု သို့မဟုတ် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုခုနှင့် ဝင်ငွေခွန်ကိစ္စပါဝင်သော အခွန်နှစ်ထပ် စည်းကြပ်ကောက်ခံမှု ရှောင်ရှားရေးသဘောတူစာချုပ် သို့မဟုတ် အခွန်ဆိုင်ရာ သတင်းအချက်အလက်များ အပြန်အလှန်လဲလှယ်ရေးသဘောတူစာချုပ် သို့မဟုတ် သက်သာသောအတိုးနှုန်းဖြင့် ချေးငွေရယူခြင်းဆိုင်ရာ သဘောတူစာချုပ်စသည့် သဘောတူစာချုပ်တစ်ရပ်ချုပ်ဆိုပါက ဤဥပဒေပါအခြားပြဋ္ဌာန်းချက်များတွင် မည်သို့ပင်ပါရှိစေကာမူ ယင်းစာချုပ်ပါ သဘောတူညီချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။"

၁၅။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃၂၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(၂) ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူးထံ လျှောက်ထား၍ ယင်းက ဆုံးဖြတ်သည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်း။"

၁၆။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃၄ ပါ"ပြည်သူ့တရားသူကြီးအဖွဲ့" ဆိုသည့် စကားရပ်များကို "ပြည်ထောင်စုတရားလွှတ်တော်ချုပ်"ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃၄၊ပုဒ်မခွဲ (ဃ) ပါ "ယင်းတရားသူကြီးအဖွဲ့" ဆိုသည့် စကားရပ်ကို "ယင်းတရားလွှတ်တော်ချုပ်" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အစားထိုးရမည်။

၁၇။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃၇၊ ပုဒ်မခွဲ(ခ)၏ နောက်တွင် ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဂ) အခွန်ထမ်းက မိမိရရှိမည့် ပြန်အမ်းငွေနှင့်စပ်လျဉ်း၍ ဝင်ငွေခွန်စည်းကြပ်မှု တစ်ရပ်ရပ်အရ ပေးဆောင်ရမည့် အခွန်ငွေတွင် ခုနှိမ်ပေးရန် သို့မဟုတ် လက်ရှိ ဝင်ငွေခွန်အတွက် ကြိုတင်ပေးသွင်းရမည့် ဝင်ငွေခွန်အဖြစ် သတ်မှတ်ပေးရန်တင်ပြပါက မြို့နယ်အခွန် ဦးစီးဌာနမှူးသည် အခွန်ထမ်း၏ တင်ပြချက်နှင့်အညီ ဆောင်ရွက်ပေးနိုင်သည်။"

၁၈။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၄၂ နှင့် ပုဒ်မ ၄၄ တို့တွင် ပါရှိသော "ပုဒ်မ၇ အရ မြို့နယ်အခွန်ဦးစီးဌာနမှူး" ဆိုသည့် စကားရပ်ကို "မြို့နယ်အခွန်ဦးစီးဌာနမှူး"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၉။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၄၄ ၊ ပုဒ်မခွဲ (ခ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) ပုဒ်မခွဲ(က)အရ ဝင်ရောက်ကြည့်ရှုစစ်ဆေးရာ၌ တွေ့ရှိသော မည်သည့်နည်းစနစ်ဖြင့်မဆို ထိန်းသိမ်းထားရှိသော စာရင်းများ၊ စာရွက်စာတမ်းများကို ကြည့်ရှုစစ်ဆေးခွင့်၊ ယင်းတို့ကို မှတ်မိစေရန် တံဆိပ်အမှတ်အသား ရိုက်နှိပ်ခွင့်၊ မှတ်သားခွင့်စနစ်တစ်ခုလုံးကိုဖြစ်စေ၊ ယင်းတို့မှ ကောက်နုတ်ထားချက်များကိုဖြစ်စေ ထုတ်ယူခွင့်၊ မိတ္တူကူးယူခွင့်၊ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် သက်ဆိုင်သည့် ဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်းရယူခွင့်။"

၂၀။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၄၄ ၏ နောက်တွင် ပုဒ်မ ၄၄-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၄၄-က။ ပုဒ်မ ၄၄၊ ပုဒ်မခွဲ(က) နှင့် ပုဒ်မခွဲ (ခ) တို့ပါ အခွင့်အာဏာကျင့်သုံးခြင်းခံရသော ဥပစာနေရာ၏ ပိုင်ရှင် သို့မဟုတ် ဥပဒေနှင့်အညီ နေထိုင်သူက ယင်းပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့နှင့်အညီ ပြုလုပ်ပိုင်ခွင့်ရှိသူ သို့မဟုတ် ပြုလုပ်ခွင့်ရှိသည့် အဖွဲ့က ဥပစာနေရာသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် လိုအပ်သည့် အကူအညီများကို ပေးအပ်ရမည်။"

၂၁။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၄၇၊ ပုဒ်မခွဲ (ခ) တွင် ပါရှိသော "ထိမ်ချန်ခြင်းကြောင့် ပိုမိုကျသင့်သည့်အခွန်၏ ငါးဆယ်ရာခိုင်နှုန်းနှင့်ညီမျှသော ဒဏ်ငွေ" ဆိုသည့် စကားရပ်ကို "ထိမ်ချန်ခြင်းကြောင့် ပိုမိုကျသင့်သည့် အခွန်၏ တစ်ဆနှင့်ညီမျှသောဒဏ်ငွေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၂။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၅၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ပြည်တွင်းအခွန်များ ဦးစီးဌာနသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်

ညောင်လေးပင် ဩဂုတ် ၃၁

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်ပွဲအမှတ်စဉ်(၁/၂၀၁၆) ကို ဩဂုတ် ၂၉ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံက အဖွင့်အမှာစကားပြောကြားသည်။ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်မူဝါဒ ဦးတည်ချက်၊ ပြည်သူ့မူဝါဒ (၄) ရပ်အား နားလည်ကျင့်သုံးတတ်စေရန်၊ ဦးစီးတာဝန်နှင့်အညီ ဌာနလုပ်ငန်းများ ဆောင်ရွက်တတ်စေရန်၊ ရုံးလုပ်ငန်းများ စနစ်တကျ မှန်ကန်တိကျ မြန်ဆန်စေရန်၊ မိမိဌာနမှ ကျင့်သုံးသည့် ဥပဒေ၊ နည်းပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်တတ်စေရန်၊ ပြည်ထဲရေးဝန်ကြီးဌာန၏ တာဝန်ကြီး (၄)ရပ်ကို ခံယူကျင့်သုံး အကောင်အထည်ဖော် ဆောင်ရွက်တတ်စေရန် ရည်ရွယ်၍ ထွေ/အုပ်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ကျေးလက်၊ စည်ပင်သာယာ၊ လယ်စီ/စာရင်းအင်း၊ တရားရုံး၊ ငါးလုပ်ငန်း၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ စီမံကိန်း၊ တိမ္မေး/ကု၊ ဥပဒေ၊ ဆည်မြောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သစ်တောဌာနများမှ တာဝန်ရှိသူများက ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ မြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ စာရေးဝန်ထမ်း သင်တန်းသား ၁၄ ဦး၊ ရပ်ကွက်/ကျေးရွာ အုပ်စုများမှ အုပ်ချုပ်ရေးမှူး သင်တန်းသား ၆၁ ဦးနှင့် ရပ်/ ကျေး သင်တန်းသား ၆၁ ဦးတက်ရောက်ကြပြီး သင်တန်းကို ငါးရက်ကြာ စာတွေ့ လက်တွေ့ ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

သူရ(ညောင်လေးပင်)
○

Supergirl Season 2 ဇာတ်လမ်းတွဲကို ယခုနှစ် အောက်တိုဘာလတွင် ထုတ်လွှင့်ပြသမည်

စွန့်စားခန်းများပါဝင်သည့် စူပါဟီးရိုးအက်ရှင်ဇာတ်ကား Supergirl ကို ယမန်နှစ် နှစ်ကုန်ပိုင်းမှစတင်ကာ အမေရိကန်ရုပ်သံလိုင်းဖြစ်သည့် CBS တွင် ပြသခဲ့ပြီး ယခုနှစ်ကုန်ပိုင်းတွင်လည်း ယင်းဇာတ်ကား၏ Season 2 ကို ဆက်လက်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

Supergirl ၏ Season 2 တွင်လည်း ပင်တိုင်မင်းသမီးဖြစ်သူ Melissa Benoist က ခေါင်းဆောင်အဖြစ် ဆက်လက်ပါဝင်မည်ဖြစ်ပြီး အောက်တိုဘာ ၁၀ ရက်၌ အမေရိကန်ရုပ်သံလိုင်း The CW တွင် စတင်ပြသမည့် အဆိုပါ Supergirl Season 2 ၏ ပိုစတာကို ယမန်နေ့က ဖြန့်ချိခဲ့ကြောင်း သိရသည်။

၂၀၁၅ ခုနှစ် အောက်တိုဘာလအတွင်းက စတင်ပြသခဲ့သည့် Supergirl Season 2 ဇာတ်လမ်းတွဲသည် ယမန်နှစ်အတွင်းက ကျင်းပခဲ့သည့် People's Choice Awards ဆုပေးပွဲတွင် Favourite New TV Drama ဆုကို လည်းကောင်း၊ Critics' Choice Television Awards ဆုပေးပွဲတွင် Most Exciting New Seriesဆုကို လည်းကောင်း၊ ယခုနှစ်အတွင်း ကျင်းပခဲ့သည့် Saturn Awards ဆုပေးပွဲအခမ်းအနားတွင် Breakthrough Performance ဆုကိုလည်းကောင်း အသီးသီးရရှိခဲ့သည်။

ရုပ်သံဇာတ်လမ်းတွဲ အတော်များများတွင် သရုပ်ဆောင်ခဲ့ပြီး ပရိသတ်လက်ခံအားပေးမှုရရှိခဲ့သူ အမေရိကန် ရုပ်ရှင်သရုပ်ဆောင်နှင့် တေးသံရှင်တစ်ဦးဖြစ်သူ Melissa Benoist သည် ယခုနှစ် ဒီဇင်ဘာလတွင် ဖြန့်ချိပြသမည့် Patriots Day ဒရမ်မာဇာတ်ကားတွင်လည်း ပါဝင်သရုပ်ဆောင်ထားသည်။

မိဘနှစ်ပါးသည် ဘဝအတွက် စံပြပုဂ္ဂိုလ်များဖြစ်ကြောင်း စမစ်သ်မောင်နှမ ထုတ်ဖော်ပြောကြား

ဟောလိဝုဒ်၏ မျိုးဆက်သစ်အနုပညာရှင်များဖြစ်လာမည့် အနုပညာရှင် မောင်နှမနှစ်ဦး ဝီလ်လိုစမစ်သ်နှင့် ဂျေဒန်စမစ်သ်တို့က ၎င်းတို့၏ စံပြပုဂ္ဂိုလ်များသည် ၎င်းတို့၏ မိဘနှစ်ပါးပင်ဖြစ်ကြောင်း အင်တာဗျူးတစ်ခုတွင် ဖြေကြားခဲ့သည်။

ဟောလိဝုဒ်အနုပညာလောကတွင် စွယ်စုံရအနုပညာရှင်တစ်ဦးအဖြစ် ထင်ရှားပြီး ရွှေကမ္ဘာလုံးဆု၊ အော်စကာအကယ်ဒမီဆုနှင့် ဂရမ်မီဆုများရှင် သရုပ်ဆောင် ဝီလ်စမစ်သ်၏ ရင်သွေးရတနာများဖြစ်သည့် သမီး ဝီလ်လိုစမစ်သ်နှင့် သား ဂျေဒန်စမစ်သ်တို့အား စက်တင်ဘာလထုတ် အင်တာဗျူးမဂ္ဂဇင်း၏ မျက်နှာဖုံးရှင်အဖြစ် ဖော်ပြခြင်းခံခဲ့ရသည်။

အဆိုပါမဂ္ဂဇင်း၏ အင်တာဗျူးကဏ္ဍတွင် မင်းသား ဝီလ်စမစ်သ်၏ ရင်သွေးရတနာများဖြစ်သည့် အသက်(၁၈)နှစ်အရွယ်ရှိပြီး သရုပ်ဆောင်ပိုင်းဆိုင်ရာလှုပ်ရှားမှုများတွင် ပါဝင်ခဲ့သူ သား ဂျေဒန်စမစ်သ်နှင့် အသက်(၁၅)နှစ်အရွယ် သမီးငယ် ဝီလ်လိုစမစ်သ်တို့အား မိဘများ၏သြဇာလွှမ်းမိုးမှုများနှင့်ပတ်သက်ပြီး မေးမြန်းချက်များပါဝင်သည်။

"စတင်သိတတ်စအရွယ်ကတည်းက မိဘနှစ်ပါး၏ အကောင်းဆုံးကြိုးစားမှုတွေကို မြင်တွေ့ခဲ့ရတယ်။ သူတို့ရဲ့ အပြုသဘောဆောင်တဲ့ လမ်းညွှန်ပြသမှုတွေ၊ ပညာပေးဆုံးမသွန်သင်မှုတွေနဲ့ ကြီးပြင်းခဲ့ရတာပါ"ဟု သမီးဖြစ်သူ ဝီလ်လိုစမစ်သ်က အဆိုပါအင်တာဗျူးကဏ္ဍတွင် ဖြေကြားခဲ့သည်။

သရုပ်ဆောင် ဝီလ်စမစ်သ်သည် သရုပ်ဆောင်၊ တေးသံရှင်၊ တေးရေးဆရာ၊ အကမယ်နှင့် အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဂျေဒပင်ကတ်စမစ်သ်နှင့် ၁၉၉၇ ခုနှစ်က လက်ထပ်ခဲ့ပြီး ရရှိသည့်အနုပညာကြေးများဖြင့် ပရဟိတအဖွဲ့အစည်းများသို့ ဒေါ်လာငွေ သန်းပေါင်းများစွာကို လျှာ့ဒါန်းခဲ့သည့် အနုပညာဇနီးမောင်နှံလည်း ဖြစ်သည်။

ဝီလ်စမစ်သ်အနေဖြင့် ၎င်း၏ သားသမီးများအပေါ် ထားရှိသည့် သဘောထားများနှင့်ပတ်သက်ပြီး ဖေဖော်ဝါရီလအတွင်းက BBC Radio 1Xtra ၌

အသံလွှင့်ပြောကြားခဲ့ပြီး ဇနီးဖြစ်သူ ဂျေဒပင်ကတ်စမစ်သ်အနေဖြင့် သားသမီးနှစ်ဦးအား မိမိကိုယ်မိမိယုံကြည်မှုရှိစွာဖြင့် လွတ်လွတ်လပ်လပ် တွေးခေါ်စဉ်းစားတတ်သူများဖြစ်စေလိုကြောင်း ဖြေကြားခဲ့သည်။

စက်တင်ဘာလအတွင်း တစ်ကိုယ်တော်ဂီတခြေလှမ်းသစ်များဖြင့် ပြန်လည်ရောက်ရှိလာမည့် Song Ji Eun

အဖွဲ့လိုက် ဂီတလှုပ်ရှားမှုအပြင် တစ်ကိုယ်တော်လှုပ်ရှားမှုများကိုပါ ဆောင်ရွက်လျက်ရှိသည့် တောင်ကိုရီးယားကေပေါ့ပ်တေးသံရှင် Song Ji Eun က တစ်ကိုယ်တော်ဂီတခြေလှမ်းများဖြင့် စက်တင်ဘာလအတွင်း ပရီသတ်ထံ ပြန်လည်ရောက်ရှိလာမည်ဖြစ်ကြောင်း ထုတ်ဖော်ခဲ့သည်။

Song Ji Eun က ဩဂုတ် ၃၁ ရက်တွင် အဆိုပါတစ်ကိုယ်တော်လှုပ်ရှားမှုအတွက် ပိုစတာတစ်ခုကို ပရီသတ်များထံ ချပြမိတ်ဆက်ပေးခဲ့ပြီး ယင်းလှုပ်ရှားမှုအသစ်မှာ မီနီအယ်လ်ဘမ်ဖြစ်လာဖွယ်ရှိကြောင်း သိရသည်။ တေးသံရှင်နှင့် သရုပ်ဆောင် Song Ji Eun သည် Sweet Home, Sweet Honey အမည်ရှိ ဒရမ်မာဇာတ်လမ်းတွဲတွင် သူ၏သရုပ်ဆောင်ပိုင်းဆိုင်ရာစွမ်းရည်အချို့ကို မိတ်ဆက်ပေးခဲ့ပြီး နောက်ထပ်လာမည့်ဇာတ်လမ်းသစ်များတွင်လည်း မြင်တွေ့ရဖွယ်ရှိကြောင်း သိရသည်။

မျိုးစန္ဒာမောင်–စုစည်းသည်

ရုပ်မြင်သံကြားအစီအစဉ်များ

[၁- ၉ -၂၀၁၆ (ကြာသပတေးနေ့)]

မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

ညနေပိုင်း

၆း၀၀ -အဖွင့်
-မိုးလေဝသအစီအစဉ်
-MRTV Entertainment Music
၆း၂၀ -စွန်ဟိန်းဂူ
၆း၄၀ -ဒိုင်းနက်တိုင်းရင်းသားခလေ့
၆း၅၀ -နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ
၇း၀၅ -နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ရွှေရောင်လွှမ်းတဲ့နေ့သစ်ဆီ" (အပိုင်း-၇၅)
၇း၄၅ -နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ကိုယ့်ဘဝ ကိုယ့်အိပ်မက်" (အပိုင်း-၃၅)
၈း၂၀ -MRTV Entertainment Music
၈း၃၀ -နိုင်ငံခြားရုပ်ရှင် "AA Dekhen Zara"
၁၀း၂၅ -မြန်မာဒီဒီယိုဇာတ်လမ်း "လန်းကြမယ်ဟေ့ ကောင်းကောင်း"

ညနေပိုင်း

၀၄း၂၂ -ကာတွန်းအစီအစဉ် "101 Dalmatians"
၆း၀၀-အစီအစဉ်ပြီး၏။

၂-၉-၂၀၁၆ (သောကြာနေ့) နံနက်(၀၈း၀၀)မှ (၁၂း၀၀) ထိတို့ ယခင်နေ့ (၆)နာရီစာ(၂)ကြိမ် ပြသပါသည်။ မွန်းလွဲ(၁၂း၀၀)မှ (၁၄း၂၂)ထိ ယခင်နေ့ ညနေ (၀၆း၀၀)မှ (၁၀း၂၂) ထိ အစီအစဉ်များကို ပြသပါသည်။

မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀	မင်းကွန်းဆရာတော် ဘုရားကြီး၏ ပရိတ်တရားတော်
၇း၃၅	မင်းဗာဘုရင်နှင့် ရန်အောင်ဇေယျ ပုထိုးတော်ကြီး
၈း၃၀	ဘဒ္ဒန္တနန္ဒသာရ(မဟာဂန္ဓာ၀ါစကပဏ္ဍိတ)နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တွဲဖက်အကျိုးတော်ဆောင်၊ ကျိုက္ခမီအလယ်ကျောင်း၊ သံဖြူဇရပ်မြို့၊ မွန်ပြည်နယ်ထံမှ နဝင်ဥပဝေါသထသီလခံယူဆောက်တည်ခြင်း။
၈း၅၀	ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ. . . (၂၁)ရာစုပင်လုံ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
၁၁း၀၀	ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ. . . (၂၁)ရာစုပင်လုံ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
၄း၁၅	၂၀၁၆ခုနှစ် (၂၂)ကြိမ်မြောက် မြန်မာ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး၊ ပြိုင်ပွဲ ပြိုင်ပွဲဝင်များ
	လေ့လာနိုင်ရန် (အဆိုဘာသာရပ်) (ခေတ်ဟောင်းတေးနှင့် ကာလပေါ် တေး) (အခြေခံပညာ (၁၀-၁၅)အဆင့်)(အမျိုးသား)
၄း၃၅	Football Magazine (ရှမ်းယူနိုက်တက်အသင်း)
၅း၁၅	ပြည်သူတို့ရဲ့စကားသံများ
၅း၃၅	လက်တွေ့အသုံးချ ဘဏ္ဍာရေးသုတများ
၆း၃၅	မျက်မှောက်ရေးရာအဖြာဖြာ
၇း၁၅	နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါ ဂင်ချီ"(အပိုင်း-၉၁)
၈း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်းမိုးလေဝသအခြေအနေ
၉း၀၀	ပြည်တွင်းသတင်း -နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ"(အပိုင်း-၇၀) -မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင်(အပိုင်း-၂)

မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။

မြဝတီရုပ်မြင်သံကြား

၆း၀၃	တရားတော်
၈း၀၄	အမျိုးသားရေးတေးကဗျာ
၈း၁၀	VOA အင်္ဂလိပ်စာသင်ခန်းစာ
၈း၂၀	ရှေးဟောင်းသုတ
၈း၃၃	DVD Hits
၈း၄၅	ဇာတ်လမ်းတို
၉း၂၅	ဒေသန္တရဗဟုသုတအစုံစုံ အလှအဖုံဖုံ
၉း၅၀	Casual Talk
၁၀း၃၅	Cooking Art
၁၁း၁၀	သူနှင့်သူ၏သီချင်းများ
၁၁း၃၅	မောင်မယ်လေးများသိစေချင်
၁၂း၀၀	World Wide Web
၄း၂၅	အောင်မြင်ကျော်ကြား ဓာတ်ပြားရတေးများ
၄း၃၅	မြန်မာသံစဉ်ချိန်းဝင်
၄း၄၅	သီချင်းလက်ဆောင်
၅း၃၅	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အယ်ဒါနာ (အပိုင်း-၅၃)
၆း၁၅	ရင်ခုန်လှုပ်ရှားအားကစား
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မြစ်တစ်ဝင်းရဲ့အလက်ာ (အပိုင်း-၄၂) -ဘောလုံးကန်ကြမယ် -အနုပညာရှင်ရဲ့ ဒိုင်ယာရီတစ်မျက်နှာ -ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ရင်နင့်အောင်ချစ်သူရသူ (အပိုင်း-၃၃)

MRTV-4

၅း၀၀	ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်၊
၅း၄၀	"ရှင်သမိဒ္ဓိနှင့်နတ်မိမယ်" တရားတော် [ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တ နန္ဒမာလာဘိဝံသ]
၈း၀၀	"မင်္ဂလာပါ" The Morning Show
၁၀း၁၅	ခေတ်သစ်ပျံမေ
၁၁း၁၅	ဟင်းချက်ရအောင်
၁၁း၄၀	Myanmar Public Hospitals As sociation (MPHA)၏ Net working Trip ပဲခူးမှတောင်ဦးခရီးစဉ်
၁၂း၃၅	အနုပညာမိုးကောင်းကင်
၃း၅၅	Cartoon Series (English Play Ground)
၆း၁၀	Health Fix
၆း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သူပေးတဲ့ကတိစကား" (အပိုင်း-၅၁)
၇း၁၅	မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကိုလူပျို"(အပိုင်း-၄၀)
၈း၁၀	ရသစုံညွှန်းတမ်းများ
၈း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သူစွာတည်စေသော်" (အပိုင်း-၉၆)
၉း၁၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သူရသတ္တိမိန်းမလှလေး" (အပိုင်း-၂၃)
၉း၄၅	အနုပညာမိုးကောင်းကင်
၁၀း၀၅	MRTV-4 Stage
၁၀း၃၀	Asian Qualifiers Korea Republic Vs China PR(Delay)

ကလပ် ၂၂ သင်း၏ ကမ်းလှမ်းမှုရရှိခဲ့ပြီး ခရစ္စတယ်ပဲလေ့စ်ကိုသာ ရွေးချယ်ဖွယ်ရှိနေတဲ့ ဂျက်ဝီရှင်းယား

ပြီးခဲ့တဲ့ သြဂုတ် ၂၉ ရက်မှာ အာဆင်နယ် နည်းပြ ဝင်းဂါးက ကွင်းလယ်လူ ဂျက်ဝီရှင်းယားကို ပုံမှန်ကစားခွင့်ရမယ့်အသင်းတစ်ခုကို ရှာဖွေအင့်ဘားချသွားမယ်လို့ အတည်ပြုခဲ့ပြီးနောက် ၂၄ နာရီအတွင်း အီတလီ၊ စပိန်၊ အင်္ဂလန်မှာရှိတဲ့ ကလပ်အသင်း ၂၂ ခုက ကမ်းလှမ်းခဲ့ကြတယ်လို့ မေးရာဒေးလီးက ဖော်ပြခဲ့ပါတယ်။ အလန်ပါဂျူးကတော့ ဝီရှင်းယားကို ကာလရှည်အင့်ဘားစာချုပ်နဲ့ ခေါ်ယူနိုင်ဖို့မျှော်လင့်ထားပြီး သူတို့နှစ်ဦးတွေ့ဆုံမှုအပြီးမှာ ခရစ္စတယ်ပဲလေ့စ်ကိုသာ ရွေးချယ်ဖို့ ရာနှုန်းများသွားခဲ့တာဖြစ်ပါတယ်။

ဝီရှင်းယားကို ချဉ်းကပ်ခဲ့တဲ့ အသင်းတွေထဲမှာ ပရီမီယာလီဂ်မှ ဝက်ဖို့ဒ်၊ ဝက်စ်ဟမ်း၊ ဘုန်းမောက်အသင်းတွေပါဝင်ခဲ့ကြသလို စီရီးအေမှ ရိုးမား၊ စပိန်လာလီဂါမှ ဗလင်စီယာတို့လည်း ဝင်ရောက်လာပေမယ့် သူကတော့ ပရီမီယာလီဂ်ဘောလုံးလောကနဲ့ မဝေးကွာလိုတာကြောင့် ခရစ္စတယ်ပဲလေ့စ်ကိုသာ ရွေးချယ်မယ့် နောက်ထပ်အကြောင်းတရား တစ်ရပ်က ဒီကလပ်ဟာ လန်ဒန်အခြေစိုက် ကလပ်အသင်းဖြစ်တာကြောင့် သူ့ရဲ့ မိသားစုဝင်တွေ၊ ကလေးတွေနဲ့လည်း ဝေးကွာစရာ အကြောင်းမရှိတာကြောင့်ဖြစ်တယ်လို့ ဝီရှင်းယားရဲ့ ဖခင် အန်ဒီက ပြောပါတယ်။

ဝီရှင်းယားနဲ့ အာဆင်နယ်တို့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်း နှစ်နှစ်ကျန်နေသေးပြီး ဒဏ်ရာပြဿနာ မကြာခဏကြုံနေရတဲ့ သူ့ကို ပုံမှန်ပွဲထွက်ခွင့်ပေးနိုင်မယ့်အသင်းတစ်ခုကို အင့်ဘားချဖို့ အာဆင်နယ်ဘက်မှ စီစဉ်လာခဲ့တာဖြစ်သလို အင်္ဂလန်လက်ရွေးစင်လူစာရင်းမှာ ပါဝင်ခဲ့ခြင်းမရှိတာကြောင့် သူကိုယ်တိုင်ကလည်း အသင်းကနေ အင့်ဘားနဲ့ ထွက်ဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။ ခရစ္စတယ်ပဲလေ့စ်ကလည်း တောင်းဆန်၊ ဘန်တီကီနဲ့ ရိမီတို့ကို ခေါ်ယူနိုင်ခဲ့ပြီးနောက်မှာ ဝီရှင်းယားကို လည်း တစ်ပတ်လုပ်ခပေါင် ၈၀၀၀ နဲ့ ခေါ်ယူနိုင်မယ်လို့ အပြည့်အဝယုံကြည်မှုရှိနေတာပါ။

ယခင်ဘာစီလိုနာ ကွင်းလယ်လူဟောင်း ဇာဗီကတော့ ဒီအင့်ဘားချတဲ့ ကိစ္စရပ်က နှစ်ဦးနှစ်ဖက်အကျိုးရှိတဲ့ လုပ်ဆောင်ချက်ဖြစ်ပြီး အာဆင်နယ်နဲ့ ဘာစီလိုနာတို့ဟာ ဘောလုံးအတွေးအမြင်ချင်းတူတာကြောင့် ပုံမှန်ပွဲထွက်ခွင့်မပေးနိုင်သေးရင် တခြားအသင်းကို အင့်ဘားချပြီး ကစားသမားကို အတွေ့အကြုံရှာစေတာဖြစ်တယ်လို့ မှတ်ချက်ချပါတယ်။ အာဆင်နယ်က ဝီရှင်းယားအပြင် နောက်ခံလူချိန်ဘားစ်ကိုလည်း မစ်ဒယ်ဘရော့အသင်းဆီကို အင့်ဘားချထားပြီးဖြစ်ပါတယ်။

၂၀၁၈ ကမ္ဘာ့ဖလားအပြီး နိုင်ငံလက်ရွေးစင်အသင်းမှ အနားယူမည်ဟု ရွန်းနီ အတည်ပြု

အင်္ဂလန်လက်ရွေးစင်အသင်း၏ စံချိန်တင်ဂိုးသွင်းရှင်လည်းဖြစ်၊ အသင်းခေါင်းဆောင်လည်းဖြစ်သူ တိုက်စစ်မှူး ဝိန်းရွန်းနီသည် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲအပြီး နိုင်ငံလက်ရွေးစင်အသင်းမှ အနားယူတော့မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ အင်္ဂလန်နည်းပြ ဆမ်အလာဒ္ဒါက်စ်က ရွန်းနီမှာ အင်္ဂလန်လက်ရွေးစင်အသင်း၏ အသင်းခေါင်းဆောင်အဖြစ် ဆက်ရှိနေမည်ဖြစ်ကြောင်း သြဂုတ် ၃၀ ရက်ကပင် အတည်ပြုခဲ့ပြီးနောက် တစ်ရက်အကြာမှာပင် ရွန်းနီက ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

"ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲကြီး ပြီးဆုံးသွားတဲ့အချိန်ရောက်ရင် ကျွန်တော့်အနေနဲ့ အင်္ဂလန်အသင်းကို နှုတ်ဆက်ချိန်ရောက်ပြီလို့ ပြောရပါတော့မယ်။ ဒါက နောက်နှစ်နှစ်အကြာမှ ဖြစ်လာမှာပါ။ ကျွန်တော့်အသက်(၁၇)နှစ်အရွယ်မှာ နိုင်ငံအသင်းအတွက် စတင်ကစားပေးခဲ့ပြီး ၁၅ နှစ်တာကာလကြာအောင် ကစားပေးသွားမှာဖြစ်ပါတယ်။ ၁၅ နှစ်ဆိုတာ အင်မတန်ကြာမြင့်တဲ့ အချိန်ပါ" ဟု ရွန်းနီက ရှင်းလင်းပြောကြားခဲ့သည်။

ရွန်းနီမှာ လက်ရှိတွင် အသက်(၃၀)သာ ရှိသေးရာ လာမည့် ၂၀၁၈ ကမ္ဘာ့ဖလားတွင် အနားယူမည်ဆိုပါက အသက်(၃၂)နှစ်အရွယ်တွင် နိုင်ငံလက်ရွေးစင်အဖြစ်မှ အနားယူမည်ဖြစ်သည်။ ရွန်းနီသည် တနင်္ဂနေနေ့တွင် ယှဉ်ပြိုင်မည့် ဆလိုဗက်ကီးယားနှင့် ပွဲစဉ်တွင် နိုင်ငံအသင်းအတွက် အများဆုံးကစားထားသည့် ဒေးဗစ်ဘက်ခမ်း၏စံချိန်ကို ကျော်ဖြတ်နိုင်တော့မည်ဖြစ်သည်။

ၜင်းမှာ စတီဗင်ဂျာရတ်၏ အသင်းခေါင်းဆောင်လက်ပတ်ကို လွန်ခဲ့သည့် တစ်နှစ်ကျော် ကာလက ဆက်ခံခဲ့ပြီး အင်္ဂလန်အသင်းအတွက် စုစုပေါင်းပွဲစဉ် ၁၁၅ ပွဲ ဝင်ရောက်ကစားခဲ့ရာ သွင်းဂိုး ၅၃ ဂိုးအထိ သွင်းယူထားနိုင်သူဖြစ်သည်။ သို့သော် နည်းပြရှိုင်းဟော့ဂ်ဆန်လက်ထက်တွင် တိုက်စစ်နေရာတွင် ကစားခွင့်မရရှိခဲ့ဘဲ ကွင်းလယ်ကစားသမားအဖြစ်သာ ကစားခဲ့ရသလို ယခုဆမ်အလာဒ္ဒါက်စ်က မည်သည့်နေရာတွင် ကစားစေမည်လဲဆိုသည့် မေးခွန်းကို မီဒီယာများသို့ တိတိကျကျအဖြေပေးခြင်းမရှိခဲ့ပေ။ မန်ယူသို့ မော်ရင်ဟိုရောက်ရှိလာပြီးနောက် နောက်ချန်တိုက်စစ်မှူးအဖြစ်ကစားပေးနေပြီး ဆမ်အလာဒ္ဒါက်စ်က ၜင်းအား မည်သည့်နေရာတွင် ကစားခိုင်းသည်ဖြစ်စေ ပြဿနာမရှိကြောင်း ဖြေကြားခဲ့သည်။

မော်ရင်ဟိုနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ ပြဿနာမရှိဟု ရှဝိန်းစတိုင်ဂါဆို

မန်ယူနည်းပြသစ်မော်ရင်ဟိုလက်အောက်တွင် နေရာပျောက်ကာ အသင်းပြောင်းရွှေ့ရန် ဖိအားပေးခံရသူဟု သတင်းထွက်နေသည့် ရှဝိန်းစတိုင်ဂါက မော်ရင်ဟိုနှင့် သူ့အကြား ပုဂ္ဂိုလ်ရေးဆိုင်ရာ ပြဿနာမရှိဟု ထုတ်ဖော်ပြောကြားလိုက်သည်။ မော်ရင်ဟိုရောက်ရှိလာခဲ့ပြီးနောက်ပိုင်း ရှဝိန်းစတိုင်ဂါမှာ အသင်းပြောင်းရန် ဖိအားပေးခံခဲ့ရသကဲ့သို့ သီးခြားလေ့ကျင့်ရေးအစီအစဉ်များသာ ပြုလုပ်ခဲ့ရသည်။ မော်ရင်ဟို၏ ယင်းသို့ဆက်ဆံမှုအပေါ် ဘိုင်ယန်အမှုဆောင်အရာရှိချုပ် ရူမင်နစ်ဂ်ကပင် ဝေဖန်ချက်ထုတ်ခဲ့သလို ဘောလုံးအသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်အတော်များများကလည်း လူသိရှင်ကြားဝေဖန်ခဲ့ကြသည်။ သို့သော် ရှဝိန်းစတိုင်ဂါက "ကျွန်တော်အခုအချိန်မှာ မန်ယူအတွက် ကစားခွင့်ရချင်ပါတယ်။ မန်ယူအသင်းသားတွေဂိုးရရှိနိုင်ဖို့ ကျွန်တော်ပံ့ပိုးပေးလိုပါတယ်။ မော်ရင်ဟိုနဲ့ ကျွန်တော့်ကြား ပုဂ္ဂိုလ်ရေးမပြေလည်မှုမရှိပါဘူး။ ကျွန်တော့်အရည်အချင်းအပေါ်လည်း ကျွန်တော်အပြည့်အဝယုံကြည်မှုရှိတာကြောင့် မန်ယူအတွက် ပြန်လည်ကစားပေးရမယ့် အချိန်ကိုပဲ စောင့်ပါမယ်"ဟု ဂျာမနီအသင်းနှင့် ဖင်လန်အသင်းတို့ ချစ်ကြည်ရေးခြေစမ်းပွဲအကြို သတင်းစာရှင်းလင်းပွဲတွင် ထည့်သွင်းပြောကြားခဲ့သည်။

ကျွန်တော်တစ်နေ့ကို အပြောင်းအရွှေ့အတွက် ဖုန်းပဲ ပြန်ဖြေနေရတယ်ဟု မိုရာတာ ဖွင့်ဟ

ရီးယဲလ်မက်ဒရစ် တိုက်စစ်မှူး မိုရာတာက ယူရို-၂၀၁၆ ပြိုင်ပွဲကာလမှာ ၜင်းအတွက် အမှန်တကယ် ခက်ခဲခဲ့ပြီး အပြောင်းအရွှေ့အတွက် ချိတ်ဆက်လာသည့် ကလပ်အသင်းများကြောင့် နေ့စဉ်နေ့တိုင်း တစ်နေ့ကို ဖုန်း ၀ါးကြိမ်၊ ခြောက်ကြိမ်ခန့် ပြောခဲ့ရကြောင်း ဖွင့်ဟလိုက်သည်။ ရီးယဲလ်မက်ဒရစ်အသင်းသည် မိုရာတာအား စာချုပ်ပါ ပြန်လည်ဝယ်ယူခွင့်အချက်အလက်အရ ဂျူဗင်တပ်အသင်းမှ ပြန်လည်ခေါ်ယူခဲ့ခြင်းဖြစ်သည်။

သို့သော် ကလပ်အသင်းအတော်များများက ရီးယဲလ်မက်ဒရစ်အသင်းမှာ မိုရာတာအား ပြောင်းရွှေ့ကြေး အမြောက်အမြားဖြင့် ပြန်လည်ရောင်းချရန်အတွက် ခေါ်ယူခဲ့သည်ဟု ယုံကြည်ကြရာ မိုရာတာကို ရရှိရန် ယူရိုပြိုင်ပွဲကာလအတွင်းမှာပင် အပြိုင်အဆိုင်လှုပ်ရှားခဲ့ကြခြင်းဖြစ်သည်။ မိုရာတာက ယင်းကိစ္စရပ်ကို စဉ်းစားဆုံးဖြတ်ရာတွင် ပရော်ဖက်ရှင်နယ်စိတ်ဓာတ်ကိုသာ အခြေခံခဲ့ကြောင်း၊ မိမိနှင့် အကိုက်ညီဆုံးဖြစ်မည့် အဖြေကိုသာရှာဖွေခဲ့ကြောင်း ဖွင့်ဟခဲ့သည်။

ယူရိုအရှုံးကို မေ့ပျောက်၍ ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက်သာ အာရုံစိုက်ရန် အသင်းဟော်မျှားကို ဂရစ်ဇ်မန်းတိုက်တွန်း



ပြင်သစ်ကစားသမားများအနေဖြင့် ယူရို-၂၀၁၆ ဗိုလ်လုပွဲတွင် ရှုံးနိမ့်ခဲ့သည့် ဖြစ်ရပ်ကို မေ့ပျောက်၍ ၂၀၁၈ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်များအတွက်သာ အာရုံစိုက်ထားရန်လိုကြောင်း ပြင်သစ်တိုက်စစ်မှူး ဂရစ်ဇ်မန်းက တိုက်တွန်းလိုက်သည်။ ဂရစ်ဇ်မန်းမှာ ယူရို-၂၀၁၆ ပြိုင်ပွဲတွင် သွင်းဂိုးခြောက်ဂိုးဖြင့် ဂိုးအများဆုံး သွင်းယူနိုင်ခဲ့သူအဖြစ် ရပ်တည်နိုင်ခဲ့သော်လည်း ပေါ်တူဂီကို အရေးနိမ့်ခဲ့သည့် ဗိုလ်လုပွဲတွင် ဂိုးပေါက်ပျောက်ခဲ့သည်။

ပြင်သစ်အသင်းသည် စက်တင်ဘာ ၁ ရက်တွင် အီတလီအသင်းနှင့် ချစ်ကြည်ရေးခြေစမ်းပွဲ ကစားသွားမည်ဖြစ်ပြီး စက်တင်ဘာ ၆ ရက်တွင် ဘီလာရုစ်အသင်းနှင့် ကမ္ဘာ့ဖလားခြေစစ်ပွဲ ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြင်သစ်အသင်း၏ လူစာရင်းတွင် ပေါင်ဒဏ်ရာကြောင့် ယူရိုပြိုင်ပွဲ လွဲချော်ခဲ့သူ ဗဟိုခံစစ်မှူး ဗာရာနီ ပြန်လည်ပါဝင်လာမည်ဖြစ်ရာ ဗာရာနီပြန်လည်ကစားနိုင်ခြင်းက ပြင်သစ်အသင်းလူစာရင်းကို ပိုမိုတောင့်တင်းစေကြောင်းလည်း ဂရစ်ဇ်မန်းက ထောက်ခံလိုက်သည်။

Premier League

နွေဈေးကွက်အတွင်း ပေါင်တစ်ဘီလီယံကျော်အသုံးပြုခဲ့သည့် ပရီမီယာလီဂ်

ပရီမီယာလီဂ်အသင်းများသည် ယခုနှစ်နွေဈေးကွက်အတွင်း ကစားသမားအပြောင်းအရွှေ့အတွက် ပေါင်တစ်ဘီလီယံအထိသုံးစွဲခဲ့ပြီးဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။ ယင်းပမာဏမှာ ဈေးကွက်ပိတ်သိမ်းသည့် သြဂုတ် ၃၁ ရက် ည ၁၁ နာရီအချိန်အထိ ထည့်သွင်းတွက်ချက်ထားခြင်းမဟုတ်ဘဲ မွန်းလွဲပိုင်းအထိ တွက်ချက်ထားသည့် ပမာဏသာဖြစ်သည်။ ပရီမီယာလီဂ်အသင်းများသည် ပြီးခဲ့သည့်နွေဈေးကွက်အတွင်း ပေါင်သန်း ၈၇၀ ခန့်သာ သုံးစွဲခဲ့ပြီးဖြစ်ရာ ပရီမီယာလီဂ်၏ အသုံးစရိတ်မှာ တစ်ရာသီထက် တစ်ရာသီမြင့်တက်လာခဲ့ပြီး ယင်းသို့ ငွေသုံးကြမ်းနေခြင်းမှာ ပေါင် ၅ ဒသမ ၁ ဘီလီယံတန် ရှုပ်သံထုတ်လွှင့်ရေးစာချုပ်သစ်ကြောင့်ဖြစ်သည်။

အာဆင်နယ်သည် ပြီးခဲ့သည့်နှစ်နွေဈေးကွက်တွင် သိသိသာသာ လှုပ်ရှားခဲ့မှုမရှိသော်လည်း ယခုနှစ်တွင် ရော့ဒ်ဟိုးဒင်း၊ ဇာကာ၊ ပီရက်ဇ်နှင့် မူစတာဖီတို့အတွက် ပေါင်သန်း ၁၀၀ နီးပါးခန့် သုံးစွဲခဲ့သည်ကို တွေ့ရသည်။ မန်ယူအသင်းမှာမူ ကွင်းလယ်လူ ပေါ့ဘာတစ်ဦးတည်းအတွက် ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေး ပေါင် ၈၉ ဒသမ ၃ သန်းအထိ အသုံးပြုခဲ့သလို ချယ်လ်ဆီးအသင်းမှာ ဘက်ရှယာရီ ကန်တီတို့ တစ်ဦးစီအတွက် ပေါင်သန်း ၃၀ အထက် သုံးစွဲခဲ့ပြီး ဒေးဗစ်လုဇ်ကိုလည်း ပေါင်သန်း ၃၀ ဖြင့် ကမ်းလှမ်းထားဆဲဖြစ်သည်။

ဆက်လက် သင်းရား သား သည်

ရွှေ့လျားမော်တော်ယာဉ်ဖြင့် မှုခင်းပိုင်းဆိုင်ရာအသိပညာပေး လှည့်လည်ဟောပြော

အုတ်တွင်း ဩဂုတ် ၃၁

ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ ရဲမှူးကြီး မျိုးမင်းထိုက်၏ ကြီးကြပ်မှုဖြင့် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ်သို့ တာဝန်ခံ ဒုရဲမှူးသောင်းစိုး ပါဝင်သောအဖွဲ့နှင့် အုတ်တွင်းရဲတပ်ဖွဲ့ မြို့နယ်မှူး ရဲမှူး ရွှေဝင်းနှင့်အဖွဲ့တို့ ပူးပေါင်း၍ ဩဂုတ် ၂၈ ရက် မွန်းလွဲ ၂ နာရီခန့်က မှုခင်းအသိပညာပေး ဟောပြောပွဲ ပြုလုပ်ခဲ့သည်။ **(ယာဝုံ)**

ယင်းသို့ဟောပြောရာ အုတ်တွင်းမြို့နယ် ညောင်ခြေထောက်မြို့ အမှတ်(၂)ရပ်ကွက်၌ မွန်းလွဲ ၂ နာရီက ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့တွင်လည်းကောင်း၊ ညနေ ၃ နာရီခန့်က ကျွဲပွဲမြို့ ကျင်းကြီးရပ်ကွက် ကားဂိတ်လမ်းဆုံတွင်လည်းကောင်း၊ ညနေ ၄ နာရီခွဲက အုတ်တွင်းမြို့ ပဲခူးလမ်းရပ်ကွက် ကားဂိတ်လမ်းဆုံတွင်လည်းကောင်း မှုခင်းအသိပညာပေး ပြခန်းမော်တော်ယာဉ်ဖြင့် လှည့်လည်၍ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား မှုခင်းဆိုင်ရာကိစ္စရပ်များကို ဓာတ်ပုံ၊ ပိုစတာများဖြင့် အသိပညာပေးဟောပြောပွဲများဆောင်ရွက်ခဲ့ပြီး လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးအသိပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ ပညာပေးဟောပြောပွဲသို့ အုတ်တွင်းမြို့နယ်အတွင်းရှိ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၁၀၀ ကျော်ခန့် လာရောက်လေ့လာခဲ့ကြောင်း သိရသည်။

(ဖြူမြင့်ဦး)

ဆည်မြောင်းတာပေါင်လမ်းပေါ်တွင် ဓားကိုင်ရမ်းကားနေသူတစ်ဦးအား ဖမ်းဆီးအရေးယူ

မတ္တရာ ဩဂုတ် ၃၁

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ထန်းပင်ကုန်းကျေးရွာ အဝင် ဆည်မြောင်း တာပေါင်လမ်းပေါ်တွင် ဩဂုတ် ၂၉ ရက်က လူတစ်ဦး ဓားကိုင်ရမ်းကားနေကြောင်း သတင်းအရ မတ္တရာမြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲအုပ်ထွန်းဝင်း (နယ်ထိန်းခေါင်းဆောင်)နှင့်အဖွဲ့သည် သက်သေများနှင့်အတူ သွားရောက်ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ္တရာမြို့နယ် စာတိုက်တကာကျေးရွာနေ ကျော်ဇင်ဝိုင်း(၁၉)နှစ်သည် ဆည်မြောင်း တာပေါင်ပေါ်တွင် ဓားဦးချွန် လက်နက်ကိုင်ပြီး ရန်မူနှောင့်ယှက်သောင်းကျန်းရမ်းကားနေသည်ကို တွေ့ရှိရသဖြင့် ဝိုင်းဝန်းဖမ်းဆီးခဲ့ပြီး ၎င်းကိုင်ဆောင်သော အရိုးအသွားကိုးလက်မခန့်ရှိ ဓားဦးချွန်(ခေါက်ဓား)ကို သက်သေများရှေ့တွင် သိမ်းဆည်းခဲ့ပြီး ဓားဦးချွန် ကိုင်ဆောင်၍ အများပြည်သူသွားလာနေသည့် လမ်းပေါ်တွင် ရန်မူနှောင့်ယှက်ရမ်းကားနေသူ ကျော်ဇင်ဝိုင်းအား မတ္တရာမြို့ မရဲစခန်းမှ (၀)၁၄၁ /၂၀၁၆၊ လက်နက်ပုဒ်မ-၁၉(င)အရ အမှုဖွင့်ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

စိုးကျော်သူထွေး(မတ္တရာ)

အင်းစိန်ဘူတာအဝင် မိုင်တိုင် ၈/၁၈-၁၉ အကြားတွင် ရထားဘီးချော်မှုဖြစ်ပွား

ရန်ကုန် ဩဂုတ် ၃၁

ရန်ကုန် ဘူတာမှ လှေ့ာ်ကားဘူတာဘက်သို့ ထွက်ခွာလာသည့် မြို့ပတ်မီးရထားစက်ခေါင်း အမှတ်-DD-938 သည် ဩဂုတ် ၃၀ ရက် နံနက် ၈နာရီခန့်တွင် အင်းစိန်ဘူတာအဝင် မိုင်တိုင်အမှတ် (၈/၁၈-၁၉) အကြားအရောက် ရထားဘီးချော်ကျမှုဖြစ်ပွားခဲ့သည်။

အဆိုပါ ရထားဘီးချော်မှုအား အမြန်ဆုံးမတင်ပြီးစီးနိုင်ရေးနှင့် ရထားများ ပုံမှန်ပြေးဆွဲသွားလာနိုင်ရေးအတွက် မြန်မာ့မီးရထားမြို့ပတ်ဒီဇယ်စက်ရုံ(အင်းစိန်)က အလုပ်ရုံစုမှူးဦးလှငြေးဦးစီးအဖွဲ့သည် နံနက် ၉ နာရီ၄၅ မိနစ်က မတင်ခြင်းလုပ်ငန်းကို ရထားရဲတပ်ဖွဲ့မှ တပ်ခွဲမှူးဒုရဲမှူးစိုးမိုးလွင် အမှတ်(၁၄) တပ်ခွဲ (အင်းစိန်) ဦးစီးအဖွဲ့တို့နှင့် ပူးပေါင်း၍ ကူညီဆောင်ရွက်ပေးခဲ့သည်။ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် စက်ခေါင်းဘီးများ မတင်ပြီးစီးသွားခဲ့ကြောင်း ခရီးသွားပြည်သူများ ကြန့်ကြာမှုမရှိစေရေးနှင့် ရထားများ ပိတ်ဆို့မှုမရှိစေရေးအတွက် ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြင့်ဦး(အင်းစိန်)

ဝရိန်ဆော်ရာမှ ဂတ်စ်ပိုက်လိုင်းပေါ် မီးပွားကျ၍ မီးလောင်မှုဖြစ်

ရန်ကုန် ဩဂုတ် ၃၁။ ။အင်းစိန်မြို့နယ် တည်ငြိမ်ကုန်းရပ်ကွက် အောက်မင်္ဂလာဒုံလမ်းဘေး၊ ကုန်းလမ်းပို့ဆောင်ရေးဌာနခွဲရုံး (ရန်ကုန်)ဝင်းအတွင်းရှိ ဂိုဒေါင်တွင် ဩဂုတ် ၃၁ ရက် ညနေ ၃ နာရီ ၉ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်စဉ်မှာ တည်ငြိမ်ကုန်းရပ်ကွက် အောက်မင်္ဂလာဒုံလမ်းဘေး၊ ကုန်းလမ်းပို့ဆောင်ရေးဌာနခွဲရုံး(ရန်ကုန်)ဝင်းအတွင်းရှိ ဂိုဒေါင်အား CJ Korea Express ကုမ္ပဏီလီမိတက်မှ ငှားရမ်းကာ အေးကို (၂၀)နှစ် လှိုင်သာယာမြို့နယ်နေသူက သံထည်ပစ္စည်းများအား ဂတ်စ်အိုးဖြင့် ဝရိန်ဆော်ရာ ဂတ်စ်ပိုက်ပေါ် မီးပွားများကျရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ မီးသတ်ယာဉ် ၁၀ စီးဖြင့် ဒြိမ်းသတ်ရာ ညနေ ၃ နာရီ ၁၂ မိနစ်တွင် မီးလုံးဝဝြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် မီးပေါ့ဆစ္စာ အသုံးပြုခဲ့သူ ဝရိန်လုပ်သားအား အင်းစိန်မြို့မ ရဲစခန်းမှ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(၆၈၄)

ဇော်ထိပ်တန်း။ အာဘာအောင်ပင်းခေါင်ထွက်ပွဲ

- အာဘာအောင်ပင်းခေါင်ထွက်ပွဲ ပုပ္ပါး သီးသန့် (၁)ညအိပ်
- အာဘာထွက်ပွဲ ပုပ္ပါး၊ ပုဂံ၊ စွယ်တော်လေးဆူ၊ မခုကျွှ
- အာဘာထွက်ပွဲ ပုပ္ပါး၊ ပန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ
- အာဘာထွက်ပွဲ ပုပ္ပါး၊ တောင်ကြီး ဘင်းလေး ပင်းတယ၊ ထမိုဝမ်းဂူ

16-9-2016 ထွက်မည်

ခရီးစဉ်တိုင်း ဈေး+တည်း ၆ခြိမ်း

စီးလုံးငှားစီစဉ်ပေးသည် 01-701015, 09-5403844, 09-5044830

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒုတိယအကြိမ် ရက္ခပူရသာသနာလက်ာရစာမေးပွဲ

ဒုတိယအကြိမ်မြောက် ရက္ခပူရသာသနာလက်ာရစာမေးပွဲကြီးကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ဝင်ရောက်ဖြေဆိုလိုသော ရဟန်းသာမဏေသီလရှင်များသည် ပြည့်စုံစွာဖြည့်စွက်ထားသော စာမေးပွဲဝင်ခွင့်လျှောက်လွှာကို (၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့) နောက်ဆုံးထားပြီး ပေးပို့ကြပါရန် ရိုသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည်ဘုရား။

ကျင်းပမည့်နေ့ရက် - ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း(၃၊ ၄၊ ၅)
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ(၃၀၊၃၁)၊ ဖေဖော်ဝါရီလ ၁ ရက်

ကျင်းပမည့်နေရာ - အတုလမာရရိန်ပြည်လုံးချမ်းသာဘုရားကြီး၊ စစ်တွေမြို့။

စာအောင်ဆုနှင်းသတင်

ကျင်းပမည့်ရက် - ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်
- ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်

ကျင်းပမည့်နေရာ - ဦးဘတ္တမခန်းမ၊ စစ်တွေမြို့။

လျှောက်လွှာများအားပေးပို့ရန် - အမှတ်-၃တာ(၅၄)၊ ဦးဘတ္တမလမ်းကြား၊ ရူပခြောက်ရပ်ကွက်၊ စစ်တွေမြို့။
ဖုန်း-၀၉-၄၅၁၅၃၉၈၃၀၊ ၀၉-၄၂၁၀၁ ၂၄၆၇၊ ၀၉-၄၂၁၃၃၀၉၅

ရန်ကုန်လိပ်စာ - ဇေတဝန်အောင်စံကျောင်းတိုက်၊ ကျေးတမာလမ်း၊ ၁၄/၂ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၆၈၃၃၉ ဆရာတော်ဖုန်း-၀၉-၄၂၀၀၇၁၁၃

www.Facebook.Com/RAKHAPURA SASSANALINKARA ASSOCIATION

တွင် လျှောက်လွှာများကို ရယူနိုင်ပါသည်ဘုရား။

မှတ်ချက်။ ။ ရက္ခပူရသာသနာလက်ာရစာမေးပွဲ ပထမအဆင့် အောင်မြင်ထားပြီး သံယာတော်များကိုသာ ဒုတိယအဆင့်သို့ ဝင်ရောက်ဖြေဆိုခွင့်ပြုပါသည်ဘုရား။

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဝေဖြိုး[၁၄/ဘကလ(နိုင်)၂၇၈၈၇၂]၏ Passport No-M-388660, CDC-74163, 4 Ticket,Tanker, SSA တို့မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၆၈၅၂၅၃၄

ဖခင်အမည်မှန်

ဘားအံတက္ကသိုလ် သမိုင်းဘာသာရပ် ပထမနှစ်မှ စောတင်လှဝင်း [၃/ဘအန(နိုင်)၃၈၂၈၉၀]၏ ဖခင်အမည်မှန်မှာ ဦးစောဂေ (၁) ဦးတာကိုလို ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ပျဉ်းမနားမြို့ အထက(၃)၊ ဒဿမတန်း(E)မှ မစုပိုပိုထက်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဦး ဖြစ်ပါသည်။

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးသိန်းရင်ပိုင် MTI တွဲတွန်း တွဲဆွဲရေယာဉ်(၁၃၃၅)ရေယာဉ်တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်း (၁) ဦးမျိုးမြင့်[၁၂/ဆကခ(နိုင်)၀၀၁၀၇၉] (ရန်-၃၇၅/၆၀)၊ (၂) ဦးဝင်းခိုင်[၁၄/ပတန(နိုင်)၁၀၆၃၃၈] (ရန်-၇၃၅၀/၁၃)၊ (၃) ဦးသိန်းဇံ[၁၂/ကမရ(နိုင်)၀၀၂၄၃၃] (ရန်-၆၀၂၆/၁၂)၊ (၄) ဦးအောင်နိုင်ဦး[စ/ခမန(နိုင်)၀၆၆၂၄] (ရန်-၅၉၉၅/၁၂)၊ (၅) ဦးထွန်းထွန်းညွှန့်[စ/ခမန(နိုင်)၁၂၉၁၉၉] (ရန်-၆၀၂၅/၁၂)၊ (၆) ဦးအောင်နိုင်ဝင်း[၁၂/ဥကမ(နိုင်)၀၁၉၅၂၃] (ရန်-၉၃၀၉/၁၅)တို့၏ လုပ်သက်စာအုပ်များမှာ လုပ်ငန်းလုပ်ကိုင်စဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၃၀၆၂၈၃၁

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒုတိယထောင်ပြို့နယ် မြေတိုင်းရပ်ကွက် အမှတ် (၉-အမ်)။ မြေကွက် အမှတ် - ၂၂ မြေတွက်တည်နေရာအမှတ် - ၈ ၊ ရာဇဝိဇောလမ်းသွယ်(၁)၂၊ ရပ်ကွက်၊ ဒုတိယတောင်ပြို့နယ်(ဦးဘိုးရင်-စီတေ-၁၀၇၀၁ဘုန်ကြီးမြောင်-စီတေ-၀၀၇၁ဝဘုန်ကြီး-ကိုမဲ-ဒေ၁၃၇)အမည်ပေါက်နစ်(၉၀)ဂဏန်းမြေအားအမည်ပေါက်တင်ပြီးမြေသည့်ဦးဦးရင်နှင့်ဝန်းပေါ် ခွဲတို့ကွယ်လွန်သည်ဖြင့်ဝင်းအစားအတင်ပြီးလည်သောသမီးဖြစ်သူ ခေါ် ခင်ကြည်လည်ကောင်းအမည်ပေါက်(၁)ဦး ဖြင်းသက်ခြင်းမောင်စွမ်းဆိုးခေါ် အေးသောတို့၊ယင်းတို့ သည်ဖြင့်ဝင်းအစားအတင်ပြီးလည်သောသမီးဖြစ်သူ ခေါ် အေးရွှေမှလည်ကောင်းအမည်ပေါက်(၁)ဦး ဖြင်းသက်ခြင်းမိုးသီးရင်ဖွဲ့ဦးတင်ရီမောတို့ကွယ်လွန် သည်ဖြင့်ဝင်းအစားအတင်ပြီးထည်းသောသမီးဖြစ်သူ ခေါ် အေးရွှေ(၇)ဦးတို့ကပ်ကန်ကြောင်းပါ ခေါ် ခင်ကြည်(၁)/ဝတာ(နိုင်)၀၀၂၂၇၀)၊ ခေါ် အေးမွေ(၀)/ဝတာ(နိုင်)၀၀၃၃၄၀)၊ ခေါ် ခင်ကြည်(၁)/ပဇတ(နိုင်)၁၀၈၂၂၈)တို့မှတ်ပုံတင်(၁၀-၉-၂၀၁၅)ရက်နေ့ပါလသာမြို့နယ်ကရုဒ်ရုပ်ရှင်ရုံ ကတိသစ္စာပြုလျှင်၊ သေဆုံးများကရန်ပုံငွေ(၁၀-၉-၂၀၁၅)ရက်နေ့ပါလသာမြို့နယ်ကရုဒ်ရုပ်ရှင်ရုံ ကတိသစ္စာပြုလျှင်၊ သေဆုံးများကရန်ပုံငွေ(၁)ရက်အတွင်း ကန့်ကွက်သူမရှိပါ၊ ကန့်ကွက်ခံရပါ ကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်း အတိုင်းဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါ ကြောင်းအသိပေး ကြေညာအပ်ပါသည်။

ဖြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒုတိယထောင်ပြို့နယ် မြေတိုင်းရပ်ကွက် အမှတ် (၉-အမ်)။ မြေကွက် အမှတ် - ၂၂ မြေတွက်တည်နေရာအမှတ် - ၈ ၊ ရာဇဝိဇောလမ်းသွယ်(၁)၂၊ ရပ်ကွက်၊ ဒုတိယတောင်ပြို့နယ်(ဦးဘိုးရင်-စီတေ-၁၀၇၀၁ဘုန်ကြီးမြောင်-စီတေ-၀၀၇၁ဝဘုန်ကြီး-ကိုမဲ-ဒေ၁၃၇)အမည်ပေါက်နစ်(၉၀)ဂဏန်းမြေအားအမည်ပေါက်တင်ပြီးမြေသည့်ဦးဦးရင်နှင့်ဝန်းပေါ် ခွဲတို့ကွယ်လွန်သည်ဖြင့်ဝင်းအစားအတင်ပြီးလည်သောသမီးဖြစ်သူ ခေါ် ခင်ကြည်လည်ကောင်းအမည်ပေါက်(၁)ဦး ဖြင်းသက်ခြင်းမောင်စွမ်းဆိုးခေါ် အေးသောတို့၊ယင်းတို့ သည်ဖြင့်ဝင်းအစားအတင်ပြီးလည်သောသမီးဖြစ်သူ ခေါ် အေးရွှေမှလည်ကောင်းအမည်ပေါက်(၁)ဦး ဖြင်းသက်ခြင်းမိုးသီးရင်ဖွဲ့ဦးတင်ရီမောတို့ကွယ်လွန် သည်ဖြင့်ဝင်းအစားအတင်ပြီးထည်းသောသမီးဖြစ်သူ ခေါ် အေးရွှေ(၇)ဦးတို့ကပ်ကန်ကြောင်းပါ ခေါ် ခင်ကြည်(၁)/ဝတာ(နိုင်)၀၀၂၂၇၀)၊ ခေါ် အေးမွေ(၀)/ဝတာ(နိုင်)၀၀၃၃၄၀)၊ ခေါ် ခင်ကြည်(၁)/ပဇတ(နိုင်)၁၀၈၂၂၈)တို့မှတ်ပုံတင်(၁၀-၉-၂၀၁၅)ရက်နေ့ပါလသာမြို့နယ်ကရုဒ်ရုပ်ရှင်ရုံ ကတိသစ္စာပြုလျှင်၊ သေဆုံးများကရန်ပုံငွေ(၁)ရက်အတွင်း ကန့်ကွက်သူမရှိပါ၊ ကန့်ကွက်ခံရပါ ကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်း အတိုင်းဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါ ကြောင်းအသိပေး ကြေညာအပ်ပါသည်။

ဖြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၀တောင်၊ မြေကွက်အမှတ်-၁၂၃၃ (ခ)၊ မြေကွက်တည်နေရာအမှတ်-၁၂၃၃/ခ၊ သလ္လာဝတီ(၄)လမ်း၊ ၁၀ တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးမြင့်ဟန်[၁/သကတ(နိုင်)၀၉၁၀၆]အမည်ပေါက် နစ်(၆၀)ဂဏန်းမြေအား အမည်ပေါက် ဦးမြင့်ဟန်[၁/သကတ(နိုင်)၀၉၁၀၆]ကိုယ်တိုင်မှ (ဂရန်)မူရင်း ပေးကတ်ဆုံးကြောင်းတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ မူလဂရန်ထုတ်ပေးထားသည့် မြေကြားစာချုပ်အမှတ်[သကတ/၁၀(တ)/၁၃၀၇/၉၃] ၄-၁၀-၉၃ ဦးမြင့်ဟန်အမည်ပေါက် နစ်(၆၀)ဂဏန်း မြေကားစာချုပ်ဂဏန်း(မူရင်း)စာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲဌာနမှ ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဖြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အကျိုးချုပ်ခ ဈေးကြီးတယ်၊ အရမ်းလည်းကြာတယ်
ကိုယ်တိုင်ချုပ်တတ်ရင် မကောင်းဘူးလား

အေးမွန်ရတနာ

အမျိုးသမီးစက်ချုပ်သင်တန်း
ဒေါ်ခင်ဝင်းရီ B.A, B.Ed

နယ်သင်တန်းသူများအတွက် အဆောင်ရှိသည်

၃၉(ဂ)၊ အောင်ဇေယျလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်၊
(ကျောက်ကုန်းမီးပွိုင့်အနီး)

Ph:01-579825, 09-5104687,
09-5193491, 09-40006809

အများသိစေရန် ကြေညာချက်

၁။ သယံနီးကျွန်းမြို့နယ်၊ (၁၆/၁)ရပ်ကွက်၊ သူမ၊ ကိုသောလမ်း၊ အမှတ်(၉၈၉)တွင် ၂ခန်းတွဲ (၈၅)ထပ်တိုက် အဆောက်အဦ ဆောက်လုပ်ရန် ခွင့်ရယူခဲ့ပြီးမှ (GF) ဦးဘာဏာလင်းဆောင်၊ လိုင်စင်ရကနေထိုင်ကိုယ်တိုင် ဦးဝင်းနိုင်ဆော(LC-486) လိုင်စင်ရာအင်ဂျင်နီယာ ဦးမိုးဆောင်(LS-307)တို့အား ဦးဘာဏာလင်း(LC-486)ရဲ့ ဆောက်လုပ်ခွင့်ပြုပြီးနောက် ၁၅-၇-၂၀၁၆ ရက်ရဲ့ပါဝင်ရမည်ဖြစ်ပြီး ဆောင်ရွက်ပြီးဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါ (၉၈)ထပ်တိုက် ဆောက်လုပ်ခွင့်အား ယခင်တင်ပြထားသော လိုင်စင်ရှိ ကနေထိုင်ကိုယ်တိုင် ဦးဝင်းနိုင်ဆော(LC-486)အစား လိုင်စင်ရှိ ကနေထိုင်ကိုယ်တိုင် ဦးသန်းထိုက် (LC-625)၊ လိုင်စင်ရအင်ဂျင်နီယာ ဦးမိုးဆောင်(LS-307)အစား လိုင်စင်ရအင်ဂျင်နီယာ ဒေါ်စင်ဝေယိုး (LS-2061)တို့ဖြင့် ပြောင်းလဲဆောင်ရွက်ခွင့်ပြုပါရန် ခေါ်ခွေယန်နီမာ(ချမ်းရင်)နှင့် ပြောင်းလဲဆောင်ရွက်လိုသည့် လိုင်စင်ရကနေထိုင်ကိုယ်တိုင်နှင့်လိုင်စင်ရအင်ဂျင်နီယာတို့မှ လျှောက်ထားလာပါ၁ဖြင့် ကန့်ကွက်ရန်ရှိပါက ခွင့်လုပ်သောဆောက်အထားများဖြင့် ဤကြော်ငြာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန(အဆောက်အအုံ)

မြန်နန်းစံကျော်ရွှေနန်းတော်တွင် နှစ်ပေါင်း ၁၃၀ ကျော်ကြာ ကျင်းပခွင့်မရသည့် မတကဘတ် လျှုဒါန်းခြင်း ကျင်းပခွင့်ပြန်ရ

မန္တလေး ဩဂုတ် ၃၁

မန္တလေးမြို့တည်နန်းတည် မင်းတုန်းမင်းတရားကြီးအား ရည်မှန်းကာ ပြုလုပ်သည့် မတကဘတ်ဆွမ်းဆက်ကပ်လျှုဒါန်းခြင်းအား မန္တလေးမြို့ နန်းမြို့အတွင်း မြန်နန်းစံကျော်ရွှေနန်းတော်တွင် နှစ်ပေါင်း ၁၃၀ ကျော်ကြာကျင်းပခွင့်မရဘဲ ယခုနှစ်တွင်မှ ကျင်းပခွင့်ပြန်လည်ရရှိကြောင်း သိရသည်။

မတကဘတ်ဆွမ်းအလျှုသည် မြန်မာသက္ကရာဇ် ၁၂၄၀ သီတင်းကျွတ်လဆန်း ၆ ရက်နေ့တွင် နတ်ရွာစံတော်မူသော ဘဝရှင်မင်းတုန်းမင်းတရားကြီးအား ရည်မှန်းကာ ကျင်းပခြင်းဖြစ်ပြီး ယခုနှစ်တွင် (၁၃၈) နှစ်မြောက်အဖြစ် ၁၃၇၈ ခုနှစ် သီတင်းကျွတ်လဆန်း ၆ ရက် (၂၀၁၆ ခုနှစ် အောက်တိုဘာ ၇ ရက်)နေ့တွင် ကုန်းဘောင်ဆက်မောင်နှမများက စီစဉ်မှုပြုကာ မန္တလေးမြို့ နန်းမြို့အတွင်း မြန်နန်းစံကျော်ရွှေနန်းတော်တွင် ဆွမ်းဆက်ကပ် လျှုဒါန်းသွားမည်ဖြစ်သည်။

၂၀၁၆ ခုနှစ် မတကဘတ်ဆွမ်းကပ်ပွဲနှင့်အတူ ဆွေတော်မျိုးတော် သက်ကြီးပူဇော်ပွဲကိုပါ ကျင်းပမည်ဖြစ်ပြီး မန္တလေးမြို့ နန်းမြို့အတွင်းရှိ မြန်နန်းစံကျော်ရွှေနန်းတော်အတွင်း ကျင်းပခွင့်ရရန်အတွက် သက်ဆိုင်ရာ အဖိုးရအဖွဲ့အစည်းများထံသို့ ခွင့်ပြုချက်များ တောင်းခံခဲ့ရာ ပြည်ထောင်စုအစိုးရ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများက ကူညီပံ့ပိုးမှုဖြင့် သူ့ကျွန်ဘဝကျရောက်ခဲ့သည့် ၁၈၈၆ ခုနှစ်မှစ၍ နှစ်ပေါင်း ၁၃၀ ကြာ မတကဘတ်ဆွမ်းကပ်ခွင့် မရခဲ့သော မြန်နန်းစံကျော် ရွှေနန်းတော် အတွင်းတွင် မတကဘတ်ဆွမ်းကပ်လျှုပွဲကို ကျင်းပခွင့်ရရှိခဲ့ပြီဖြစ်သည်။

သက်တော်ဝါတော်ကြီးသော ဆွေတော်မျိုးတော်များအတွက် သက်ကြီးပူဇော်ပွဲတွင် သက်တော် ၇၀ နှင့်အထက် သက်ရှိထင်ရှားကျန်ရှိသော မင်းတုန်းမင်းတရားကြီးနှင့် အိမ်ရှေ့စံကနောင်မင်းတို့၏ မြစ်တော်များနှင့် တီတော်များ၊ သီပေါမင်းတရား၏ မြေးတော်များနှင့် မြစ်တော်များအား ကန်တော့သွားမည် ဖြစ်သည်။

မတကဘတ် ဆိုသည်မှာ သေသူအတွက် ဆွမ်းသွတ်ခြင်းဟူသော အမ်ပွာယ်ဖြစ်ကာ ယခင်က မင်းတုန်းမင်းတရားကြီးမှ ဆင်းသက်လာသော သီပေါမင်းတရားနှင့် ဆွေတော်မျိုးတော်အပေါင်းက ဦးဆောင်ဦးရွက်ပြုကာ မင်းတုန်းမင်းတရားကြီး နတ်ပြည်စံသော နေ့ရက်သို့ရောက်တိုင်း မတကဘတ်ဆွမ်းအဖြစ် ရွှေနန်းတော်အတွင်း လျှုဒါန်းလေ့ရှိသည်။

နှောင်းပိုင်းတွင် ပျဉ်းမနားမင်းသားကြီး၊ ထရံဂံထိပ်ခေါင်တင် မင်းသမီးကြီးတို့ ဇနီးမောင်နှံက ဦးဆောင်သမ္မပြုကာ မိုးဗြစစ်ကဲကြီးနှင့်အတူ ဆွေတော်မျိုးတော်အပေါင်းတို့ ရွှေနန်းတော်ကျောင်းတော်ကြီး(ရွှေကျောင်းကြီး)တွင် ဆွမ်းဆက်ကပ်လျှုဒါန်းခဲ့သည်။

မင်းသားကြီးနှင့် မင်းသမီးကြီးတို့ ကံတော်ကုန်ပြီးနောက်ပိုင်းတွင် ငွေရေးကြေးရေး အခက်အခဲများကြောင့် ဆွမ်းဆက်ကပ်လျှုဒါန်းခြင်း မပြုနိုင်ခဲ့သည်မှာ ကြာပြီဖြစ်သည်ဟု ကုန်းဘောင်ဆက်မောင်နှမများထံက သိရသည်။

ယမန်နှစ် ၁၃၇၇ ခုနှစ် သီတင်းကျွတ်လဆန်း ၆ ရက် (၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၉ ရက်)က ကုန်းဘောင်ဆက်မောင်နှမတစ်စု၏ စီစဉ်မှုဖြင့် မတကဘတ်ဆွမ်း ဆက်ကပ်လျှုဒါန်းခြင်းအား မင်းတုန်းမင်းတရားကြီး ကုသိုလ်တော်ဖြစ်သော မန္တလေးမြို့ မန္တလေးတောင်ခြေရှိ မဟာမဓိကာရာမ ရွှေကျင်တိုက်မကြီး ကျွန်းကျောင်းတော်ကြီးတွင် ပြန်လည်စတင် ဆောင်ရွက်နိုင်ခဲ့သည်။

ထိုဆွမ်းဆက်ကပ်ပွဲတွင် မင်းတုန်းမင်းတရားကြီးနှင့် အိမ်ရှေ့စံ ကနောင်မင်းတို့၏ သက်ရှိထင်ရှားကျန်ရှိသော သက်တော် ၆၀ အထက် မြစ်တော် ၃၃ ပါးနှင့် သက်တော် ၇၅ နှစ်အထက် တီတော် ၂၃ ပါး စုစုပေါင်း ၅၆ ပါးတို့အား ပူဇော်ကန်တော့ပွဲကိုပါ ဆက်လက် ကျင်းပခဲ့ကြောင်းသိရသည်။

၀၀၂

ပျက်စီးနေသောရွာအဝင်လမ်းအား ဝိုင်းဝန်းပြုပြင်

ဟိုင်းကြီးကျွန်း ဩဂုတ် ၃၁

ဟိုင်းကြီးကျွန်းမြို့ ကျောက်ချောင်းကျေးရွာအုပ်စု သံကြိုးလမ်းကျေးရွာတွင် ကျေးရွာနေပြည်သူများစုပေါင်း၍ ပျက်စီးနေသော ရွာအဝင်လမ်းအား သဲခင်းခြင်း၊ ကျောက်စရစ်ခင်းခြင်းဖြင့် ဝိုင်းဝန်းပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျေးရွာနေပြည်သူများ၏ မတည်လျှုဒါန်းငွေ ၃၆၀၀၀၀ ဖြင့် ဩဂုတ် ၂၆ ရက်မှစ၍ သဲခင်းခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၂၈ ရက်တွင် ကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း၊ လမ်းအရှည်မှာ ၁၀၁၂ ပေ၊ အနံ ၁၈ ပေရှိကြောင်းနှင့် သဲခင်းခြင်းကို လမ်းအပြည့်ခင်းကာ ကျောက်စရစ်ကို အနံ ၁၂ ပေ ခင်းသွားမည်ဖြစ်ကြောင်းဒေသခံ ဦးဟန်ရွှေကပြောသည်။

အလျှုခံရရှိငွေမှာ ဩဂုတ် ၂၉ ရက်အထိ သီးခြားအလျှုခံရရှိငွေ ၃၅၀၀၀၀ ရရှိထားပြီး လမ်းပြုပြင်ခြင်းလုပ်ငန်းမှာ ပေ ၂၀၀ ခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ကျော်သူဟိန်း (ပြန်/ဆက်)

ရေချွေတာသုံးစွဲသည့် စိုက်ပျိုးရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး သရုပ်ပြပွဲ ချောင်းဖြူတွင်ပြုလုပ်

မကွေး ဩဂုတ် ၃၁

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ချောင်းဖြူကျေးရွာတွင် လက်တွေ့လုပ်ဆောင်ခြင်းဖြင့် စိုက်ပျိုးရေးနည်းပညာများကို တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုနားလည်ပြီး သီးနှံများ၏ အထွက်နှုန်း ပိုမိုတိုးတက်လာစေရန်နှင့် စိုက်ပျိုးရေးနည်းပညာများကို တောင်သူအချင်းချင်းမှ အဆင့်ဆင့် ပြန့်ပွားသွားစေရန်ရည်ရွယ်၍ စိုက်ပျိုးရေးဦးစီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း(JICA)တို့ ပူးပေါင်းဆောင်ရွက်သည့် အပူပိုင်းဇုန်ဒေသအတွင်း ရေချွေတာသုံးစွဲသည့် စိုက်ပျိုးရေးနည်းပညာပေးတောင်သူသရုပ်ပြပွဲကို ဩဂုတ် ၂၉ ရက်နံနက် ၈ နာရီက အဆိုပါကျေးရွာ စိုက်ကွင်းအတွင်း ကျင်းပခဲ့ရာ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်မှ တောင်သူ ၂၁ ဦးနှင့် ဝန်ထမ်း ခုနစ်ဦးတို့ တက်ရောက်လေ့လာခဲ့ကြသည်။

သရုပ်ပြပွဲတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒု-တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်စိန်နှင့် မကွေးခရိုင်ဦးစီးမှူး ဦးသိန်းလွင်တို့က အပူပိုင်းဇုန်ဒေသအတွင်း ရေချွေတာသုံးစွဲသည့် စိုက်ပျိုးရေးနည်းပညာပွဲ၊ ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ နယ်မြေခံတောင်သူများနှင့် လေ့လာရန် လာရောက်ကြသည့် တောင်သူများအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် ပိုမိုနားလည်သိရှိနိုင်စေရန် ရှင်းလင်းပြောကြားခဲ့ကြသည်။

ယင်းနောက် ချောင်းဖြူကျေးရွာ ဒေသခံတောင်သူများက မိမိတို့ စိုက်ကွင်းများအတွင်း စိုက်ပျိုးထားသော သီးနှံများအလိုက် ရေဖျန်းစနစ် (Sprinkler)နှင့် အစက်ချစနစ် (Drip) နည်းပညာများဖြင့် စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုများအား လိုက်လံရှင်းလင်းပြသခဲ့ရာ ရေဖျန်းစနစ် (Sprinkler) နည်းပညာဖြင့် စိုက်ပျိုးထားသည့် ကညွတ်စိုက်ခင်း၊ ကန်စွန်းစိုက်ခင်း၊ ရေမွှေးပန်းစိုက်ခင်းများနှင့် ရေအစက်ချနည်းပညာဖြင့် စိုက်ပျိုးထားသည့် ငရုတ်စိုက်ခင်း၊ သပြေပန်းစိုက်ခင်း၊ စပျစ်စိုက်ခင်းများအတွင်း လေ့လာခဲ့ကြပြီး ဒေသခံတောင်သူများနှင့် ညောင်ဦးမြို့နယ်မှ လေ့လာရန် လာရောက်ကြသည့် တောင်သူများ စိုက်ခင်းအတွင်း စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှု နည်းပညာများကို တောင်သူအချင်းချင်း အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်မှ စိုက်ပျိုးနည်းပညာများ လေ့လာရန် လာရောက်သူ တောင်သူ ဦးခင်မောင်စန်းက အပူပိုင်းဇုန်ဒေသအတွင်း ရေချွေတာသုံးစွဲသည့် စိုက်ပျိုးရေးနည်းပညာများကို ဒေသတစ်ခုနဲ့တစ်ခု အပြန်အလှန်ဆွေးနွေးခွင့်ရရှိအောင် စီစဉ်ပေးသော ဂျပန်အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း(JICA)နှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ကို အထူးကျေးဇူးတင်ရှိကြောင်း၊ မိမိတို့ဒေသတွင် စိုက်ပျိုးမှု မရှိသေးသည့် ရေမွှားဖျန်းစနစ်ဖြင့် စိုက်ပျိုးအောင်မြင်မှု ရရှိနေသည့် ကညွတ်စိုက်ပျိုးနည်းပညာနှင့် အခြားသီးနှံများ၏ စိုက်ပျိုးမှု၊ အောင်မြင်မှုများကို ဆွေးနွေးလေ့လာသိရှိခွင့်ရရှိခဲ့ကြောင်း၊ မကွေးဒေသမှ တောင်သူများကလည်း လာမည့် စက်တင်ဘာ ၁၆ ရက်တွင် ညောင်ဦးမြို့နယ်သို့ လာရောက်ကာ အပြန်အလှန် လေ့လာခွင့်ရရှိအောင် စီစဉ်ထားသည့်အတွက် တောင်သူများ၏ အောင်မြင်မှုရရှိသည့် သရုပ်ပြပွဲ ဖြစ်ကြောင်းပြောသည်။

အဆိုပါ တောင်သူသရုပ်ပြပွဲသို့ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒု-တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်စိန်၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးများနှင့်ဝန်ထမ်းများ၊ လေ့လာရန်လာရောက်ကြသည့် ညောင်ဦးမြို့နယ်မှ တောင်သူများနှင့် မကွေးမြို့နယ် ချောင်းဖြူကျေးရွာမှ ဒေသခံ တောင်သူများ စုစုပေါင်း ၅၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သန်းနိုင်ဦး(ငဖဲ)

မအူပင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ မြန်မာဇာတိဂုဏ်မြင့်မားရေးဟောပြော

မအူပင် ဩဂုတ် ၃၁

ရောဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က မြန်မာအမျိုးသမီးများ ဇာတိဂုဏ်ထိန်းသိမ်းရေး ဟောပြောပွဲကို အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အ-လ-က(၁) ကျောင်းခန်းမ၌ ဩဂုတ် ၃၀ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ဟောပြောပွဲတွင် မအူပင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဒေါ်ချိုမိမိမော်ဦးဆောင်၍ အဖွဲ့ဝင်များ တက်ရောက်ပြီး ကျောင်းအုပ်ဆရာမကြီးကိုယ်စား ဆရာမ ဒေါ်ခင်ဌေးမြင့်က အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် မြန်မာအမျိုးသမီးများ ထိန်းသိမ်းရမည့် မြန်မာ့ဇာတိဂုဏ်များကို ဟောပြောကြောင်း သိရသည်။

မအူပင်ခရိုင် (ပြန်/ဆက်)

မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်ချေးငွေပေးအပ်

မိုးကောင်း ဩဂုတ် ၃၁

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းတိုးချဲ့ဆောင်ရွက်မည့် မိုးကောင်းမြို့နယ် လွယ်လီယံရွာသစ်ကျေးရွာနေပြည်သူများအား အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးငွေပေးအပ်ပွဲကို ဩဂုတ် ၂၉ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျေးရွာရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်း၌ ကျင်းပရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးလင်းက စီမံကိန်းလုပ်ငန်းအမျိုးအစားအလိုက် အကျိုးဖြစ်ထွန်းအောင်မြင်အောင် စနစ်တကျဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် ကျေးရွာမြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီက စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၅ ဦးအတွက် ထုတ်ချေးငွေကျပ် ၈၆ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦးအတွက် ထုတ်ချေးငွေကျပ်သိန်း ၁၁၀၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးအတွက် ထုတ်ချေးငွေကျပ် ၁၀ သိန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးအတွက် ထုတ်ချေးငွေကျပ် ၉၂ သိန်းတို့ကိုပေးအပ်ခဲ့ကြောင်း သိရသည်။

(ဂ၉၉)

ဘော်ဒါဆောင်ပိုင်ရှင်များ စည်းကမ်းထိန်းသိမ်းရေးနှင့် ကြီးကြပ်မှုကော်မတီ လုပ်ငန်းများ ဆွေးနွေး

စဉ့်ကိုင် ဩဂုတ် ၃၁

စဉ့်ကိုင်မြို့နယ် တောမကျေးရွာရှိ ကျောက်ဆည်တက္ကသိုလ် နေ့ကျောင်းသားဘော်ဒါဆောင်ပိုင်ရှင်များ စည်းကမ်းနှင့်အညီ စနစ်တကျဖွင့်လှစ်နိုင်ရေးကို တောမကျေးရွာ ရွာဦးကျောင်း ဓမ္မာရုံ၌ ဩဂုတ် ၃၀ ရက်က ဘော်ဒါဆောင်ပိုင်ရှင်များနှင့် တွေ့ဆုံ၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံပွဲကို တောမကျေးရွာရှိ ဘော်ဒါဆောင်ပိုင်ရှင်များနှင့် ကျောက်ဆည်ခရိုင် ဒုတ်ယရဲတပ်ဖွဲ့မှူးနှင့် စဉ့်ကိုင်မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများတွေ့ဆုံ၍ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနိုင်ရေး၊ ဘော်ဒါဆောင်ပိုင်ရှင်များ စည်းကမ်းနှင့်အညီ စနစ်တကျဖွင့်လှစ်နိုင်ရေး၊ သန့်ရှင်းသပ်ရပ်မှုရှိရေး၊ ကျန်းမာရေးဌာန ညွှန်ကြားချက်နှင့်အညီ လိုက်နာစေရေး၊ မီးဘေးအန္တရာယ်ကင်းရှင်းပြီး စိတ်ချလုံခြုံသော လျှပ်စစ်မီးများ စနစ်တကျသုံးစွဲနိုင်ရေး အကြောင်း ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

ယင်းနောက် စဉ့်ကိုင်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ လုံခြုံရေး၊ စည်းကမ်းထိန်းသိမ်းရေးနှင့် ဘော်ဒါဆောင်များကြီးကြပ်မှုကော်မတီ အသစ်ပြန်လည်ဖွဲ့စည်းရေး ဆောင်ရွက်ရမည့် အစီအမံများ ချပြရှင်းလင်းပြီး ဘော်ဒါဆောင်များကြီးကြပ်မှုကော်မတီတွင် ပါဝင်ဖွဲ့စည်းသွားမည်ဖြစ်သည်။**ဖိုးအောင်(စဉ့်ကိုင်)**

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်မဖြစ်မပွားစေရေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်

ထားဝယ် ဩဂုတ် ၃၁

တနင်္သာရီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ လမ်းညွှန်မှုဖြင့် ထားဝယ်မြို့တွင် ပြည်သူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်မဖြစ်ပွားစေရေး၊ ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းစေရေးအတွက် ယာဉ်စည်းကမ်းမလိုက်နာသည့် မော်တော်ဆိုင်ကယ်မောင်းနှင်သူများအား ယာဉ်ထိန်းရဲတပ်ဖွဲ့စု အမှတ်(၇၄) ဒုရဲမှူးစိုးလွင် ဦးစီးသောအဖွဲ့ဝင်များ၊ တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့ တိုင်းအကူတပ်ဖွဲ့ခွဲ ဒဲအုပ်ပိုလ်တောက်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်၍ ဩဂုတ် ၃၀ ရက် နံနက် ၉ နာရီခွဲက ထားဝယ်မြို့ အနောက်ရပ် ဦးကျော်ရင်လမ်းတွင် ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်သူများအား ယာဉ်မတော်တဆမဖြစ်စေရေး၊ ဆိုင်ကယ်စီးနှင်းသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ သွားလာမောင်းနှင်တတ်စေရေး၊ ယာဉ်စည်းကမ်းလိုက်နာမှုမရှိဘဲ ယာဉ်အသုံးပြုသွားလာမောင်းနှင်နေသူများအား စည်းကမ်းတကျ ယာဉ်မောင်းနှင်တတ်စေရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုမရှိသော ယာဉ်အသုံးပြုသူများအား ပညာပေး အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထားဝယ်ရဲဖိုင်(ပြန်/ဆက်)

မိုးနဲမြို့၌ မြစိမ်းရောင်စီမံကိန်း ငွေစာရင်းထိန်းသိမ်းမှု သင်တန်းပို့ချ

မိုးနဲ ဩဂုတ် ၃၁

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ စီစဉ်မှုဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများမှ ကော်မတီဝင်များအား စီမံကိန်းဆိုင်ရာ ငွေစာရင်းထိန်းသိမ်းမှုသင်တန်းပို့ချခြင်းအခမ်းအနားကို ဩဂုတ် ၂၉ ရက် နံနက် ၉ နာရီက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးခန်းခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးခွန်ဇော်မျိုးထွန်းက သင်တန်းဖွင့်လှစ်ပို့ချပေးရခြင်းနှင့် မြစိမ်းရောင်စီမံကိန်းကြီးကြပ်ရေးကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီဝင်များအား ငွေကြေးစာရင်းဇယားများကို စနစ်တကျရေးဆွဲတတ်စေရန် ရည်ရွယ်၍ သင်တန်းကိုဖွင့်လှစ်ပို့ချပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာငါးရွာမှ ကော်မတီဝင် ၃၅ ဦးအား ငွေစာရင်းရေးသွင်းနည်းဆိုင်ရာ ဆောင်ရွက်ပုံအဆင့်ဆင့်အား လက်တွေ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

အိမ်သုံးဆားများတွင် အိုင်အိုဒင်းပါဝင်မှု တိုင်းတာစစ်ဆေးခြင်းနှင့် အရောင်ဆိုးဆေးပါ စားသောက်ကုန်များ ရောင်းချခြင်းမပြုရန် ပညာပေးဆွေးနွေး

ကျောက်ပန်းတောင်း ဩဂုတ် ၃၁

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ အာဟာရဖွံ့ဖြိုးရေးသီတင်းပတ်လှုပ်ရှားမှုအဖြစ် မြို့မစည်ပင်သာယာဈေးကြီးအတွင်း ရောင်းချသည့် အိမ်သုံးဆားများတွင် အိုင်အိုဒင်းဓာတ်ပါဝင်မှုနှုန်း တိုင်းတာစစ်ဆေးခြင်းနှင့် အရောင်ဆိုးဆေးပါ တားမြစ်စားသောက်ကုန်များ ရောင်းချခြင်းမပြုရန် ပညာပေးဆွေးနွေးခြင်းတို့ကို ဩဂုတ် ၂၉ ရက် မွန်းလွဲ ၂ နာရီက အဖွဲ့ပေါင်းစုံဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

စစ်ဆေးရေးအဖွဲ့ကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုးဝိုးနိုင် ခေါင်းဆောင်၍ မြို့မစည်ပင်သာယာဈေးအတွင်းရှိ စားသောက်ကုန်ပစ္စည်းအရောင်းဆိုင်များတွင် ရောင်းချသော အိမ်သုံးဆားများ၌ အိုင်အိုဒင်းဓာတ်ပါဝင်မှုတိုင်းတာစစ်ဆေးခြင်းနှင့် အိုင်အိုဒင်းဓာတ်ပျက်ပြယ်ခြင်းမရှိအောင် စနစ်တကျထုပ်ပိုး ရောင်းချစေရေး ပညာပေးဆွေးနွေးခဲ့ကြသည်။

ယင်းအပြင် မီးဖိုချောင်သုံး စားသောက်ကုန်ပစ္စည်းများတွင် အရောင်ဆိုးဆေးများ ပါဝင်သောကုန်ပစ္စည်းများ ရောင်းချခြင်းမရှိစေရေးနှင့် နိုင်ငံပိုင်သတင်းစာများတွင် တရားဝင်ထုတ်ပြန်ထားသည့် စားသုံးရန်မသင့်သော မုန့်ပဲသရေစာများ ဖြစ်သည့် စားသောက်ကုန်ပစ္စည်းများကို ရောင်းချခြင်းမပြုရန်နှင့် အဆိုပါစားသောက်ကုန်များကြောင့် ဖြစ်ပွားနိုင်သည့် ဘေးအန္တရာယ်များ အကြောင်းတို့ကို ပညာပေးဆွေးနွေးခဲ့ကြသည်။

အဆိုပါစစ်ဆေးရေးအဖွဲ့တွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုးဝိုးနိုင်နှင့် မြို့နယ်ကျန်းမာရေးမှူးများ၊ မြို့နယ်သူနာပြုအဆင့်(၁) ဒေါ်နီလာစိုးနှင့် သူနာပြုဆရာမများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ယဉ်နွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဈေးတာဝန်ခံနှင့် ဝန်ထမ်းများ၊ မြို့မဈေးအကျိုးတော်ဆောင်များ ပါဝင်ခဲ့ကြပြီး စားသောက်ကုန်ပစ္စည်းရောင်းချသည့် ဈေးဆိုင်ရှင်များအား ပညာပေးဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ကိုနေ(ကျောက်ပန်းတောင်း)

ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာများ အသိပညာပေးဆွေးနွေး

ဖြည် ဩဂုတ် ၃၁

ဝန် ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၂၉ရက် နံနက်က ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ဗိုလ်ချုပ်လမ်း ရွာဘဲရပ်ကွက်ရှိ သီရိခေတ္တရာရတနာမြို့တော်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးမင်းထိုက်၊ ပြည်ခရိုင်ရဲတပ်ဖွဲ့မှူး(ယာယီ) ဒုတိယရဲမှူးကြီး မြင့်ကြည်နှင့် ပြည်မြို့နယ် ရွှေတောင်မြို့နယ်၊ ပေါက်ခေါင်းမြို့နယ်၊ ပန်းတောင်းမြို့နယ်တို့မှ ရဲတပ်ဖွဲ့မှူးများ၊ ပြည်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှင့် အဆိုပါမြို့နယ် လေးမြို့နယ်တို့မှ ရဲတပ်ဖွဲ့ဝင်များ စုစုပေါင်းဌဝ၆ ဦး တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင်ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးမင်းထိုက်က အသိပညာပေးဆွေးနွေးခဲ့ရာ ဒုတိယ ရက် ၁၀၀စီမံချက်ကာလအတွင်း ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာ မူးယစ်ဆေးဝါးနှင့် လောင်းကစားမှုများ ပပျောက်စေရေး၊ ပင်ရင်းဒိုင်ချုပ်များအား ထိရောက်စွာ ဖော်ထုတ်ဖမ်းဆီးဆောင်ရွက်နိုင်ရေးတို့ကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

အလားတူဩဂုတ် ၃၀ ရက်တွင်လည်း အဆိုပါခန်းမ၌ ပြည်ခရိုင်ရဲတပ်ဖွဲ့မှူး ရုံးနှင့် မြို့နယ်လေးမြို့နယ်တို့မှ ကျန်ရှိသည့် တပ်ဖွဲ့ဝင် ၃၇၈ ဦးတို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(၄၉၇)

လယ်ဝေးမြို့နယ် လူထုဗဟိုပြုစီမံကိန်း ပထမနှစ်စက်ဝန်းသုံးသပ်ခြင်းအစည်းအဝေး ကျင်းပ

လယ်ဝေး ဩဂုတ် ၃၁

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် သီရိမင်္ဂလာခန်းမ၌ ဩဂုတ် ၂၉ ရက် နံနက် ၉ နာရီက လူထုဗဟိုပြုစီမံကိန်း ပထမစက်ဝန်း မြို့နယ်အဆင့် သက်ဆိုင်သူအဖွဲ့အစည်းပေါင်းစုံ ပါဝင်သော သုံးသပ်ခြင်းအစည်းအဝေး ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညီညီဝင်းက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးသိန်းထိုက်က လူထုဗဟိုပြုစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် လူထုဗဟိုပြုစီမံကိန်း ပထမနှစ်စက်ဝန်းတွင် ဆောင်ရွက်ခဲ့ကြသည့် ကျေးရွာများက အစုအဖွဲ့အလိုက်ဆွေးနွေး၍ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် အကြံပြုချက်များအား ရှင်းလင်းတင်ပြခဲ့သည်။ ယင်းနောက် ကျေးရွာအဆင့် လုပ်ငန်းအကောင်းဆုံးဆောင်ရွက်နိုင်သည့် ပထမ၊ ဒုတိယ၊ တတိယဆုရ ကျေးရွာများနှင့် ကျေးရွာအုပ်စု အဆင့် ပထမ ၊ ဒုတိယ ၊ တတိယရရှိသည့် ကျေးရွာများအား ရွေးချယ်၍ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိထွေးနှင့် တိုင်းဦးစီးမှူး ဦးကိုကိုနိုင်တို့က ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ပူးပေါင်းဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း ပထမနှစ်စက်ဝန်းတွင် လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးရွာ ၂၆၁ ရွာ စီမံကိန်းလုပ်ငန်းခွဲ ၂၇၀ ရှိရာတွင် ပြီးစီးသည့်လုပ်ငန်းခွဲ ၁၇၀ မှ ကျေးရွာများအား ဂုဏ်ပြုချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုဆောင်ရွက်

ကျွန်းလှ ဩဂုတ် ၃၁

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်းပြီး အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနားကို ဩဂုတ် ၃၀ ရက် နံနက် ၁၀ နာရီက ပိတောက်မြိုင်ရပ်ကွက် မူလတန်းလွန်ကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာန သူနာပြု(၁)ဒေါ်မြင့်မြင့်အေးက အိုင်အိုဒင်းဆားစားသုံးခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများကိုလည်းကောင်း၊ အာဟာရပြည့်ဝသော အစားအစာအုပ်စုများအကြောင်းကိုလည်းကောင်း ပညာပေးဟောပြောခဲ့သည်။

ယင်းနောက် မြို့နယ်ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူ ၁၈၅ ဦးအား အရပ်တိုင်းခြင်း၊ ပေါင်ချိန်ခြင်း၊ အိုင်အိုဒင်းဓာတ်ပါဝင်မှု ရှိ-မရှိ စစ်ဆေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

မျိုးဝင်းညီ(ကျွန်းလှ)

ကရင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နယ်နိမိတ်ရေးရာနှင့် နယ်စပ်ရေးရာသင်တန်း ပို့ချ

မြဝတီ ဩဂုတ် ၃၁

ကရင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နယ်နိမိတ်ရေးရာနှင့် နယ်စပ်ရေးရာသင်တန်းကို ဩဂုတ် ၂၉ ရက်နှင့် ၃၀ ရက် နှစ်ရက်တိုင်တိုင် သောင်ရင်းခန်းမဆောင်၌ ပြုလုပ်ရာ သင်တန်းဒုတိယနေ့ ဩဂုတ် ၃၀ ရက်က နိုင်ငံခြားရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသိန်းတင်က ဘာသာရပ်ဆိုင်ရာ အချက်အလက်များကို ပို့ချခဲ့ကြောင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ယင်းသို့ သင်တန်းပို့ချနေမှုအား သင်တန်းသားများဖြစ်ကြသည့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ ဒုခရိုင်မှူး ဦးစည်သူရှိန်း၊ ခရိုင်ရဲမှူးကြီးတင်မျိုးထူး၊ မြို့နယ်စည်ပင်ကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေ၊ မြို့နယ်စည်ပင်သာယာမှ ဒုညွှန်မှူး ဦးကျော်ကျော်ဦး အပါအဝင် ဌာနဆိုင်ရာများ၊ BGF တပ်မတော်မှအရာရှိများ၊ KNU၊ DKBA ကလို့ထူးဘောမှ တာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့အစည်းများမှပုဂ္ဂိုလ်များ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **တင်ဝင်းလှိုင်(ကော့ကရိတ်)**

ပွဲစား၏တရားမဝင်ပို့ဆောင်ခြင်းခံရသော မြန်မာနိုင်ငံသား ၁၀ဦး မြဝတီနယ်စပ်သို့ပြန်လည်ရောက်ရှိ

မြဝတီ ဩဂုတ် ၃၁

ထိုင်းနိုင်ငံသို့ ငွေကျပ် ၉၀၀၀၀၀ အကုန်ကျခံသွားရောက်ခဲ့သော်လည်း ပွဲစား၏ တရားမဝင် ပို့ဆောင်ခံရခြင်းကြောင့် မြန်မာနိုင်ငံသား ၁၀ ဦး ဩဂုတ် ၂၈ ရက်က မြဝတီနယ်စပ်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း မြဝတီမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

မန္တလေးတိုင်းဒေသကြီး လယ်ဝေးမြို့နယ် ပင်လောင်းအုပ်စု ကျောက်အိုရွာတွင် နေထိုင်သည့် ချစ်စမ်းအောင်အပါအဝင် ကျား သုံးဦး၊ မ ခုနစ်ဦးတို့သည် ဇွန်လအတွင်းက ထိုင်းနိုင်ငံသို့ အလုပ်သွားလုပ်ရန်သွားရောက်ခဲ့ရာ တစ်လကျော်ကြာသည့်တိုင် အလုပ်အကိုင်ရှိခြင်း မရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ကျောက်အိုရွာသား ၁၀ ဦးအား မန္တလေးတိုင်းဒေသကြီး တပ်ကုန်းမြို့ ဆရာစံရပ်ကွက်နေ မျိုးဇော်ဆိုသူက တစ်ဦးလျှင် မြန်မာငွေကျပ် ၉၀၀၀၀၀ ယူပြီး ထိုင်းနိုင်ငံ လရောင်းမြို့ရှိ ငါးသေတ္တာစက်ရုံသို့ ပို့ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း နေရပ်ပြန်ရောက်လာသော မြန်မာအလုပ်သမားများထံမှ သိရသည်။

ယင်းသို့ ပို့ဆောင်ရာတွင် မျိုးဇော်ဆိုသူက ၎င်းတို့အား လယ်ဝေးမြို့မှတစ်ဆင့် မော်တော်ယာဉ်ဖြင့်ခေါ်ဆောင်လာခဲ့ရာ ကော့ကရိတ်မြို့သို့ရောက်ရှိစဉ် လမ်းကြောင်းအခြေအနေ မကောင်းဟုဆိုကာ ကော့ကရိတ်မှ မော်လမြိုင်သို့ လမ်းကြောင်းပြောင်းခေါ်ဆောင်သွားခဲ့ပြီး ထားဝယ်-ထီးခီးလမ်းကြောင်းအတိုင်း ပို့ဆောင်ပေးခဲ့ရာ ဇူလိုင် ၃ ရက်တွင် ထိုင်းနိုင်ငံ လရောင်းမြို့သို့ရောက်ရှိခဲ့ကြောင်း အဆိုပါ အလုပ်သမားများထံမှ သိရသည်။

သို့ရာတွင် လရောက်မြို့သို့ ရောက်ရှိခဲ့သော်လည်း အလုပ်အကိုင်ရရှိခြင်းမရှိဘဲ နေထိုင်စားသောက်ရေး ခက်ခဲလျက်ရှိပြီးနောက် ငါးသတ္တာစက်ရုံတွင် ရှစ်ရက်သာ အလုပ်လုပ်ကိုင်ခွင့်ရရှိခြင်းကြောင့် နေရပ်သို့ ပြန်လာရခြင်းဖြစ်ကြောင်း ယင်းတို့က ဆက်လက်ပြောကြားသည်။

"အလုပ်အကိုင် လုပ်ခွင့်မရတဲ့အတွက် ပွဲစား မျိုးဇော်ဆီသို့ ဖုန်းလှမ်းဆက်ပြီး ပြောခဲ့ပေမယ့် တရားဝင်အထောက်အထား ပြည့်စုံအောင် ပြုလုပ်ပေခြင်းမရှိဘဲ နေထိုင်ခွင့် ပန်းရောင်ဘတ်ကတ်သာ ပြုလုပ်ပေခဲ့ပါတယ်" ဟု မြဝတီနယ်စပ်မှ ပြန်လည်ရောက်ရှိလာသည့် မြန်မာလုပ်သား ကိုချစ်စမ်းအောင်က ပြောသည်။

ယခုကဲသို့ ပြန်လည်ရောက်ရှိလာခြင်းမှာ အလုပ်သမား ချစ်စမ်းအောင်သည် online မှတစ်ဆင့် ထိုင်းနိုင်ရှိ မြန်မာသံရုံး ဖုန်းနံပါတ်အားရရှိကာ ဆက်သွယ်မှုဖြင့် အထောက်အထားမဲ့ မြန်မာအလုပ်သမား ၁၀ ဦးအား သံရုံးထောက်ခံချက်နှင့်အတူ ဗန်ကောက်မှ တစ်ဆင့် မဲဆောက်မြို့သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ယင်းနောက် ထိုင်းနိုင်ငံ မဲဆောက်မြို့ရှိ ယာယီချုပ်နှောင်သည့် ထိုင်းလ-၀-က အချုပ်မှတစ်ဆင့် မြဝတီမြို့ အမှတ်(၅)ရပ်ကွက်ရှိ (၉၉၉)ဂိတ်ဟောင်းသို့ ပို့ဆောင်ပေးခဲ့သဖြင့် မြဝတီမြို့ရှိ သက်ဆိုင်ရာဌာနများမှ ဂိတ်လုံခြုံရေးတာဝန်ကျ နယ်ခြားစောင့် တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြဝတီ-နေပြည်တော်ယာဉ်လိုင်းဖြင့် အဆိုပါ အလုပ်သမားများအား ဆက်လက်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

တင်ဝင်းလွှင်(ကော့ကရိတ်)

မျိုးသန့်မျိုးပွားမိုးစပါးစိုက်ခင်းတွင် မျိုးကွဲပယ်ခြင်းဆောင်ရွက်

သံဖြူဧရပ် ဩဂုတ် ၃၁

မွန်ပြည်နယ် သံဖြူ ဇရပ်မြို့နယ် ကော့လေးကျေးရွာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် မျိုးသန့်မျိုးပွား မိုးစပါးစိုက်ခင်း(RS-CS) မျိုးကွဲပယ်ခြင်းနည်းစနစ်အား တောင်သူများထံ နည်းပညာပေးခြင်းကို ကော့လေးကျေးရွာရှိ ကွင်းအမှတ်(၉၈၄) ဦးပိုင်အမှတ်(၄/၁) တောင်သူ ဦးကွန်ချမ်း၏ လယ်မြေ၌ စိုက်ပျိုးထားသော ပေါ်ဆန်းရင်စပါး စိုက်ခင်းတွင် ဩဂုတ် ၂၉ ရက် နံနက်က ဆောင်ရွက်ခဲ့သည်။

မျိုးကွဲပယ်ခြင်း ကွင်းဆင်းဆောင်ရွက်ရာ သို့မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်လင်း၊ မြို့နယ်စိုက်ပျိုးရေးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ကော့လေးကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ အုပ်ချုပ်ရေးမှူးနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်ကြပြီး မြို့နယ်စိုက်ပျိုးရေးဌာန ဦးစီးအရာရှိ ဒေါ်ယဉ်အိမ်က မျိုးကွဲပယ်ခြင်းစနစ်များကို ကွင်းအတွင်း တောင်သူများအား လက်တွေ့သရုပ်ပြခဲ့သည်။

ကျော်ဝင်း(ပြန်/ဆက်)

မျိုးသန့်မျိုးစေ့ထုတ်လုပ်တောင်သူများအား စိုက်ပျိုးရေးနည်းပညာပေးဆွေးနွေး

ဗန်းမောက် ဩဂုတ် ၃၁

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူး၍ စိုက်ပျိုးရေးနည်းပညာဆွေးနွေးပွဲကို ဩဂုတ် ၂၇ ရက် နံနက် ၁၀ နာရီခွဲက စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပခဲ့ရာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ယင်းအခမ်းအနားတွင် တိုင်းဒေသကြီး မျိုးစေ့တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်သင်းကျော်က မျိုးသန့် မျိုးစေ့ထုတ်လုပ်ခြင်းနည်းပညာများ၊ မျိုးစေ့ဥပဒေဆိုင်ရာများအကြောင်း၊ မျိုးစေ့ထုတ်လုပ်သူအသင်း (Seed Grower Association) ဖွဲ့စည်းဆောင်ရွက်ပုံများကို အသေးစိတ်ဆွေးနွေးပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဦးစီးအရာရှိ ဒေါ်စန်းမြင့်လွင်က သီးနှံကာကွယ်ရေးဆိုင်ရာများအကြောင်း၊ ပိုးသတ်ဆေးဥပဒေများအကြောင်းတို့ကို အသေးစိတ် ဆွေးနွေးခဲ့သည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဟန်စိုးက မြို့နယ်အတွင်း မိုးစပါး GAP စံပြကွက်များ မျိုးသန့်မျိုးစေ့ထုတ်ကွက်များ စိုက်စနစ် စမ်းသပ်ကွက်များ စိုက်ပျိုးပုံအဆင့်ဆင့် ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် စိုက်ပျိုးရေးနည်းပညာများကို ဆွေးနွေးခဲ့သည်။

ယင်းနောက် တိုင်းမျိုးစေ့တာဝန်ခံ၊ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် ကွင်းဝန်ထမ်းများက GAP စံပြကွက်များ မျိုးသန့်မျိုးစေ့ထုတ်လုပ်ကွက်များ ဆောင်ရွက်ထားရှိမှုတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ကျော်စွာ(ဗန်းမောက်)

ကျေးရွာပြည်သူလူထုများအား အသိပညာပေး ဟောပြောပွဲကျင်းပ

ပင်လောင်း ဩဂုတ် ၃၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် နန်းတုတ်ကျေးရွာအုပ်စု လွယ်ကျိုင်းကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ကျေးရွာပြည်သူလူထုများအား အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၉ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွေး ကအမှာ စကားပြောကြားပြီး၊ မြို့နယ်ရဲတပ်ဖွဲ့ ရဲအုပ်ဘက်နိုင်လင်းက မူးယစ်ဆေးဝါးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကိုလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းလင်း ကလူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ လူကုန်ကူးမှုနှင့်ဆက်နွယ်လာသည့် ဆိုးကျိုးအန္တရာယ်များကို လည်းကောင်း ဟောပြောခဲ့ကြသည်။

ဆက်လက်၍ ဟောပြောပွဲသို့တက်ရောက်လာသည့် နန်းတုတ်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာပြည်သူလူထုတို့က သိရှိလိုသည်များကိုမေးမြန်းကြပြီး တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြသည်။

ယင်းနောက် မြို့နယ် အုပ်ချုပ်ရေးမှူးနှင့်ဌာနဆိုင်ရာတို့က နန်းတုတ်ကျေးရွာအုပ်စုအတွင်း စာသင်ကျောင်းများကို သွားရောက် ကြည့်ရှုကြကြောင်း သိရသည်။

ခွန်အာကာစိုး(ပင်လောင်း)

မူးယစ်ဆေးဝါး၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲ၌ KNU ငြိမ်းချမ်းရေးအဖွဲ့နှင့် ရဲတပ်ဖွဲ့များ ပူးပေါင်းဆောင်ရွက်

ဘားအံ ဩဂုတ် ၃၁

ကရင်ပြည်နယ် ဘားအံမြို့နယ် သာယာကုန်းကျေးရွာအုပ်စု သာယာကုန်းအလယ်တန်းကျောင်းခွဲ၌ ကျောင်းသူ၊ ကျောင်းသားလေးများအား ဩဂုတ်၂၇ ရက် နံနက် ၁၀ နာရီတွင် ဘားအံယာဉ်ထိန်းတပ်ဖွဲ့မှ ဒုရဲမှူး ထွန်းထွန်း၊ အိန္ဒြနယ်မြေရဲစခန်းမှူး ရဲအုပ်ဇော်နိုင်အောင်၊ သာယာကုန်းရဲကင်းမှူး ရဲအုပ်စိုးမင်းအောင် ဦးစီးအဖွဲ့တို့က မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ကော့စိန်ဘန်အောက်ကျေးရွာအုပ်စု မူးတခွီးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ အိန္ဒြနယ်မြေရဲစခန်းမှူး ရဲအုပ်ဇော်နိုင်အောင် KNU ကရင်အမျိုးသားအစည်းအရုံးမှ ဒုံရင်းဂွင်ဥက္ကဋ္ဌ ဦးမန်းထိန်းလင်းတို့က မူးယစ်ဆေးဝါး အသိပညာပေးခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းများ ဟောပြောခဲ့ရာ ရဲအုပ်ဇော်နိုင်အောင်က မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုများ၊ ပြစ်မှုပြစ်ဒဏ်များအား ရှင်းလင်းပြောကြားခဲ့ပြီး မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးတွင် ပြည်သူများက ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြစေလိုကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် KNU ကရင်အမျိုးသားအစည်းအရုံး ဒုံရင်းဂွင်ဥက္ကဋ္ဌ ဦးမန်းထိန်းလင်းက မူးယစ်ဆေးဝါးအသိပညာပေးခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းများကို ကရင်တိုင်းရင်းသား ဘာသာစကားဖြင့် ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

KNU ငြိမ်းချမ်းရေးအဖွဲ့အနေဖြင့် ဒေသခံတိုင်းရင်းသားလူငယ်များ မူးယစ်ဆေးဝါးသုံးစွဲမှု ရောင်းဝယ်ဖောက်ကားမှုများ လျော့နည်းကျဆင်းရေးအတွက် ပညာပေးဟောပြောမှုများအား ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဒေသတွင်းမူးယစ်ဆေးဝါးသုံးစွဲ၊ ရောင်းဝယ်လုပ်ကိုင်နေမှုများကိုလည်း ရဲတပ်ဖွဲ့နှင့် ပူးပေါင်းလက်တွဲဖော်ထုတ်သွားမည်ဖြစ်ကာ မူးယစ်ဆေးဝါး ဆန့်ကျင်ရှုတ်ချမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထွန်းထွန်းထွေး (ဘားအံ)

အာဟာရတိုက်ကျွေးရေးစီမံချက်ဖြင့် အခြေခံပညာမူလတန်းကျောင်းနှစ်ကျောင်း၌ နွားနို့အာဟာရတိုက်ကျွေး

ခင်ဦး ဩဂုတ် ၃၁

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ (SCHOOL PROGRAM) မူလတန်းကျောင်းသား၊ ကျောင်းသူများအား နွားနို့အာဟာရတိုက်ကျွေးရေးစီမံချက်အနေဖြင့် မူလတန်းကျောင်းများရှိ ကလေးများ မှတ်ဉာဏ်ဖွံ့ဖြိုးရေး၊ အာဟာရတိုး၍ ကျန်းမာကြီးခိုင်ရေးအတွက် ရည်ရွယ်ပြီး မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့က ဩဂုတ် ၂၉ ရက်တွင် ကျီးကန်ကျေးရွာ နှင့် ရေအေးကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများကို အာဟာရများ တိုက်ကျွေးခဲ့သည်။

ကျီးကန်ကျေးရွာ အ-မ-ကတွင် ကျောင်းသား၊ ကျောင်းသူ ၃၃ ဦးကိုလည်းကောင်း၊ ရေအေးကုန်း ကျေးရွာ အ-မ-ကတွင် ကျောင်းသား၊ ကျောင်းသူ ၃၈ ဦးကိုလည်းကောင်း နွားနို့နှင့် ကြက်ဥပြုတ် အာဟာရများ တိုက်ကျွေးခဲ့သည်။

ယင်းနောက် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာလှလှပြိုးက ကျောင်းကော်မတီများ၊ ကျေးရွာရပ်မိ၊ ရပ်ဖများနှင့် တွေ့ဆုံပြီး မြို့နယ်အတွင်း ကလေးငယ်များ နွားနို့သောက်သုံးရန် လုံလောက်သော နွားနို့ရရှိရေး၊ နို့စားနွား လုံလောက်မှုမရှိသဖြင့် ကျေးရွာများက ဒေသခံနွားမများကို မေထုန်မဲ့သားစပ်ခြင်းနည်းပညာဖြင့် မျိုးကောင်းမျိုးသန့် နို့စားနွားများရရှိရန် မွေး/ကု ဦးစီးဌာနက ဆောင်ရွက်ပေးနေကြောင်း၊ နွားပြာစိမ်းမျိုးများ၊ အသားစားနွားမျိုးများကိုလည်း ရရှိအောင်ဆောင်ရွက်ပေးနေကြောင်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ခင်ဦးစိုးဝေ

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း လုပ်ငန်းဆိုင်ရာသင်တန်းဖွင့်လှစ်

လွိုင်လင်း ဩဂုတ် ၃၁

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနမှ ဖွင့်လှစ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း လုပ်ငန်းဆိုင်ရာ သင်တန်း (၁/၂၀၁၆)ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃၀ ရက် နံနက် ၁၀ နာရီက အဆိုပါရုံး သင်တန်းခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

အစီအစဉ်အရ လွိုင်လင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးဇော် တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခေတ္တခရိုင်ဦးစီးမှူး ဦးဇေယျာမင်းနှင့် မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုတို့က အသီးသီးအမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ Lift Fund မှ Senior Development Planner ဦးခင်ဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ရေးဆွဲခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ခြောက်သောင်းကျော်ရှိကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ကျေးလက်ဦးစီးဌာန ဝန်ထမ်းများဖြင့် ကျေးရွာတိုင်းကို ရောက်ရှိရန်ခက်ခဲကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကျေးလက်နေပြည်သူများ ပူးပေါင်းပါဝင်မှသာလျှင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ယခုသင်တန်းတွင် လွိုင်လင်မြို့နယ်အတွင်းရှိကျေးရွာ ၁၅ ရွာမှ တစ်ရွာလျှင် သင်တန်းသားနှစ်ဦးနှုန်းဖြင့် စုစုပေါင်း ၃၀ ဦးကို လေးရက်ကြာ သင်တန်းပို့ချသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်းလုပ်ငန်းဆိုင်ရာ သင်တန်းဖွင့်ပွဲသို့ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသော ဧည့်သည်များ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မိုးလွင်ဦး (လွိုင်လင်)

ကျေးလက်စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် စာကြည့်တိုက်များသို့ သုတရသ စာအုပ်များ လျှောဒါန်း

ပုလဲ ဩဂုတ် ၃၁

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းမြင့်သည် ပုလဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးမြင့်သိန်းစိုးနှင့်အတူ ဩဂုတ် ၂၉ ရက် မွန်းလွဲ ၂ နာရီက ရွာသာကျေးရွာ ဒို့ကျေးရွာ စာကြည့်တိုက်သို့ ရောက်ရှိရာ ကျေးရွာ စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံ၍ စာကြည့်တိုက် ရေရှည်ရှင်သန်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် သုတရသစာအုပ်မျိုးစုံ စာအုပ် ၁၀၀ ကို ပေးအပ်လျှောဒါန်းရာ ကျေးရွာစာကြည့်တိုက်မှူး ဦးဘိုသန်းက လက်ခံရယူခဲ့သည်။

ပုလဲမြို့နယ် လိန်ကုန်းကျေးရွာ တက်နေထွန်းစာကြည့်တိုက်သို့ သွားရောက်၍ စာကြည့်တိုက်ကော်မတီဝင်များနှင့် စာဖတ်ရှိန်မြှင့်တင်ရေးဆွေးနွေးပွဲကို ပြုလုပ်ရာ ခရိုင်ပြန်/ဆက်ဦးစီးမှူး ဦးဆန်းမြင့်က "ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတစ်နိုင်ငံအတွက် သဘာဝသယံဇာတ ပစ္စည်းများက အရေးပါသလို လူသားစွမ်းရည်နဲ့ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကလည်း အဓိကကျတဲ့ အခန်းကဏ္ဍမှာပါဝင်နေပါတယ်။

"ဒါကြောင့် မိမိတို့နိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတွေ ဖွံ့ဖြိုးတိုးတက်ဖို့၊ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကျေးရွာ အတွင်းမှာ နေထိုင်ကြတဲ့ မိဘပြည်သူများရဲ့ အသိစိတ်ထဲမှာ ပညာဘဏ်တိုက် ကျေးလက်စာကြည့်တိုက်က စာဌားသူ၊ စာဖတ်သူများနဲ့ သက်ဝင်လှုပ်ရှား စည်ကားနေဖို့ အရေးကြီးတယ်ဆိုတဲ့ အသိကို မွေးပြီးအစိုးရတစ်ဖွဲ့တည်း၊ ဌာနတစ်ခုတည်းကို အားမကိုးဘဲ စေတနာရှင်အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက ပူးပေါင်းပါဝင်ပြီး တက်ညီလက်ညီ ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်" ဟုပြောသည်။

ယင်းနောက် ပုလဲမြို့နယ် လိန်ကုန်းကျေးရွာ တက်နေထွန်းစာကြည့်တိုက်အတွက် ယင်းမာပင်ခရိုင် ပြန်/ဆက်ဦးစီးမှူး ဦးဆန်းမြင့်က သုတရသ စာအုပ်မျိုးစုံ ၅၀ ကို လည်းကောင်း၊ ပုလဲမြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးမြင့်သိန်းစိုးက သုတရသစာအုပ်မျိုးစုံ ၅၀ ကို လည်းကောင်း ပေးအပ်လျှောဒါန်းရာ ကျေးရွာစာကြည့်တိုက် ကော်မတီဝင်များက လက်ခံရယူခဲ့ကြောင်း သိရသည်။

မြို့နယ်ပြန်/ဆက်

ပြိုနှယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပ

မော်လိုက် ဩဂုတ် ၃၁

၂၀၁၆ ခုနှစ် မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေး (TSDP)အစီအစဉ်အဖြစ် ကျင်းပပြုလုပ်သည့် မော်လိုက်မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်နှင့် ကျေးရွာအလိုက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၂၇ ရက် ညနေ ၃ နာရီခွဲတွင် မော်လိုက်မြို့ ပြည်သူ့အားကစားကွင်း၌ ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ခရိုင်/မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဘောလုံးဝါသနာရှင်များနှင့် ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါဗိုလ်လုပွဲတွင် ကျောင်းမြောက်ရပ်ကွက်ကိုယ်စားပြုအသင်းနှင့် ကျောင်းတောင် ရပ်ကွက် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပင်နယ်တီအဆုံးအဖြတ်ဖြင့် ကျောင်းမြောက်ရပ်ကွက်အသင်းမှ ကျောင်းတောင် ရပ်ကွက်အသင်းအား ၈ဝးဝိုး-သုံးဝိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ဆက်လက်ပြီး ဆုပေးပွဲအခမ်းအနားကို ကျင်းပပြုလုပ်ရာ မော်လိုက်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးနှင့် တာဝန်ရှိသူတို့က အရှေ့တန်းအကောင်းဆုံးကစားမားဆု၊ အလယ်တန်း အကောင်းဆုံးကစားသမားဆု၊ အနောက်တန်းအကောင်းဆုံးသမားဆု၊ ဂိုးသမားအကောင်းဆု၊ ပွဲစဉ်တလျှောက် အကောင်းဆုံးကစားသမားဆုနှင့် ပထမဆု၊ ဒုတိယဆုရရှိကြသည့် အသင်းများအား ဆုငွေနှင့် ဒိုင်းဆုများ အသီးသီးပေးအပ်ခဲ့ကြကြောင်း သိရသည်။

မော်လိုက်သားလေး

ဦးပိန်တံတားအနောက်ထိပ်မှ သမ္မုဒ္ဓေစေတီတော်နှင့် သတ္တဌာနဘုရားကိုဖူးမြော်နိုင်

မန္တလေး ဩဂုတ် ၃၁

မန္တလေးမြို့အနီး ရှိအမရပူရမြို့မှာ သမိုင်းဝင်နေရာများစွာဖြင့် စိတ်ဝင်စားဖွယ်ရာ နေရာတစ်ခုပင်ဖြစ်သည်။ မန္တလေးမြို့သို့ လာရောက်လည်ပတ်သော နိုင်ငံတကာ ခရီးသွားဧည့်သည်များမှာ အမရပူရရှိတောင်သမန်အင်းနှင့် ဦးပိန်တံတားကို မရောက်ပါက မန္တလေးကိုရောက်သည်ဟု မဆိုနိုင်ကြောင်း ဆိုထားသည်။

တောင်သမန်ဝန်းကျင်တွင် စိတ်ဝင်စားဖွယ်ရာ မျှားစွာတည်ရှိနေပေသည်။ ထိုအထဲတွင် စာတော်ပြင်အရာရှိ ဦးပညာ အမရပူရမြို့ ကသည်းဈေးမှ ဈေးကောက်ရင်ငွေများဖြင့် တည်ထားသော သတ္တဌာနဘုရားနှင့်သမ္မုဒ္ဓေစေတီလည်းပါဝင်သည်။ ထိုဘုရားများ တည်ထားခဲ့ခြင်းအကြောင်းမှာ ဘိုးတော်ဘုရား၊ ဦးပေါ်ဦးတို့နှင့် ဆက်စပ်ကာ စိတ်ဝင်စားဖွယ်ပင်ဖြစ်သည်။

အမရပူရခေတ် ဘိုးတော်ဘုရားလက်ထက်တွင် ဦးပေါ်ဦးမှ ဆရာတစ်ဆုအဖြစ် ဆည်းကပ်ရသောဆရာကြီး ဦးပညာဆိုသူရှိခဲ့သည်။ ဦးပညာမှာ အင်းဝတွင်နေထိုင်ကာ ကြိုးကျစ်လုပ်ငန်း လုပ်ကိုင်စားသောက်ပြီး မထင်မရှားနေ ထိုင်ခဲ့သည်။ ဘိုးတော်ဘုရားမှ ဦးပေါ်ဦးအားသတ္တဌာနဘုရား တည်နေဟန် အမေးကိုမေးမြန်းသည့်အခါ ဦးပေါ်ဦးမှာ ဆရာ့ထံချဉ်းကပ်မေးမြန်းပြီးမှ ဖြေဆိုခဲ့သည်။ ထိုဖြေဆိုချက်မှာ ဆရာဖြစ်သူဦးပညာထံတွင်မေးမြန်းပြီးမှ ဖြေဆိုကြောင်းကို ဘိုးတော်ဘုရားထံ အမှန်အတိုင်း လျှောက်ထားခဲ့ရာမှ ဦးပညာကို အမရပူရမြို့တော်သို့ခေါ်ကာ စာတော်ပြင်အရာရှိ ခန့်ထားခဲ့သည်။

စာတော်ပြင်ဦးပညာမှာ အမရပူရမြို့ ကသည်းဈေးမှတစ်နေ့လျှင် ခြောက်ပြားနှုန်း ဈေးကောက်ကောက်ကာ တောင်သမန်အင်းအနောက်ဘက် ဦးပိန်တံတားအနောက်ထိပ် တောင်မင်းကြီးအနောက်မြောက်ဘက်တွင် သတ္တဌာနစံနေတော်မူဟန် ဂူပုထိုးများကို တည်ထားခဲ့သည်။ စေတီတော်များမှာ လှိုဏ်ခံစေတီတော်များဖြစ်သည်။ သတ္တဌာနဘုရားဘေးတွင်လည်း ကွန်းတော်ပုံ သဏ္ဌာန် ဂူလှိုဏ်ပေါက်ကလေးများ ပြုလုပ်ကာ ဘုရားတစ်ဆူတည် ထားခဲ့သည်။ ထိုစေတီတော်မှာ ဂဂ်ါဝါဌပွင့်တော်မူကုန်သော ဘုရားရှင်များကို ရည်မှန်းကာ (၈၈၈) ဆူသော ဘုရားရုပ်ပွားတော်များကို ထည့်သွင်းပူဇော်ထားသောသတ္တဒ္ဓေစေတီတော် ပင်ဖြစ်သည်။ ထိုစေတီတော်များအပြင် အတွင်းအောင်ခြင်းရှစ်ပါး အပြင်အောင်ခြင်းရှစ်ပါးကို သရုပ်ဖော်ကာတည်ထားသော အောင်ခြင်းရှစ်ပါး စေတီတော်ကိုလည်း တည်ထားခဲ့သည်။

ယခုအခါတွင် တောင်သမန်အင်း ဦးပိန်တံတားသို့ လာရောက်လည်ပတ်သူများ ဦးပိန်တံတားအနောက်ထိပ် တောင်မင်းကြီးဘုရားအနီးတွင် တည်ရှိသောအမရပူရခေတ် စာတော်ပြင်အရာရှိ ဦးပညာမှ ဈေးကောက်ရင်ငွေများဖြင့် တည်ထားခဲ့သော စေတီတော်များကို ကြည်ညိုဖွယ်ဖူးတွေ့နိုင်သည်။

တိမ်တမန်

ဦးပိန်တံတားအနောက်ထိပ်မှ သမ္မုဒ္ဓေစေတီတော်နှင့် သတ္တဌာနဘုရားကိုဖူးမြော်နိုင်

မောင်တောမြို့ အခြေခံအိမ်တွင်းမှုသင်တန်းနှင့် အဆင့်မြင့်စက်ချုပ်သင်တန်းဖွင့်လှစ်

မောင်တော ဩဂုတ် ၃၁

အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ် (၄၈/၂၀၁၆)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း (၄၄/၂၀၁၆) ဖွင့်ပွဲအခမ်းအနားကို မောင်တောမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းခန်းမ၌ ဩဂုတ် ၂၉ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးခင်မောင်ဇော်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မောင်တောမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာကြည်က သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များအား ရှင်းလင်း ပြောကြားသည်။

ထို့နောက် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးခင်မောင်ဇော်နှင့် တာဝန်ရှိသူများက သင်တန်းခန်းမအတွင်း ပြသထားသည့် သင်ထောက်ကူပစ္စည်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။ အခြေခံ အိမ်တွင်းမှုသင်တန်းသို့ သင်တန်းသူ ၄၀၊ အဆင့်မြင့်စက်ချုပ်သင်တန်းသို့ သင်တန်းသူ ၂၀ စုစုပေါင်း ၆၀ တက်ရောက်ကြကြောင်း သိရသည်။

မောင်တောခရိုင် ပြန်/ဆက်

အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း သင်တန်းဖွင့်ပွဲ ယင်းမာပင်မြို့တွင် ကျင်းပ

ယင်းမာပင် ဩဂုတ် ၃၁

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်း ၏ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၂၉) အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ် (၃၃) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ်၂၉ ရက် နံနက် ၁၀ နာရီက အဆိုပါ သင်တန်းကျောင်းတွင် ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သန့်ဇင်က အဖွင့်အမှာစကားပြောကြားပြီး သင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးဒေါ်အေးအေးသောင်းက သင်တန်းနှင့် ပတ်သက်၍စီစဉ်ထားမှုများကို ရှင်းလင်းတင်ပြခဲ့သည် ။

ဖွင့်ပွဲသို့ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြဆရာမများ၊ အဆင့်မြင့်စက်ချုပ်သင်တန်းသူများနှင့် အခြေခံအိမ်တွင်းမှု သင်တန်းသူများ တက်ရောက်ခဲ့သည်။

မေသရဖူး

ကျိုင်း(ဈာသပြင်)တံတားစစ်ဆေးရေးဂိတ်တွင် ဩဂုတ်လ ၂၉ ရက် နံနက် ၉ နာရီ မိနစ် ၅၀ မှ ၁၂ နာရီ မိနစ် ၂၀ အထိ တံတားစစ်ဆေးရေးတာဝန်ခံအရာရှိ ရဲအုပ်မြေဝင်း ဦးစီးတပ်ဖွဲ့ဝင်များနှင့် ဈာသပြင်နယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်မျိုးမင်းဆွေ ဦးစီးတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့ဖြင့် ယာဉ်မတော်တဆမှု လျော့နည်းကျဆင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေ ကြပ်မတ်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စည်းကမ်းဖောက်ဖျက်သည့် ဆိုင်ကယ်လေးစီးအား ဖမ်းဆီးပြီး ယာဉ်မောင်းများအား မော်တော်ယာဉ် ဥပဒေပုဒ်မ-၆၂ အရ အရေးယူခဲ့ကြောင်းသိရသည်။

သတင်းနှင့်ဓာတ်ပုံ- ထွန်းထွန်းထွေး(ဘားအံ)

တန်ဖိုးနည်းအာဟာရပြည့်ချက်ပြုတ်သရုပ်ပြပွဲနှင့် အာဟာရရက်သတ္တပတ်လှုပ်ရှားမှု အသိပညာပေး

စဉ့်ကိုင် ဩဂုတ် ၃၁

စဉ့်ကိုင်မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ အာဟာရပြည့်ဝစေခြင်းဖြင့် ကျန်းမာသန်စွမ်း၍ ဉာဏ်ရည်မြင့်မားစေရန် ရည်ရွယ်ကာ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုများကို မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ဩဂုတ် ၃၀ ရက်ကကျင်းပခဲ့သည်။

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုဆောင်ရွက်ရာတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စောသီတာခင်က အမှာစကားပြောကြားပြီး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဦးမျိုးသက်ဦးက ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး၊ အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးတို့ကိုဆောင်ရွက်ခဲ့ကြပြီး မိခင်နို့စနစ်တကျတိုက်ကျွေးရေး၊ နို့တိုက်မိခင်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရချက်ပြုတ်ကျွေးခဲ့ကြောင်း သိရသည်။

ဖိုးအောင်(စဉ့်ကိုင်)

ပြာပုံအောက်ကကြာပန်း

ရန်ဝေ

မန္တလေးဆိုတာ အနုပညာနဲ့ တည်ဆောက်ခဲ့တဲ့မြို့ပါ။ သီချင်းသံတွေနဲ့ တာဝတီသာဆီ ပင့်တင်ထားခဲ့တဲ့မြို့ပါ။ ဒါကြောင့်လည်း မြန်မာမင်းနေပြည်တော် အဆက်ဆက် မန္တလေးရတနာပုံ နေပြည်တော်လောက် ထီးတဲ့၊ နန်းတဲ့မြို့တွေမများခဲ့ဘူးလို့ ပညာရှင်တွေသုံးသပ်ကြတာပါ။ သီချင်း၊ ဂီတနဲ့မြို့တော်ကို တည်ဆောက်တယ်။ သီချင်း၊ ဂီတနဲ့ထီးနန်းတည်ဆောက်တယ်။ သီချင်း၊ ဂီတနဲ့ တိုင်းသူပြည်သားစိတ်ဓာတ်မြှင့်တင်တယ်။ သီချင်း၊ ဂီတနဲ့ ဘုရင်ထီး ဘုရား အမြော်အမြင်ကို တည့်မတ်တယ်။ သီချင်း၊ ဂီတနဲ့ ယိုင်နဲ့မှုတွေတည့်မတ်တယ်။ သီချင်း၊ ဂီတနဲ့ကျိုးကြောင်းဆင်ခြင်စေခဲ့တယ်။ ဆိုလိုတာက လူရဲ့ပင်မဇာစ်မြစ်ဖြစ်တဲ့ နှလုံးသားကိုပဲထိရောက်စွာ သိမ်းသွင်းခဲ့တဲ့သဘောပါပဲ။ စိတ်မဏ္ဍိုင်မှတစ်ဆင့် ရုပ်ကိုပြုပြင်စေတဲ့ သဘော . . . ။

ဒီလို သီချင်း၊ ဂီတနဲ့ပျော်ရွှင်ကြည်နူးနေတဲ့ မန္တလေးမြို့ကြီးကို ၁၉၄၂ ခုနှစ် ဧပြီ ၃ ရက် (၁၃၀၃ ခုနှစ် နှောင်းတန်ခူးလဆုတ် ၄ ရက်၊ သောကြာနေ့) နံနက် ၁၁ နာရီ အချိန်မှာ ဂျပန်လေယာဉ်အစင်း ၈၀ ခန့်က တစ်မြို့လုံးပိုက်စိပ်တိုက် ပုံးကြဲလိုက်တာနှင့် အပျော်များကို ရုတ်ခြည်းသွန်မှောက်လိုက်ပြီး တုန်လှုပ် ချောက်ချားဖွယ်အနိဋ္ဌာရုံများ ဆိုင်းမဆင့်ပုံမဆင့် ရောက်လာပါတော့တယ်။ အစဉ်အဆက် ကိုယ့်ဥဉ်ခံ ကျင်းကျင်းလေးထဲမှာပဲ ကိုယ့်အရပ်နဲ့ကိုယ့်ဇာတ် ပျော်ပျော်နေတတ်တဲ့ မန္တလေးသူ မန္တလေးသားများအဖို့ ဂျပန်လေတပ်ကြီး ချီတက်တာကိုပဲ ကောင်းကင်ဘားဆပ်ကပ် ပြလေသလား ထင်မှတ်မှားပြီး လက်ခုပ် လက်ဝါးတီးကာ ပျော်ပျော်ကြီးကြည့်ကြရာက မှန်းချက်နဲ့ နှမ်းထွက်မကိုက်ဘဲ မီးကင်ဝုံးတွေစက်သေနတ်တွေနဲ့ ဒလစပ်ပစ်ခတ်ပါမှ "တကယ် ပစ်တာဟ၊ တကယ်ပစ်တာဟ၊ ပြေးကြဟ၊ ရှောင်ကြဟ"လို့ အော်ဟစ်ပုန်းအောင်းကြလို့ . . . သေလိုက်ကြတာက လည်း သောက်သောက်လဲတဲ့။ ဒီလိုနဲ့ မေလ ၁ ရက် (၁၃၀၄ ခုနှစ်၊ ကဆုန်လဆုတ် ၃ ရက်၊ သောကြာနေ့)မှာ ဂျပန်တွေ မန္တလေးတစ်မြို့လုံးသိမ်းပိုက်ပါတော့တယ်။

စစ်ရဲ့ အနိဋ္ဌာရုံကို သုံးနှစ်သုံးမိုးမျှသေကွဲကွဲကြ၊ ရှင်ကွဲကွဲကြနဲ့ နဖူးတွေ့ ဒူးတွေ့ခံ စားကြရပြီး ၁၉၄၅ ခု မတ်လ ၂၁ရက် (၁၃၀၆ ခု တန်ခူးလဆန်း ၉ရက်၊ ဗုဒ္ဓဟူးနေ့) မှပဲ ဂျပန်လက်အောက်က မန္တလေးမြို့ကြီး လွတ်မြောက်ခဲ့ပြီး . . . အရပ်ရှစ်မျက်နှာ ထွက်ပြေးကြတဲ့ မန္တလေးသူ၊ မန္တလေးသားတွေ ပြည်တော်ဝင် နိုင်ကြတာမဟုတ်ပါလား . . . ။ စစ်ကြီးပြီးပေမယ့် စစ်ဒဏ်ရာ ဒဏ်ချက်က နှလုံးသည်းပွတ်ကို ဆွဲကိုင်လှုပ်ရမ်းခံစားစေတော့ . . . မိမဲ့၊ ဖမဲ့၊ အလုပ်မဲ့၊ အကိုင်မဲ့၊ အိုးမဲ့၊ အိမ်မဲ့ဖြစ်ကြရတော့ ပညာမဲ့၊ ဉာဏ်မဲ့၊ အသိမဲ့ကြတာမဆန်းပါဘူး . . . ။ ကမ္ဘာပေါ်က မည်သည့်နိုင်ငံ၊ မည်သည့်တိုင်းပြည်၊ မည်သည့်နေရာဒေသ၊ မည်သည့်လူမျိုးဖြစ်စေ . . . စစ်ဆိုတာနဲ့ ဒီအနိဋ္ဌာရုံတွေ၊ ဒီဆိုးကျိုးတွေ ခံစားကြရသူချည်းပါ။

ဒီတော့ စစ်ကြီးအပြီး မန္တလေးမှာ လူငယ်လူရွယ် လူလတ်ကျားမ မဟူ စိတ်ဓာတ်တွေပျက်စီးကုန်ပါပြီ။ ရှိ့ထဲ့ဗွက်ထဲ၊ ရေထဲမှာအိုးမဲ့ အိမ်မဲ့ဖြစ်ကြပေမယ့် အဝတ်အစား၊ အပျော်အပါးက မလျော့ကြပါဘူး။ ပိုဆိုးတာက အလောင်းအစား၊ အသောက်အစားတွေပါ ပိုကဲလာတာမျိုးပါ။ မန္တလေးသူ ကုမ္ဘာရီလေးတွေ ကလည်းအလုပ်မရှိ၊ စားစရာမရှိသာဖြစ်တာ. . . ညနေစောင်းတာနဲ့ နှုတ်ခမ်းနီ ပါးနီဆိုး အဝတ်အစားအပြိုင်ဝတ်ပြီး ဓာတ်ရှင်သွားကြ၊ ပွဲလမ်းသွားကြတော့တာပါ ပဲ . . . ။ အပျော်အပါးနောက်က ငွေကြေးက ဖဝါးခြေရာ ထပ်မလိုက်နိုင်တော့ လွယ်ကူတဲ့ငွေရှာလမ်းတွေ ဆီ ရောက်ကြတော့တာပါပဲ။

မန္တလေးသား လုလင်ပျိုများကလည်း စစ်တပ်တွေဆီက ကျန်ရစ်ခဲ့တဲ့နိုင်ငံခြားအရက်မျိုးစုံသောက်၊ ဘိန်းရှူ၊ အပျော်အပါးလိုက်၊ လောင်းကစားဝိုင်းထဲ အချိန်ကုန်ကြလေတော့ . . . လူတွေလည်း ရှူနာရှိုက်ကုန်း ခါးချိသာခွေ ယိုင်ဖြစ်လို့ပေါ့. . . ။

ကိုင်းဗျာ . . . ဒီကိုကို၊ ဒီမမတွေနဲ့ ဘယ်နှယ်လုပ်ပြီး တိုင်းပြည်လွတ်လပ်ရေး ဆောင်ရွက်နိုင်မှာတုံး။ ဒို့လူလေးများ ဆိုသလေ ဆိုရင် အရက်ဆိုင်၊ ဖဲဝိုင်းနဲ့ ပြည့်တန်ဆာအိမ်တွေထဲက တော်သလိုရော်သလိုကြည့်လုပ်ကြတာပေါ့ဆိုတဲ့ ညောင်နာနာ အသံတွေပဲ ထွက်လာမှာမဟုတ်လား . . . ။

ဒီတော့. . . အမြော်အမြင်ရှိတဲ့ မြို့မိမြို့ဖတွေ၊ ပညာရှင်ကြီးတွေ ခေါင်းချင်း ဆိုင်ကြရတော့တယ်။ ဒီပုံစံနဲ့ဆိုရင် မလွယ်ဘူးမောင်ရေ့ ဆိုတာမျိုးပေါ့လေ။

ဒီလူငယ်တွေကို အဲဒီဆိုင်၊ အဲဒီဝိုင်း၊ အဲဒီအိမ်တွေက ဆွဲထုတ်ရမယ်။ ပထမဆုံး သူတို့စိတ်ဓာတ်တွေပြင်ရမယ်။ နီးစပ်ရာ ရပ်ကွက်တိုင်း အသင်းအဖွဲ့၊ အစည်းအရုံးတွေဖွဲ့စည်းပြီး ကျားမဟူသမျှ ကာယဗလ လိုက်စားပြီး အမျိုးသား ကိုယ်လက်ကြံ့ခိုင်ရေး အဆင့်ကိုဆောင်ရွက်ကြရမယ်။ ဒါမှသာ လွတ်လပ်ရေး တိုက်ပွဲအတွက် ပုခုံးနဲ့လက်ပြင်၊ ကြောခြင်ကသံချောင်း ဖြစ်တော့မှာပေါ့ ဆိုပြီး . . . ၁၉၄၅ ခု ဒီဇင်ဘာလ ၂၉ ရက် (၁၃၀၇ ခု နတ်တော်လဆုတ် ၁၀ ရက်၊ စနေနေ့)မှာ "အထက်ဗမာနိုင်ငံ၊ ကိုယ်လက်ကျန်းမာရေး အသင်းကြီး"၏ ကာယဗလ ပြပွဲ" ကို မန္တလေးမြို့လယ် ၈၂ လမ်းနှင့် ၈၃ လမ်းကြား၊ ၃၁လမ်းနှင့် ၃၁လမ်းကြားက နေသူရိန်ဇာတ်ရုံကြီးမှာ ကျင်းပခဲ့တယ်။ မန္တလေးထုံးစံအတိုင်း ဆိုင်းနဲ့ဝိုင်းနဲ့၊ အဆိုနဲ့ အကနဲ့၊ ကဇာတ်နဲ့ ပြဇာတ်နဲ့ပါပဲ။ ထုံးစံအတိုင်း မြို့မဇြိမ်းတို့ ဦးရင်လေးတို့ဦးစီးပြီး မြို့မတီးဝိုင်းနဲ့ပါပဲ။ တီးဝိုင်းနာမည်ကိုတော့ "ကရဝိက်(သ)မြူးဆစ်" နဲ့ "ညှင်းတွဲ့တွဲ့" တီးဝိုင်းလို့ တစ်ပိုင်းစီမှာ နာမည်ပေးခဲ့တယ်။

ပထမပိုင်းအစီအစဉ်ရဲ့ ပဏာမအဖြစ် "အိုလံပစ်" ဆိုတဲ့သီချင်းကို တီးမှုတ်တယ်။ အမျိုးသားများ ကိုယ်လက်ကြံ့ခိုင်ရေး အတွက် မြို့မဇြိမ်းက ရည်ရွယ်စပ်ဆိုတာပါ။ အဲဒီ အချိန် ဇေယျာမောင်၊ ရွှေမန်းမောင်ဘွဲ့ရတဲ့ စစ်ကိုင်းသား ကိုလှမောင် (ရုပ်ရှင်မင်းသား ဇေယျ)တို့ ကိုဘသိန်းတို့ ဦးဆောင်ပြီး ကာယဗလမောင်များ ပါဝင်တဲ့ သရုပ်ပြမှုပါ။ အိုလံပစ် သီချင်းက မြန်မာလေးတင်းနဲ့ ဗိန်းမောင်းသံတွေကြားရသူတိုင်း ကြက်သီးမွေးညင်းထစရာပေါ့။ ဒီကနေ့အထိ သီဆိုကြဆဲသီချင်းပါပဲ။

နောက်အစီအစဉ်မှာ သီချင်း (၁) အဖြစ် အမျိုးသမီးများ၏ ကျန်းမာရေးလေ့ကျင့်ခန်းသရုပ်ပြ ဖြစ်တယ်။ "လူတစ်သက်တာ ဖြစ်လာခိုက်ဝယ်၊ စိတ်ကိုချမ်းသာခြင်းဟာ ကျန်းမာခြင်းနဲ့ ပြည့်စုံခြင်းသာ အရင်းခံဖြစ်တယ်. . . " အစချီတဲ့သီချင်းပါ။ သုံးပိုဒ်ပါတယ်။ ဒီနေရာမှာ ဆရာမြို့မဇြိမ်း ခေတ်မီပုံကို ပြောပြပါမယ်။ သီချင်း တတိယပိုဒ်မှာ . . . "တို့နေစာလုံမယ်၊ ဘောဇဉ်ခဲ့ဖွယ် ကန့်သတ်စားမယ်၊ လတ်ဆတ်ကောင်းရာဝယ်၊ သူ့လိုရင်းအနက်၊ သူ့ပရိုတင်းအချက်၊ တွင်းထွက်ဆား၊ အဆီသကြားကစီ၊ ကာဗိုဟိုက်ဒြိတ်ဓာတ်၊ ဗီတာမင်မျှလျှင်၊ အသက်ရှည်မယ်" လို့ရေးစပ်ခဲ့တယ်။

သီချင်း (၂) မှာက အခုထိထင်ရှားကျော်ကြားနေတဲ့ "ယဉ်တစ်ကိုယ်မယ်" သီချင်းကို ဆရာမြို့မဇြိမ်းက ရေးစပ်ပေးခဲ့တယ်။ "သန်မာထွားကျိုင်းပြီး ကမ္ဘာသူလယ် လျှောက်သွားမယ် အလွန်တင့်တယ် . . . " ဆိုတဲ့သီချင်းပါ။ ဒီသီချင်းရဲ့ ဒုတိယပိုဒ်မှာလည်း အလွန်ခေတ်မီလှတဲ့ ဆရာမြို့မဇြိမ်းရဲ့စကားလုံး ကတ်သီးကတ်သတ်တွေကို တွေ့ရသေးတယ်။ "ယဉ်မှုနှောင်းနွဲ့နွဲ့၊ ယဉ်တစ်ကိုယ်မယ်၊ ဟိုခေတ်ဝယ်၊ ယဉ်ကျေးတယ်၊ နူးညံ့ပျော့ပျောင်းသွယ်၊ ထွာဆိုင်လေးသစ်ငယ်၊ လူဗိုလ်ပုံလယ်၊ ထိုခါးကို၊ လေတိုးရင်၊ ကျိုးမှာလွန်စိုးတယ်. . . "။ ဆိုကြသမျှကတော့ "ထွာဆိုင်လေး သေးငယ်. . . "ချည်းပါပဲ။

မိန်းကလေးတစ်ယောက်ရဲ့ စံချိန်မီအလှနဲ့ပတ်သက်ပြီး ခေတ်မီစွာစပ်ဆိုခဲ့တာပါ။ "ထွာဆိုင်" ဆိုတာ မြန်မာ့အတိုင်းအထွာ အရ တစ်တောင်က ၁၈ လက်မရှိပါတယ်။ လက်လေးသစ်က ၄ လက်မပါ။ ဒီတော့ "တွာဆိုင်လေးသစ်"ဟာ ၁၈+၄=၂၂ လက်မပါပဲ။ ကျန်းမာသန်စွမ်းတဲ့ မိန်းကလေးတစ်ယောက်ရဲ့ အတိုင်းအထွာ ဟာ ၃၆၊ ၂၂၊ ၃၇ ဆိုတဲ့ အချိုးတဲ့ကိုက်ညီစေတာပါပဲ။

နောက်သီချင်း (၃) ကတော့ "အလံတော် ဒရိမ်း" ပါတဲ့. . . ။ ဒီသီချင်းမှာလည်း လေးပိုဒ်ပါတယ်။ "ခုနှစ်လွှား လန်းဆန်း၊ ခပ်ကြမ်းကြမ်း ကောင်းပါတယ်။ (ဗမာ)၃ လုံမယ် ကစားပြီးလေ့လာကာရယ်၊ ကိုယ်လက်လှုပ်ရှား ခွန်အားကြီးကြောင်းကိုကွယ်၊ မချ္ဏမချာ မာမာသန်သန်ကိုယ်ရည်သွေးပြချင်တယ်. . . " စတဲ့စာသားတွေ ဖြစ်တယ်။

